# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ ပြာသိုလပြည့်ကျော် (၁၀) ရက် ၊ တနင်္ဂနွေနေ့ ၊ (15-1-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၂၆၀)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ (၇၁)နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

(၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ (၇၁)နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**ချစ်ခင်လေးစားအပ်ပါသော ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားမိဘပြည်သူညီအစ်ကိုမောင်နှမများခင်ဗျား**

ယနေ့ ဇန်နဝါရီလ ၁၅ ရက်နေ့သည် ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် ကယားတိုင်းရင်းသားများအတွက် မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော (၇၁)နှစ်မြောက် ကယားပြည်နယ်နေ့ဖြစ်ပါသည်။

ယခုကဲ့သို့ နှစ်သစ်ကူးအခါသမယတွင်ကျရောက်သည့်

**စာမျက်နှာ ၁၈ ကော်လံ ၁ သို့**

(၇၁)နှစ်မြောက် ကယားပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်နယ် အားကစားကွင်းအတွင်း မီတာ ၄၀၀ Synthetic ပြေးလမ်းနှင့် ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ရေးအားကစားခန်းမတို့ကို ဖွင့်လှစ်

စာမျက်နှာ - ၁၆

သန့်ရှင်းသာယာသော မြို့ရွာများဖြစ်စေရေး ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များက အားတက်သရော ဆောင်ရွက်

စာမျက်နှာ - ၁၇

# ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တန်ချိန် သုံးသောင်း တိုက်ရိုက်တင်ပို့မှုမှ နောက်ဆုံးသင်္ဘော ပုသိမ်ဆိပ်ကမ်းမှ ထွက်ခွာ




ပုသိမ်စက်မှုမြို့တော်ဆိပ်ကမ်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တိုက်ရိုက်တင်ပို့သော ဆန်တန်ချိန် သုံးသောင်းတွင် နောက်ဆုံးသင်္ဘောဖြစ်သော MCL-7သင်္ဘောကို တွေ့ရစဉ်။

သတင်းစာမျက်နှာ - ၂၀




ရတနာပုံ
၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၅ ရက်
အယ်ဒီတာ့အာဘော်

# ထူးချွန်ထက်မြက်သော နိုင်ငံ့သားကောင်းများပေါ်ထွန်းရေး

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအခြေခံအုတ်မြစ်သည် ပညာရေးဖြစ်သည်။ ပညာတတ်မြောက်သူပေါ်များပါက လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံ၏စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး စသည်တို့ ဘက်စုံတိုးတက်လာမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ပညာရေးကဏ္ဍကို အလေးပေးဆောင်ရွက်ကာ နိုင်ငံ၏အနာဂတ်ကို ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

ထို့ပြင် နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် မျိုးဆက်သစ်များဖြစ်သည့် ကျောင်းသား၊ ကျောင်းသူများ၏ အခန်းကဏ္ဍသည်လည်း အလွန်အရေးကြီးလှပေသည်။ ပညာထူးချွန်သည့်အပြင် ဘက်စုံထူးချွန်ထက်မြက်သော နိုင်ငံ့သားကောင်းများဖြစ်လာစေရန်အတွက် ကျောင်းသားလူငယ်များ၏ ကာယ၊ ဉာဏ၊ စာရိတ္တ စသည်တို့အပေါ် စိစစ်ရွေးချယ်ပြီး ဂုဏ်ပြုချီးမြှင့်သည့် အစီအစဉ်များကို ခေတ်အဆက်ဆက်ဆောင်ရွက်ခဲ့ကြသည်။

ထို့ကြောင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်ပညာရေးစုံညီပွဲတော်ကို ပြည်နယ်နှင့် တိုင်းဒေသကြီးရှိ အခြေခံပညာကျောင်းများ၌ ကျင်းပလျက်ရှိသည်ကို တွေ့ရသည်။ ထိုသို့ ကျင်းပရာတွင် ပညာရည်ချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများကိုလည်းကောင်း၊ စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ အားကစားစသည့်ဘက်စုံထူးချွန်ဆုရကျောင်းသား၊ ကျောင်းသူများကိုလည်းကောင်း တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများကိုယ်တိုင်တက်ရောက်၍ ထိုက်ထိုက်တန်တန်ဂုဏ်ပြုချီးမြှင့်ခြင်းဖြစ်သည်။ ထိုသို့ ဂုဏ်ပြုဆုများချီးမြှင့်ပေးနေခြင်းသည် ပညာပြည့်ဝ နှလုံးလှသည့်လူငယ်များ စဉ်ဆက်မပြတ်ပေါ်ထွန်းလာရေး ရည်ရွယ်ဆောင်ရွက်ကြခြင်းဖြစ်သည်။

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်များပေါ်များရန် လိုအပ်သဖြင့် ပညာတတ်များပေါ်များစေရေး ပညာရေးကဏ္ဍမှ တာဝန်ရှိသူများက ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံ လူဦးရေ ၅၅ သန်းတွင် လူဦးရေ၏ ၁၀ ရာခိုင်နှုန်းအောက်သာ အဆင့်မြင့်ပညာသင်ကြားနိုင်သည်ကိုတွေ့ရပြီး လူဦးရေ ၁၈ သန်းကျော်သည် အခြေခံပညာသင်ကြားမှုတွင် မူလတန်းနှင့် အလယ်တန်းအဆင့်တွင်သာ သင်ကြားနိုင်ခဲ့သည်ကို တွေ့ရသည်။

သင်ကြားပေးသည့် ဆရာ၊ ဆရာမများ၏ သင်ကြားမှုအတတ်ပညာသည်လည်း အရေးကြီးသည်ဖြစ်ရာ ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့ကိုယ်တိုင် စာပေပညာတတ်ကျွမ်းရုံတင်မက ကျောင်းသား၊ ကျောင်းသူများနားလည်စေရေး သင်ကြားပေးနိုင်ရန်လိုပေသည်။ ထို့ပြင် ကျောင်းသား၊ ကျောင်းသူများ အားကစားပြုလုပ်နိုင်စေရန်အတွက် အားကစားကွင်းများနှင့် အားကစားရုံများကို စနစ်တကျတည်ဆောက်ပေးထားရန်လိုသကဲ့သို့ ဆရာ၊ ဆရာမများအနေဖြင့်လည်း ကျောင်းသား၊ ကျောင်းသူများကို အလေ့အကျင့်ကောင်းများ၊ စိတ်ဓာတ်ကောင်းများ၊ အတတ်ပညာကောင်းများနှင့် တွေးတောကြံဆမှုများရှိစေရန် လေ့ကျင့်သင်ကြားပေးရန်လိုပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်အနေဖြင့် နိုင်ငံတော်တိုးတက်ရေးအတွက် အမြဲမပြတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့အတူ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့်လည်း အမြဲမပြတ်ကြိုးစားလေ့လာသင်ကြား၊ သင်ယူနေမည်ဆိုပါက ပညာရေးကဏ္ဍနှင့်ပတ်သက်၍ တိုးတက်လာမည်ဖြစ်သကဲ့သို့ ပညာတတ်မြောက်သူများပေါ်များလာကာ ဘက်ပေါင်းစုံထူးချွန်ထက်မြက်သည့် နိုင်ငံ့သားကောင်းများပေါ်ထွန်းလာပြီး နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးခရီးလမ်း ဖြောင့်ဖြူးနေမည်သာဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး ဇန်နဝါရီ ၁၄**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့်ဝေဠုဝန်ကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူးရဟန်းသံဃာတော်များနှင့် ပြည်သူစုစုပေါင်း ၂၀၇၉၃၁ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"မဟာမုနိ ရုပ်ရှင်တော်ကို အနယ်နယ်အရပ်ရပ်က ဘုရားဖူးတွေ နေ့စဉ်လာရောက်ဖူးမြော်ကြပါတယ်။ ဒီနေ့ဟာဆိုရင် ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်ဖြစ်တာကြောင့် လာရောက်ဖူးမြော်သူတွေများပြားနေပါတယ်။ နေ့ထူးနေ့မြတ်၊ အခါကြီးရက်ကြီးတွေဆို ဝင်ရောက်ဖူးမြော်သူတွေနဲ့ စည်ကားနေပါတယ်။ ဘုရားရိပ်တရားရိပ်က အေးချမ်းတဲ့အတွက် လာရောက်တရားထိုင်သူတွေလဲရှိကြပါတယ်။ ဘုရားဖူးတွေဟာ ပြတိုက်တွေ၊ ကြေးရုပ်ကြီးတွေဆီကိုလဲ သွားရောက်လေ့လာကြပြီး စည်ကားနေပါတယ်။ ငါးကန်၊ လိပ်ကန်တွေကိုသွားပြီး ငါးစာ၊ လိပ်စာကျွေးသူတွေလဲ ရှိပါတယ်"ဟု မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူး ၂၀၄၆၀၆ ဦး လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူ ပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှဝင်ရောက်ဖူးမြော်နိုင်ကြောင်း သိရသည်။

ဝေဠုဝန်ကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၂၆၇၅ ဦး လာရောက်ဖူးမြော်ကြောင်း ဝေဠုဝန် ကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြသည်။

ထို့အတူ မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ ညနေထိ ဘုရားဖူး ဦးရေ ၆၈၀ လာရောက်ဖူးမြော်ကြောင်း မန္တလေးတောင်တော် ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြ၍ သိရသည်။

(၁၈၅)

# မန္တလေးဈေးကွက်တွင် ပဲယဉ်း အရောင်းအဝယ်ကောင်းလာပြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၃၅၀၀၀ ပေါက်ဈေးရှိလာ

**မန္တလေး ဇန်နဝါရီ ၁၄**

မန္တလေးဈေးကွက်တွင် ပဲယဉ်း အရောင်းအဝယ် ကောင်းလာပြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ်၁၃၅၀၀၀ ပေါက်ဈေးရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုအခါ ပဲယဉ်းကို ပြည်တွင်းဈေးကွက်အတွင်းက ဝယ်ယူမှုများပြားလာကြောင်း၊ ယခုလတ်တလောတွင် ပဲယဉ်းများ အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် မန္တလေးဈေးကွက်အတွင်း ဈေးကောင်းရရှိလာကြောင်း သိရသည်။

"အခုလက်ရှိ ပဲယဉ်းအသစ်တွေ မန္တလေးဈေးကွက်အတွင်း ဝင်ရောက်လာပါတယ်။ တရုတ်ဘက်ကို အဓိကထားတင်ပို့တဲ့ ပဲယဉ်းတွေကို ပြည်တွင်းမှာဝယ်ယူမှုများတာကြောင့် ဈေးကောင်းပြန်ပြီး ရလာပါတယ်"ဟုဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်တွင် ဇန်နဝါရီလ ပထမပတ်အတွင်းက ပဲယဉ်းဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၂၈၀၀၀ သာ ရှိခဲ့သော်လည်း ဇန်နဝါရီ ၁၃ ရက်တွင် ပဲယဉ်း သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၃၅၀၀၀ ပေါက်ဈေးရှိလာကြောင်း သိရသည်။

"ကုန်စည်ဒိုင်အတွင်းမှာ ပဲယဉ်းအရောင်းအဝယ်လုပ်တဲ့ကုန်သည်တွေ အခုလတ်တလော ပြန်ပြီးများလာတယ်။ ပဲယဉ်းအပြင် အချို့ကုန်စည်တွေလဲ အရောင်းအဝယ်ရှိပါတယ်။ အခုကတော့ ပဲယဉ်းက အဝယ်လိုက်နေတာကြောင့် ဈေးကောင်းပြန်ရနေတယ်"ဟု ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။ (၁၈၄)

# ယခုဘဏ္ဍာနှစ်အတွင်း မန္တလေးတိုင်းဒေသကြီးတွင် လူမှုဖူလုံရေးအာမခံထားရှိသည့် အလုပ်သမားဦးရေ ၁၁၂၀၀၀ ကျော်ရှိ

**မန္တလေး ဇန်နဝါရီ ၁၄**

ယခုဘဏ္ဍာနှစ်အတွင်း မန္တလေးတိုင်းဒေသကြီးရှိ ရုံးခွဲအလိုက် လူမှုဖူလုံရေး အာမခံထားရှိသည့် အလုပ်သမား ဦးရေ ၁၁၂၀၀၀ ကျော်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးအဖွဲ့ရုံးမှ သိရသည်။

လက်ရှိအချိန်တွင် လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိမှုများ၊ သေဆုံးမှုနှင့် မီးဖွားမှုများအတွက် တင်ပြတောင်းခံလာသည့် အကျိုးခံစားခွင့်များကို ထုတ်ပေးနေကြောင်း၊ ယခင်ဘဏ္ဍာနှစ်က လူမှုဖူလုံရေး အာမခံထားရှိသူ ဦးရေ ၉၆၀၀၀ ကျော်ရှိခဲ့ရာမှ ယခုဘဏ္ဍာနှစ်တွင် ရုံးခွဲအလိုက် လူမှုဖူလုံရေးအာမခံထားရှိသူမှာ ယနေ့ထိ ဦးရေ ၁၁၂၀၀၀ ကျော်ရှိနေပြီဖြစ်ကြောင်း၊ အာမခံထားရှိမှုစနစ်ကို စိတ်ဝင်စားသူ များပြားလာကြောင်း သိရသည်။

"အကျုံးဝင်မှတ်ပုံတင်သူတွေ စိတ်ဝင်စားမှု ပိုများနေပါတယ်။ အကျိုးခံစားခွင့်တွေအတွက် ထိထိရောက်ရောက် ပေးနိုင်ပါတယ်။ ကျန်ရစ်သူအကျိုးခံစားခွင့်တွေကိုလဲ အခမ်းအနားနဲ့ ပြုလုပ်ပြီးပေးပါတယ်။ ကိုဗစ်-၁၉ ကြောင့် ယာယီပိတ်ထားခဲ့တဲ့ အလုပ်ဌာနတွေလဲ ပြန်ဖွင့်ပြီးတော့ လူမှုဖူလုံရေးကြေးတွေ ပေးသွင်းနေတာရှိပါတယ်။ အခုနောက်ပိုင်းမှာ အလုပ်သမားတွေက စိတ်ဝင်စားမှုများလာကြတာကို တွေ့ရှိရပါတယ်။ အကျိုးခံစားခွင့်မှန်သမျှကိုလဲ ခေတ်စနစ်နဲ့လျော်ညီအောင်ပေးနေပါတယ်။ အဲဒါကြောင့် အာမခံ အလုပ်သမားတွေက စိတ်ဝင်စားမှုပိုများလာပါတယ်"ဟု မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးအဖွဲ့ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းနိုင်ဦးက ပြောပြသည်။

လူမှုဖူလုံရေးအဖွဲ့သို့ အကျုံးဝင်မှတ်ပုံတင်ထားသော အာမခံ အလုပ်သမားများအနေဖြင့် မကျန်းမာမှု၊ မီးဖွားမှု၊ သေဆုံးမှုနှင့်လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိမှု စသည့်ကိစ္စများဖြစ်ပွားပါက ဆေးကုသမှုပေးခြင်းနှင့် ငွေကြေးအကျိုးခံစားခွင့်များရရှိကြောင်း၊ အဆိုပါ ဆေးကုသခြင်းနှင့်ငွေကြေးခံစားခွင့်များကို သက်ဆိုင်ရာလူမှုဖူလုံရေးအဖွဲ့ရုံးများနှင့် လူမှုဖူလုံရေးဆေးပေးခန်းများသို့ ဆက်သွယ်ဆောင်ရွက်တောင်းခံနိုင်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၅၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မိုးကောင်းမြို့နယ် ကျေးရွာနှစ်ရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်မှု စစ်ဆေး

**မိုးကောင်း ဇန်နဝါရီ ၁၄**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြို့နယ်အတွင်းရှိ ကျေးရွာနှစ်ရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဇန်နဝါရီ ၁၃ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကချင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးရဲမင်းကျော်၊ မိုးညှင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသောင်းထိုက်၊ မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူဝင်းတို့က တာဝန်ခံအင်ဂျင်နီယာတို့နှင့်အတူ နန့်လှိုင်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေနှင့် ပြည်သူထည့်ဝင်ငွေတို့ဖြင့် ကျေးရွာခန်းမဆောင် တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူးက ကျေးရွာလူထုနှင့် တွေ့ဆုံဆွေးနွေးသည်။

ထို့နောက် တာဝန်ရှိသူများက ဆားမော်ကျေးရွာတွင် ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် အခြားဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူးက ကုမ္ပဏီတာဝန်ခံ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ သတ်မှတ်စံချိန်စံညွှန်းအတိုင်း အရည်အသွေးပြည့်မီစွာဆောင်ရွက်ရန်နှင့် လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး အလေးထား ဆောင်ရွက်သွားရန် မှာကြားသည်။

နန့်လှိုင်ကျေးရွာတွင် အရှည် ၄၅ ပေ၊ အကျယ် ၁၈ ပေ၊ အမြင့် ၁၂ ပေရှိ ကျေးရွာခန်းမဆောင် တည်ဆောက်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ်သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် ၂၀၂၂ ခုနှစ် ဩဂုတ်လ ဒုတိယပတ်က စတင်တည်ဆောက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ ဆားမော်ကျေးရွာတွင် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၅၁၄ ဒသမ ၈ သန်းဖြင့် အရှည် ခြောက်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် နှစ်ပေ ကိုးလက်မရှိ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း၊ အရှည် ငါးပေ၊ အကျယ် ၁၈ ပေ၊ အမြင့် ငါးပေရှိ Box Culvert ခြောက်စင်းတည်ဆောက်ခြင်းလုပ်ငန်းများကို Asia Boom ကုမ္ပဏီက ၂၀၂၂ ခုနှစ် အောက်တိုဘာလ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၃၂ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်သူဝင်းထံမှ သိရသည်။

**ချစ်ဦးကို**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ စိတ္တဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ကျန်းရစ်သူ မိသားစုက ဦးစိန်ဖေ-ဒေါ်စင်စင်ရီတို့အားရည်စူး၍ ဆေးပဒေသာပင်အတွက် ငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ယာယီဆေးရုံအုပ် ဒေါက်တာ ဒေါ်ရီရီမြင့်က လက်ခံရယူစဉ်။

# ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ဧက ၂၁၈၆၀ စိုက်ပျိုးပြီးစီး



**ကျွန်းလှ ဇန်နဝါရီ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ၂၀၂၂ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံဧက ၂၁၈၆၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီထံမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ၂၀၂၂ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၂၆၂၃၁ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလကစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ပဲမျိုးစုံဧက ၂၁၈၆၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကျွန်းလှမြို့နယ်မှာ ပဲမျိုးစုံ သီးနှံဧက ၂၆၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိတော့ ၂၁၀၀၀ ကျော်စိုက်ပျိုးပြီးသွားပြီ။ ပဲမျိုးစုံသီးနှံစိုက်ပျိုးမှုကတော့ တစ်နှစ်နဲ့တစ်နှစ် တိုးစိုက်နိုင်တဲ့အနေအထားမှာရှိပါတယ်။ အထွက်နှုန်းကောင်းတဲ့မျိုးတွေ ပြောင်းလဲစိုက်ပျိုးဖို့လဲ ဆောင်ရွက်နေတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် ပဲမျိုးစုံစိုက်ပျိုးပြီးစီးမှုအနေဖြင့် မတ်ပဲ ၁၀၇၂၃ ဧက၊ စားတော်ပဲ ၇၃၁၅ ဧက၊ စွန်တာပြာ ၂၁၁၅ ဧက၊ ပဲရာဇာ ၄၅၈ ဧက၊ ကုလားပဲ ၂၃၇ ဧက၊ ထောပတ်ပဲ ၁၂ ဧက စုစုပေါင်း ပဲမျိုးစုံဧက ၂၁၈၆၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကျွန်းလှမြို့နယ်တွင် ပဲမျိုးစုံသီးနှံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာများစသည့် စိုက်ပျိုးရေးဆိုင်ရာများကို အသိပညာပေးလျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။

(၂၀၆)

# ကျိုင်းတုံမြို့နယ် နမ့်အော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကျိုင်းတုံ ဇန်နဝါရီ ၁၄**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံခရိုင် ကျိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပန်ကြူကျေးရွာအုပ်စု နမ့်အော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ နဝမအကြိမ်ထုတ်ချေးခြင်းကို ဇန်နဝါရီ ၁၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းအောင်ခမ်းက နမ့်အော်ကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ်သိန်း ၅၅၀ ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက နမ့်အော်ကျေးရွာ၌ နဝမအကြိမ်အဖြစ် မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၅၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၅၅၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ရှိုသန်းညွန့်**

# မိုင်းကိုင်မြို့ နန်းဦးပျဉ်စေတီသွားလမ်း ကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**မိုင်းကိုင် ဇန်နဝါရီ ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းကိုင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ၁၃၉ ဒသမ ၁၉၄ သန်းဖြင့် မိုင်းကိုင်မြို့ နန်းဦးပျဉ်စေတီသွားလမ်း ကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းကိုင်မြို့ တည်ဆောက်ရေးလုပ်ငန်းများ စိစစ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုးဦး၊ မိုင်းကိုင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ (မြို့ပြ) ဦးညွန့်ဝင်းအောင်နှင့် တာဝန်ရှိသူများက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်နယ်ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ၁၃၉ ဒသမ ၁၉၄ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် မိုင်းကိုင်မြို့ နန်းဦးပျဉ်စေတီသွားလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

မိုင်းကိုင်မြို့နယ် နန်းဦးပျဉ်စေတီလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းသည် အရှည် ငါးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ၁၅ လက်မဖြစ်ပြီး တင်ဒါအောင်မြင်သည့် ချယ်ရီအင်ပါယာကုမ္ပဏီက ၂၀၂၂ ခုနှစ် ဇူလိုင် ၁၀ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၈ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ဒေသခံပြည်သူများအနေဖြင့် ရာသီမရွေးသွားလာအသုံးပြုနိုင်မည်ဖြစ်ပြီး ဘုရားဖူးလာပြည်သူများအဆင်ပြေချောမွေ့စွာဖြင့် သွားလာအသုံးပြုနိုင်မည်ဖြစ်ကြောင်း မိုင်းကိုင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ (မြို့ပြ) ဦးညွန့်ဝင်းအောင်က ပြောပြ၍ သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**



# လယ်ယာစိုက်ပျိုးရေးနှင့် နည်းပညာ

မျိုးသူ(ကုန်သွယ်မြင့်)

ကမ္ဘာ့ရေးရာအများအပြားသည် အစားအစာပြည့်စုံရေး၊ ဆင်းရဲမှုလျှော့နည်းရေး၊ အစားအသောက်များစဉ်ဆက်မပြတ်ရရှိရေး၊ လယ်ယာစိုက်ပျိုးမွေးမြူရေးများနှင့် ဆက်စပ်နေသည်ဟုဆိုသည်။ ထို့ကြောင့် အနာဂတ်ကမ္ဘာအတွက် စိုက်ပျိုးမွေးမြူရေးဆိုင်ရာနည်းပညာများကို လုပ်ဆောင်ကြရန်လိုအပ်လာသည်ဟုဆိုသည်။ ၂၀၂၂ ခုနှစ်တွင် ကမ္ဘာ့လူဦးရေသည် သန်း ၈၀၀၀ ထိရှိခဲ့သည်။ ထိုသူများအတွက် ပြည့်စုံလုံလောက်သောစားနပ်ရိက္ခာများ ဖြည့်ဆည်းပေးရမည်လည်းဖြစ်သည်။ စားနပ်ရိက္ခာဖြည့်ဆည်းနိုင်ရန်အတွက် စိုက်ပျိုးမွေးမြူရေးကဏ္ဍ၏ ထုတ်လုပ်နိုင်မှုစွမ်းအားနှင့် ထုတ်လုပ်မှုပမာဏသည် စဉ်ဆက်မပြတ်တိုးတက်နေရန်လိုအပ်သည်။ ထိုသို့ ပမာဏများပြားစွာထုတ်လုပ်ရန်နှင့် ထုတ်လုပ်မှုစွမ်းအားမြင့်မားရန်အတွက် စိုက်ပျိုးမွေးမြူရေးဆိုင်ရာနည်းပညာများလိုအပ်လာသည်။ ထိုသို့ ဆောင်ရွက်ချက်များသည် စိုက်ပျိုးမွေးမြူရေးအဆင့် (၄) (Agriculture 4.0) ခေတ်သို့ တက်လှမ်းနိုင်ရန်လိုအပ်လာသည်။

စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအချက်များမှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စများ၊ စီးပွားရေးဆိုင်ရာအကျိုးအမြတ်ရှိရေး၊ လူမှုစီးပွားရေးနှင့် စီးပွားရေးသာတူညီမျှမှုရှိရေးတို့ဖြစ်သည်။ အဆိုပါ ခြေထောက်သုံးချောင်းဖြင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍကို စဉ်ဆက်မပြတ်တိုးတက်အောင်ဆောင်ရွက်နိုင်ရမည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ Sustainabl Development Goal 17 တွင် ဆင်းရဲမှုလျှော့နည်းရေး၊ ငတ်မွတ်မှုမရှိရေး၊ ကျန်းမာရေးကောင်းမွန်ပြီး လူနေမှုမြင့်မားရေး၊ အရည်အသွေးရှိသောပညာရေး၊ အမျိုးသား၊ အမျိုးသမီးတန်းတူညီမျှရေး၊ သန့်ရှင်းသောသောက်သုံးရေရရှိရေး၊ ကောင်းမွန်သောစွမ်းအင်ရရှိရေး၊ သင့်တော်သောအလုပ်အကိုင်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးသည် တိုက်ရိုက်သက်ဆိုင်နေသည့်အခြေအနေဖြစ်သည်။ ထိုအချက်ရှစ်ချက်တွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများသည် ပါဝင်ပတ်သက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် တောနေလူဦးရေဖြစ်ပြီး အများစုမှာ လယ်ယာစိုက်ပျိုးမွေးမြူရေးကဏ္ဍနှင့် ဆက်စပ်လျက်ရှိကြသည်။ စက်မှုကဏ္ဍတွင်လည်း ဆန်စက်၊ ဆီစက်ကဲ့သို့ စိုက်ပျိုးမွေးမြူရေးနှင့် ဆက်စပ်လျက်ရှိသောစက်မှုလုပ်ငန်းများက အများစုဖြစ်သည်ကို တွေ့ရသည်။

အစားအသောက်ဆိုင်ရာစက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုပထမအဆင့်သည် သမားရိုးကျစိုက်ပျိုးမွေးမြူသည့်စနစ်ဖြစ်ပြီး နှစ်ပေါင်းများစွာကြာမြင့်ခဲ့သည်။ စိုက်ပျိုးမွေးမြူရေးတွင် နည်းပညာပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုသည် ၁၉၆၁ ခုနှစ်မှ ၂၀၀၄ ခုနှစ်ထိ နှစ်ပေါင်း ၄၀ ကျော် ကြာမြင့်ခဲ့သည်။ အဆိုပါကာလအတွင်းတွင် မြေသြဇာနှင့်ပိုးသတ်ဆေးသုံးစွဲခြင်းများ၊ ဆည်မြောင်းရေပေးစနစ်များ၊ ခူးဆွတ်ခြင်းနှင့် အပင်ရောဂါပိုးမွှားထိန်းသိမ်းရေးကိစ္စများ၊ မျိုးစေ့ကိစ္စများ၊ သယ်ယူသိုလှောင်သည့်ကိစ္စများ စသည်တို့တိုးတက်လာသည်ဟုဆိုသည်။ သို့ရာတွင် နှံစားသီးနှံများ၏ အထွက်နှုန်းသည် ယခင်ကထက် အရှေ့အာရှတွင် တစ်နှစ်လျှင် ၂ ဒသမ ၈ ရာခိုင်နှုန်းသာတိုးတက်ခဲ့သည်။ အဆိုပါကာလတစ်ခုလုံးတွင် ၃၀၀ ရာခိုင်နှုန်းသာ တိုးတက်ခဲ့သည်ဟုဆိုသည်။ နောက်ပိုင်းတွင် ထိထိရောက်ရောက်တိုးတက်မှုသည် ကျဆင်းလာသည်။ အထွက်နှုန်းတိုးတက်မှုသည်လည်း နှေးကွေးလာသည်ကိုတွေ့ရသည်။ ထို့ပြင် ရာသီဥတုပြောင်းလဲခြင်းအပါအဝင် စိန်ခေါ်မှုများမှာလည်း ပိုမိုကြီးမားလာသည်ကို တွေ့နိုင်သည်။ ၂၀၂၀ ပြည့်နှစ်၊ ၂၀၂၁ ခုနှစ်များတွင် ကိုဗစ်-၁၉ ကပ်ရောဂါသည်လည်း ကမ္ဘာ့စားနပ်ရိက္ခာအတွက် စိန်ခေါ်မှုကြီးတစ်ခုအဖြစ်ရှိနေသည်။ တစ်ဖက်တွင်လည်း ၂၀၂၂ ခုနှစ်သည် ကမ္ဘာ့လူဦးရေသန်း ၈၀၀၀ ပြည့်သောနှစ်ဖြစ်သဖြင့် လူဦးရေအတွက် ပြည့်စုံသောအစားအစာ၊ ငတ်မွတ်မှုမရှိရေးနှင့် ဆင်းရဲမှုလျှော့ပါးရေးကိစ္စများသည် အရေးပါလျက်ရှိသည်။ အဆိုပါလူဦးရေအတွက် ၂၀၅၀ ပြည့်နှစ်တွင် ယခုအခြေအနေထက် အစားအစာများကို ၇၀ ရာခိုင်နှုန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာရန်လိုအပ်သည်။ လက်ရှိအခြေအနေတွင် ရာသီဥတုပြောင်းလဲခြင်း စသည့်အကျိုးတရားများကြောင့် ကမ္ဘာတစ်ခုလုံးတွင် သဘာဝရေနံလောင်စာကို ချွေတာရန်လိုအပ်လာခြင်း၊ မြေသြဇာနှင့် ပိုးသတ်ဆေးကို လျှော့ချသုံးစွဲရန်လိုအပ်လာခြင်း စသည့်အကြောင်းတရားများလည်းရှိလာသည်။ ထို့ပြင် ၂၁ ရာစုအစပိုင်းထိသုံးစွဲလာသော စက်မှုနှင့်နည်းပညာများသည် စိုက်ပျိုးမွေးမြူရေးကဏ္ဍအတွက် ဟောင်းနွမ်းလာပြီး တိုးတက်မှုမရှိသလောက်ဖြစ်လာသည်။ ထို့ကြောင့် နည်းပညာပိုင်းတွင် ယခုထက်မြင့်မားသည့် စိုက်ပျိုးမွေးမြူရေးအဆင့် (၄) (Agriculture 4.0) ခေတ်သို့ မဖြစ်မနေကူးပြောင်းရန် လိုအပ်လာသည်။

**စိုက်ပျိုးမွေးမြူရေးအဆင့် (၄) (Agriculture 4.0) ခေတ်**

ခေတ်မီလယ်ယာစိုက်ပျိုးမွေးမြူရေးခြံများတွင် လုပ်ငန်းဆောင်ရွက်ပုံများသည် ယခင်နှင့် ကွာခြားလာသည်ကိုတွေ့နိုင်သည်။ စက်ရုပ်များကို သုံးစွဲခြင်း၊ အာရုံခံကိရိယာ (Sensors)များသုံးစွဲခြင်း၊ ဒရုန်းကဲ့သို့ ကွန်ပျူတာနှင့် နည်းပညာသုံးကိရိယာများသုံးစွဲခြင်း၊ Information Technology-IT နည်းပညာကို သုံးစွဲ၍ စိုက်ပျိုးမွေးမြူခြင်း၊ GPS စနစ်များသုံးစွဲခြင်း စသည့် ခေတ်မီနည်းပညာများ သုံးစွဲလာကြသည်။ အဆိုပါခေတ်မီနည်းပညာများသည် စီးပွားရေးလုပ်ငန်းများအတွက် ပိုမိုသင့်တော်သော၊ အဆင်ပြေထိရောက်သော၊ လုံခြုံစိတ်ချရသော၊ သုံးရှုံးနိုင်မှုနည်းပါးသော၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ထိရောက်သောနည်းပညာများဖြစ်၍ စားနပ်ရိက္ခာဖူလုံရေးတွင် များစွာအရေးပါသည်ကို တွေ့ရှိရသည်။

အော်ဂဲနစ်စားသောက်ကုန်များကို စိုက်ပျိုးမွေးမြူထုတ်လုပ်လာခြင်းဖြင့်လည်း မြေသြဇာနှင့် ပိုးသတ်ဆေးသုံးစွဲမှုများကို လျှော့ချနိုင်လာပြီး ဂေဟစနစ်ထိန်းသိမ်းရေးတွင်လည်း ပိုမိုကောင်းမွန်လာသည်ကို တွေ့နိုင်သည်။ မည်သို့ပင်ဆိုစေကာမူ ကမ္ဘာ့နိုင်ငံအသီးသီးသည် စားနပ်ရိက္ခာဖူလုံရေးအတွက် အပြိုင်အဆိုင်ကြိုးပမ်းလာရသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများကို ကြည့်လျှင်လည်း တရုတ်နှင့် အိန္ဒိယနိုင်ငံကဲ့သို့ နိုင်ငံကြီးများသည်လည်း လူဦးရေများပြားသည်နှင့်အမျှ စားနပ်ရိက္ခာပိုမိုထုတ်လုပ်ရေး၊ စုဆောင်းရေးများကိုလည်း အာရုံစိုက်ဆောင်ရွက်လျက်ရှိသည်ကို တွေ့နိုင်သည်။ ထိုင်းနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည်လည်း မြန်မာနိုင်ငံထက် လူဦးရေများပြားပြီး ရိက္ခာလိုအပ်ချက်များသည်နှင့်အမျှ စိုက်ပျိုးမွေးမြူထုတ်လုပ်ရေးအပိုင်းကိုလည်း စိုက်ပျိုးမွေးမြူရေးအဆင့် (၄) (Agriculture 4.0) နည်းပညာများဖြင့် တိုးတက်အောင်ကြိုးပမ်းလျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း တိုးတက်လာသောနိုင်ငံလူဦးရေအတွက်အပြင် ပို့ကုန်ဝင်ငွေရရှိရေးအတွက်လည်း စိုက်ပျိုးမွေးမြူရေးကဏ္ဍကို တိုးတက်အောင်ဆောင်ရွက်ရမည်သာဖြစ်သည်။

❖ စက်ရုပ်များကို သုံးစွဲခြင်း၊ အာရုံခံကိရိယာ (Sensors)များသုံးစွဲခြင်း၊ ဒရုန်းကဲ့သို့ ကွန်ပျူတာနှင့် နည်းပညာသုံးကိရိယာများသုံးစွဲခြင်း၊ Information Technology-IT နည်းပညာကိုသုံးစွဲ၍ စိုက်ပျိုးမွေးမြူခြင်း၊ GPS စနစ်များသုံးစွဲခြင်း စသည့် ခေတ်မီနည်းပညာများ သုံးစွဲလာကြသည်။ အဆိုပါခေတ်မီနည်းပညာများသည် စီးပွားရေးလုပ်ငန်းများအတွက် ပိုမိုသင့်တော်သော၊ အဆင်ပြေထိရောက်သော၊ လုံခြုံစိတ်ချရသော၊ သုံးရှုံးနိုင်မှုနည်းပါးသော၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ထိရောက်သောနည်းပညာများဖြစ်၍ စားနပ်ရိက္ခာဖူလုံရေးတွင် များစွာအရေးပါသည်ကို တွေ့ရှိရသည်။ ❖

**မြန်မာ့စိုက်ပျိုးမွေးမြူရေး**

မြန်မာ့စိုက်ပျိုးရေးတွင် ယေဘုယျအားဖြင့် နည်းပညာများကို အနည်းငယ်သာသုံးစွဲနိုင်သေးသည်။ သို့ရာတွင် စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍများ၌မူ တစိုက်မတ်မတ်ဆောင်ရွက်လျက်ရှိကြသည်။ တောင်သူများ အကျိုးစီးပွားပိုမိုဖြစ်ထွန်းရေးအတွက် သီးနှံများကို သီးထပ်သီးညှပ်စိုက်ပျိုးသည့် နည်းပညာများဖြင့်လည်း ဆောင်ရွက်နိုင်ရန် စီမံလျက်ရှိသည်။ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွင်း သီးနှံများ စိုက်ပျိုးနိုင်မှုအခြေအနေတွင် အသားတင်စိုက်ပျိုးဧက ၃၁ ဒသမ ၆ သန်းကျော်၊ သီးထပ်စိုက်ဧကသည် ၁၂ ဒသမ ၆၇ သန်းကျော်နှင့် သီးညှပ်စိုက်ဧက ၂ ဒသမ ၅သန်းပါဝင်သည်။ ထို့ကြောင့် သီးနှံစိုက်ဧက စုစုပေါင်းမှာ ၄၆ ဒသမ ၈ သန်းကျော်ထိရှိသည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင်မူ အသားတင်စိုက်ပျိုးဧက ၃၂ ဒသမ ၅ သန်းကျော်၊ သီးထပ်စိုက်ပျိုးဧက ၁၅ ဒသမ ၃၈ သန်းနှင့် သီးညှပ်စိုက်ပျိုးဧက ၁ ဒသမ ၉ သန်းကျော်ဖြင့် စုစုပေါင်းစိုက်ပျိုးဧက ၄၉ ဒသမ ၈ သန်းကျော်ထိ စိုက်ပျိုးရန်လျာထားဆောင်ရွက်လျက်ရှိသည်။ စိုက်ပျိုးရေးတွင် ယခင်နှစ်ထက် စိုက်ပျိုးဧကသုံးသန်းကျော်ပိုမိုစိုက်ပျိုး ထုတ်လုပ်သွားမည်ဖြစ်သည်။ ရာခိုင်နှုန်းအားဖြင့် ၆ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်စိုက်ပျိုးထုတ်လုပ်သွားမည်ဖြစ်သည်။ မြန်မာ့လူဦးရေနှင့်ဆိုပါက ဆန်စပါးနှင့် ပဲမျိုးစုံ၊ သီးနှံများသည် ပြည်တွင်းလိုအပ်ချက်ထက် ပိုမိုနေသဖြင့် ပို့ကုန်ဝင်ငွေရရှိရေးအတွက်လည်း အားထားနိုင်မည်ဖြစ်သည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စများ၊ စီးပွားရေးဆိုင်ရာအကျိုးအမြတ်ရှိရေး၊ လူမှုစီးပွားရေးနှင့် စီးပွားရေးသာတူညီမျှမှုရှိရေးဟူသည့် ခြေထောက်သုံးချောင်းဖြင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍကို စဉ်ဆက်မပြတ်တိုးတက်အောင် ဆောင်ရွက်နိုင်ရမည်ဖြစ်သည်နှင့်အညီ မြန်မာ့စိုက်ပျိုးရေးမွေးမြူရေးကဏ္ဍများတွင်လည်း နည်းပညာသုံးပြီး ဆောင်ရွက်နိုင်ရန်လိုအပ်သည်။ ရေပေးဝေရေးစနစ်များ၊ နည်းပညာသုံးပစ္စည်းကိရိယာများသုံးစွဲပြီး အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရန်ထုတ်လုပ်ခြင်းကို ဆောင်ရွက်သွားရမည်ဖြစ်သည်။

အထက်တွင် ဖော်ပြခဲ့သည့် တရုတ်နှင့် အိန္ဒိယနိုင်ငံများသို့ သီးနှံနှင့် အစားအစာများတင်ပို့ရာတွင် အဆိုပါနိုင်ငံများအနေဖြင့် အရည်အသွေးကောင်းမွန်ပြီး ကျန်းမာရေးနှင့်ညီညွတ်သော စားသောက်ကုန်များကိုသာ တင်သွင်းရန်သတ်မှတ်လာကြသည်။ ထို့ကြောင့် မြန်မာနိုင်ငံအတွင်းထုတ်လုပ်သည့်သီးနှံများနှင့် အစားအစာများအားလုံးသည် ပိုးသတ်ဆေးဓာတ်ကြွင်းနည်းပါးရေး၊ အပင်ပိုးမွှားရောဂါကင်းရှင်းရေး၊ အခြားသော ကျန်းမာရေးနှင့်ညီညွတ်ပြီး ရောဂါပိုးမွှားကင်းရှင်းရေးတို့သည် အရေးကြီးသောအချက်များဖြစ်လာကြသည်။ ထိုအချက်များကို သတိပြု၍ ဈေးကွက်များကို ထိန်းသိမ်းနိုင်ရေး၊ ဈေးကွက်တိုးချဲ့နိုင်ရေးတို့ကို ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

## ဆိပ်ဖြူမြို့နယ် မြင်ကဝကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဆိပ်ဖြူ ဇန်နဝါရီ ၁၄**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) စတင်ဆောင်ရွက်သည့် မြင်ကဝကျေးရွာအုပ်စု မြင်ကဝကျေးရွာ၌ ဆောင်းနေကြာအပါအဝင် အခြားဆီထွက်သီးနှံများ စိုက်ပျိုးနေမှုအခြေအနေများကို ဇန်နဝါရီ ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲမင်းအောင်၊ ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးသိမ့်သိမ့်ကျော်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြင်ကဝကျေးရွာရှိ တောင်သူ ၅၆ ဦးက ဆောင်းနေကြာအပါအဝင် အခြားဆီထွက်သီးနှံများ စိုက်ပျိုးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက တောင်သူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

မြင်ကဝကျေးရွာ၌ ဆောင်းနေကြာအပါအဝင် အခြားဆီထွက်သီးနှံများ စိုက်ပျိုးသည့်တောင်သူများ လိုအပ်လျက်ရှိသော မျိုးစေ့၊ သွင်းအားစုနှင့် စိုက်ပျိုးစရိတ်များဝယ်ယူသုံးစွဲနိုင်ရန်၊ အတိုးနှုန်းသက်သာသောချေးငွေများ ပံ့ပိုးပေးနိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၁၉၆ သိန်း ထုတ်ချေးပေးထားကြောင်း၊ ယခုအခါ အဆိုပါရန်ပုံငွေများဖြင့် ကျေးရွာရှိ တောင်သူများအနေဖြင့် နေကြာအပါအဝင် အခြားဆီထွက်သီးနှံစိုက်ဧက ၁၀၉ ဧကကို စိုက်ပျိုးလျက်ရှိကြောင်း ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**နှံ့ယဉ်**

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ် ဘ၀မှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# စည်းလုံးခြင်းသည် အင်အား

- တိုင်းရင်းသားများ ချစ်ကြည်ပေ
ဥမကွဲ သိုက်မပျက် ပေါင်းစည်းနေ
တို့ပြည်တို့မြေ ထိန်းသိမ်းထား
ညီညွတ်မှုရဲ့ စွမ်းပကား။

- စုပေါင်းအားနဲ့ တည်ဆောက်လျှင်
ဖွံ့ဖြိုးတိုးတက်ဝေစည်ပင်
ပြုံးပန်းပျော်ရွှင် အနာဂတ်
တူညီလှမ်းလို့ လက်ချင်းယှက်။

- ရွှံ့ဗွက်နွံနစ် လမ်းဆိုးဝယ်
လှည်းဘီးကျွံလို့ ဆင်းတွန်းတယ်
တစ်ဦးတည်းရယ် တွန်းမရ
ပြိုင်တူတွန်းမှ လွတ်ကင်းကြ။

- ဥပမာပြ ဇာတ်လမ်းရယ်
မှတ်သားထိုက်လို့ လိုက်နာမယ်
အခက်အခဲဖြစ်ကွယ် စုပေါင်းအား
မလွဲမသွေ လိုမည်သား။

- တို့ညီနောင်များ သွေးချင်းတွေ
သွေးစည်းညီလို့ ခိုင်မြဲစေ
အေးချမ်းစွာလေ ရှေ့ဆက်ကြ
အောင်ပွဲများနဲ့ ဖွံ့ဖြိုးရ။

- ငြိမ်းချမ်းရေးရ ပျော်ရွှင်သနော်
တို့မျိုးဆက်များ အေးချမ်းသော်
နိုင်ငံတော်ဂုဏ် မြှင့်တင်လို့
စည်းလုံးစွာနဲ့ နေကြစို့။ ။

**ဇင်မင်းစိုး(မိုလ်ကလေး)**

# ကျုံပျော်မြို့နယ်တွင် ဆောင်းသီးနှံငရုတ် ၁၁၇ ဧက စိုက်ပျိုးပြီးစီး

**ကျုံပျော် ဇန်နဝါရီ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၁၁၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကျုံပျော်မြို့နယ်၌ ငရုတ် ၁၁၇ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၂ ခုနှစ် နို၀င်ဘာလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယခုအခါ ငရုတ် ၁၁၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ဆောင်းငရုတ်များ စိုက်ပျိုးနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ စနစ်တကျ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

“ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကျုံပျော်မြို့နယ်အတွင်း ငရုတ် ၁၁၇ ဧက စိုက်ပျိုးပြီးဖြစ်ပါတယ်။ ဆောင်းငရုတ်သီးနှံစိုက်ပျိုးတဲ့အခါ ဈေးကွက်ဝင် အထွက်နှုန်းကောင်းပြီး ဒေသရာသီဥတုမြေအနေအထားနဲ့ကိုက်ညီတဲ့ သီးနှံအမျိုးအစားကို ရွေးချယ်စိုက်ပျိုးထားပါတယ်။ တောင်သူတွေကလဲ စိုက်ပျိုးရေးလုပ်ငန်းတွေ လုပ်ကိုင်ရာမှာ ငရုတ်သီးနှံကအစ မျိုးကောင်းမျိုးသန့်တွေကို စနစ်တကျရွေးချယ်စိုက်ပျိုးလာတာ တွေ့ရပါတယ်။ စိုက်ပျိုးထားတဲ့ သီးနှံတွေကိုလဲ ပိုးမွှားအန္တရာယ် ကင်းရှင်းဖို့နဲ့ အထွက်နှုန်းကောင်းစေဖို့ အသိပညာပေးလုပ်ငန်းတွေကို ဆောင်းသီးနှံတွေ မစိုက်ခင်ကတည်းက ကြိုတင်ဆောင်ရွက်ပေးခဲ့ပါတယ်။ ဆက်လက်ပြီးလဲ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်”ဟု ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် စိုက်ပျိုးပြီးဖြစ်သည့်သီးနှံများ အောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်၊ အထွက်နှုန်းကောင်းမွန်စေရန် စသည့်လုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ကွက်များထိ ကွင်းဆင်းသွားရောက်ပြီး တောင်သူများနှင့်တွေ့ဆုံကာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဆောင်းသီးနှံငရုတ်ကို ဒေသခံတောင်သူ ၉၇ ဦးက စိုက်ပျိုးထားကြောင်း၊ အဆိုပါဒေသတွင် ၂၀၂၂ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက ငရုတ် ၃၀၈ ဧကထိ စိုက်ပျိုးခဲ့ပြီး ထွက်ရှိသည့် ငရုတ်သီးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀၀ ထိ ဈေးကောင်းရရှိကြောင်း ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ဖာပွန်မြို့၌ အိမ်တွင်းလျှပ်စစ်သွယ်တန်းနည်းသင်တန်းဖွင့်

**ဖာပွန် ဇန်နဝါရီ ၁၄**

ကရင်ပြည်နယ် ဖာပွန်ခရိုင် ဖာပွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အိမ်တွင်းလျှပ်စစ်သွယ်တန်းနည်းသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဖာပွန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ဝင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ ဖာပွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်မင်းဆွေက ကျေးလက်နေပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် မိမိတို့အိမ်တွင်းနှင့် ကျေးရွာရှိနေအိမ်များတွင် အန္တရာယ်ကင်းရှင်းစွာ လျှပ်စစ်ဝိုင်ယာသွယ်တန်းတတ်စေရန်ရည်ရွယ်၍ ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် သင်တန်းတွင်ပို့ချမည့် ဘာသာရပ်များကို စနစ်တကျလေ့လာသင်ယူကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြများက သင်တန်းတွင်ပို့ချမည့် ဘာသာရပ်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် သင်တန်းသားများက တစ်ဦးချင်း မိတ်ဆက်ကြသည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အိမ်တွင်းလျှပ်စစ်သွယ်တန်းနည်းသင်တန်းသို့ ဖာပွန်မြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား ၁၅ ဦး တက်ရောက်ကြပြီး သင်တန်းတွင် လျှပ်စစ်သွယ်တန်းနည်းနှင့် ပတ်သက်၍ သင်ခန်းစာများကို သင်တန်းနည်းပြများက စာတွေ့၊ လက်တွေ့ဖြင့် ယနေ့မှ ဖေဖော်ဝါရီ ၁၂ ရက်ထိ တစ်လကြာ အခမဲ့ သင်ကြား ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သုသု**

# လဲချားမြို့နယ် နားမန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**လဲချား ဇန်နဝါရီ ၁၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နားမန်း၊ ခိုဟိုင်းနှင့် ဝမ်မွံ့ကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဆဋ္ဌမအကြိမ်ထုတ်ချေးခြင်းကို ဇန်နဝါရီ ၁၃ ရက် နံနက်ပိုင်းက နားမန်းကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းစန္ဒာဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ နားမန်း၊ ခိုဟိုင်းနှင့် ဝမ်မွံ့ကျေးရွာမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အဆိုပါကျေးရွာသုံးရွာမှ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၄ ဦးကို ရန်ပုံငွေကျပ် ၃၈၅ သိန်း ထုတ်ချေးပေးခဲ့သည်။

အခမ်းအနားသို့ လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ နားမန်း၊ ခိုဟိုင်းနှင့် ဝမ်မွံ့ကျေးရွာမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် အသင်းသား၊ အသင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**အေးသူ**

## နိုင်ငံတကာ သတင်းများ

# မြို့တော်အတွင်း ဆန္ဒပြစီးနင်းမှုဖြစ်စဉ်အတွက် ဘရာဇီးသမ္မတဟောင်းကို စုံစမ်းစစ်ဆေးမည်

**ဘရာဇီးလီးယား ဇန်နဝါရီ ၁၄**

ဘရာဇီးလီးယားမြို့တော်တွင်းရှိ နိုင်ငံတော်အဆောက်အအုံများကို ဆန္ဒပြသမားများ ဝင်ရောက်စီးနင်းမှုဖြစ်စဉ်အတွက် သမ္မတဟောင်း ဘော်လ်ဆိုနာရိုကို စုံစမ်းစစ်ဆေးရန် ဘရာဇီးတရားလွှတ်တော်ချုပ်က ဇန်နဝါရီ ၁၃ ရက်တွင် သဘောတူခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

သမ္မတဟောင်း ဘော်လ်ဆိုနာရိုကို ဒီမိုကရေစီဆန့်ကျင်ရေးဆန္ဒပြပွဲများကို လှုံ့ဆော်အားပေးမှုစွဲချက်ဖြင့် စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် ဘရာဇီးတရားလွှတ်တော်ချုပ်က သဘောတူခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့် ဇန်နဝါရီ ၈ ရက်တွင် သမ္မတဟောင်း ဘော်လ်ဆိုနာရိုကို ထောက်ခံသူဆန္ဒပြသမားများသည် ဘရာဇီးလီးယားမြို့ရှိ ဘရာဇီးကွန်ဂရက်၊ တရားလွှတ်တော်ချုပ်နှင့် သမ္မတနန်းတော်တို့ကို စီးနင်းခဲ့ကြသည်။

ရွေးကောက်ပွဲအနိုင်ရ သမ္မတလောင်း လူလာဒါဆေးလ်ဗား သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့ပြီး ရက်သတ္တပတ်ကြာမှာပင် ဘော်လ်ဆိုနာရိုကိုထောက်ခံသူများက နိုင်ငံတော်ထိပ်တန်းအဆောက်အအုံများကို စီးနင်းခဲ့ကြခြင်းဖြစ်သည်။

ဇန်နဝါရီ ၈ ရက် ဖြစ်စဉ်ပေါ်ပေါက်ချိန်တွင် ဘော်လ်ဆိုနာရိုမှာ အမေရိကန်နိုင်ငံသို့ ရောက်ရှိနေပြီဖြစ်သော်လည်း ၎င်းကိုပါ စုံစမ်းစစ်ဆေးရန် ဖက်ဒရယ်အစိုးရရှေ့နေများက တရားလွှတ်တော်ချုပ်သို့ အဆိုတင်သွင်းခဲ့သည်။

အမေရိကန်နိုင်ငံသို့ လက်ရှိတွင် ရောက်ရှိနေသော သမ္မတဟောင်း ဘော်လ်ဆိုနာရိုကို ဒီမိုကရေစီ ဆန့်ကျင်ရေး ဆန္ဒပြပွဲများကို သွေးထိုးလှုံ့ဆော်ခဲ့ဖွယ်ရှိမှုအတွက် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်မည်ဖြစ်ကြောင်း ဘရာဇီးတရားလွှတ်တော်ချုပ်ကြေညာချက်၌ ဖော်ပြထားသည်။ KKO



# အစ္စရေးမောင်းသူမဲ့ လေယာဉ်တစ်စင်းကို လက်ဘနွန်တပ်များ ပစ်ခတ်

**ဘေရွတ် ဇန်နဝါရီ ၁၄**

လက်ဘနွန် မြောက်ပိုင်းလေပိုင်နက်ကို ဖြတ်ကျော်ဝင်ရောက်လာသည့် အစ္စရေးမောင်းသူမဲ့လေယာဉ်တစ်စင်းကို လက်ဘနွန်စစ်ဘက်က ဇန်နဝါရီ ၁၃ ရက်တွင် ပစ်ခတ်မှုများပြုလုပ်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

လက်ဘနွန်တပ်များကပစ်ခတ်မှုများ ပြုလုပ်ခဲ့သော်လည်း ယင်းမောင်းသူမဲ့လေယာဉ်မှာ ပျက်ကျခဲ့ခြင်းမရှိကြောင်း သိရသည်။

အစ္စရေး စစ်လေယာဉ်များသည် လက်ဘနွန်နိုင်ငံ၏ ခွင့်ပြုချက်မရှိဘဲ လက်ဘနွန်လေပိုင်နက်အတွင်း ဝင်ရောက်တတ်သော်လည်း ယင်းစစ်လေယာဉ်များကို လက်ဘနွန်တပ်များက ပစ်ခတ်မှုမှာ ရှားပါးလှသည်။

အစ္စရေး မောင်းသူမဲ့လေယာဉ်တစ်စင်း လက်ဘနွန်လေပိုင်နက်အတွင်း ချိုးဖောက်ဝင်ရောက်မှုကြောင့် လက်ဘနွန်တပ်များကလည်း ယင်းလေယာဉ်ကို ပစ်ခတ်ခဲ့ကြောင်း လက်ဘနွန်စစ်ဘက်က သတင်းထုတ်ပြန်ထားသည်။

လက်ဘနွန်နှင့် အစ္စရေးနိုင်ငံတို့သည် အမေရိကန်နိုင်ငံ၏ ကြားဝင်ညှိနှိုင်းမှုဖြင့် ပြီးခဲ့သည့်နှစ်အတွင်း ပင်လယ်ရေကြောင်း နယ်နိမိတ်စည်းဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို ရယူနိုင်ခဲ့သည်။

သို့သော် နှစ်နိုင်ငံကြား ကုန်းမြေနယ်နိမိတ်စည်းသတ်မှတ်ရေးမှာ အငြင်းပွားနေရဆဲဖြစ်ကြောင်း သိရသည်။ KKO

# အမေရိကန်သမ္မတနှင့် ဂျပန်ဝန်ကြီးချုပ်တို့ အိမ်ဖြူတော်၌ တွေ့ဆုံဆွေးနွေး



**နယူးယောက် ဇန်နဝါရီ ၁၄**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါတို့သည် ဇန်နဝါရီ ၁၃ ရက်တွင် ဝါရှင်တန်မြို့ အိမ်ဖြူတော်၌တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အိမ်ဖြူတော် ဆွေးနွေးပွဲတွင် အမေရိကန်သမ္မတနှင့်ဂျပန်ဝန်ကြီးချုပ်တို့သည် တရုတ်(တိုင်ပေ) ပြဿနာနှင့် ယူကရိန်းပြဿနာအပါအဝင် ကမ္ဘာ့ရေးရာများကို ဆွေးနွေးခဲ့ကြသည်။

ထိုင်ဝမ်ရေလက်ကြားငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးမှာ အရေးကြီးကြောင်း အိမ်ဖြူတော်ဆွေးနွေးပွဲ၌ သမ္မတ ဂျိုးဘိုင်ဒင်နှင့် ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါတို့က ထပ်လောင်းအတည်ပြုခဲ့ကြသည်။

ထို့ပြင် ကမ္ဘာ့မည်သည့်နေရာမျိုးတွင်မဆို လက်ရှိ ရှိရင်းစွဲအခြေအနေကို ပြောင်းလဲရေးအတွက် စစ်အင်အားသုံးစွဲမှု၊ ဖိနှိပ်ခြိမ်းခြောက်မှုတို့ကို မိမိတို့အနေဖြင့် အပြင်းအထန် ကန့်ကွက်ကြောင်း အမေရိကန်သမ္မတနှင့်ဂျပန်ဝန်ကြီးချုပ်တို့က အိမ်ဖြူတော်ဆွေးနွေးပွဲအပြီးထုတ်ပြန်ခဲ့သည့် ပူးတွဲကြေညာချက်၌ ဖော်ပြထားကြောင်း သိရသည်။

ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါသည် ဂျီ-၇ အုပ်စုနိုင်ငံများနောက်ဆုံးအဖြစ် ဇန်နဝါရီ ၁၃ ရက်က အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့သို့ ရောက်ရှိခဲ့သည်။

အိမ်ဖြူတော် ဆွေးနွေးပွဲတွင် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ဂျပန်နိုင်ငံက ကြေညာထားသော ဒုတိယကမ္ဘာစစ် နောက်ပိုင်း အကြီးမားဆုံးစစ်ရေးတည်ဆောက်မှုအစီအစဉ်ကို ဂုဏ်ပြုစကားပြောကြားခဲ့ကြောင်း သိရသည်။ KKO

# တရုတ်ကမ်းခြေစောင့်တပ်သင်္ဘောကို စောင့်ကြည့်ရန် မြောက်နာတူနာပင်လယ်သို့ စစ်သင်္ဘောတစ်စီး အင်ဒိုနီးရှားစေလွှတ်

**ဂျကာတာ ဇန်နဝါရီ ၁၄**

မြောက်နာတူနာပင်လယ်ဒေသ အထူးစီးပွားရေးရေပြင်ဇုန်အတွင်း ဝင်ရောက်လာသော တရုတ်ကမ်းခြေစောင့်သင်္ဘောတစ်စီးကို စောင့်ကြည့်ရေးအတွက် အင်ဒိုနီးရှားရေတပ်က စစ်သင်္ဘောတစ်စီး စေလွှတ်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တရုတ် ကမ်းခြေစောင့်တပ်မှ စီစီဂျီ-၅၉၀၁အမှတ်စဉ်ပါ ကမ်းခြေစောင့်သင်္ဘော တစ်စီးသည် မြောက်နာတူနာ ပင်လယ်ရေပြင်အတွင်းရှိ အင်ဒိုနီးရှားနိုင်ငံပိုင် အထူးစီးပွားရေးရေပြင်ဇုန်အတွင်းသို့ ပြီးခဲ့သည့်နှစ်ဒီဇင်ဘာ ၃၀ ရက်ကပင် ဝင်ရောက်လာခဲ့ကြောင်း အင်ဒိုနီးရှား တာဝန်ရှိသူများ၏ အဆိုအရသိရသည်။

အဆိုပါသင်္ဘောကိုစောင့်ကြည့်ရေးအတွက် စစ်သင်္ဘောတစ်စီး၊ ပင်လယ်ရေကြောင်း ကင်းလှည့်လေယာဉ်တစ်စင်းနှင့် မောင်းသူမဲ့လေယာဉ်တစ်စင်း စေလွှတ်ထားကြောင်း အင်ဒိုနီးရှားရေတပ်က သတင်းထုတ်ပြန်ထားသည်။

တရုတ် ကမ်းခြေစောင့်တပ်သင်္ဘောအနေဖြင့် မည်သည့်မသင်္ကာဖွယ်လုပ်ရပ်မျှ မလုပ်ခဲ့သော်လည်း ယင်းသင်္ဘောရောက်ရှိနေသောနေရာမှာ အင်ဒိုနီးရှားအထူးစီးပွားရေးရေပြင်ဇုန်အတွင်းဖြစ်ရာ မိမိတို့အနေဖြင့်အခြေအနေကို စောင့်ကြည့်ရန်လိုကြောင်း အင်ဒိုနီးရှားရေတပ် သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ကုလသမဂ္ဂပင်လယ်ပြင်ဥပဒေကွန်ဗင်းရှင်းအရ နိုင်ငံတကာရေယာဉ်များအနေဖြင့် နိုင်ငံတစ်နိုင်ငံ၏ အထူးစီးပွားရေးဇုန်ရေပြင်အတွင်းသို့ ဖြတ်သန်းမောင်းနှင်ခွင့်ရှိသည်။

မြောက်နာတူနာပင်လယ်ရေပြင်ဒေသအတွင်း တရုတ်ကမ်းခြေစောင့်တပ်သင်္ဘောဝင်ရောက်မှုနှင့် ပတ်သက်၍ အင်ဒိုနီးရှားနိုင်ငံတရုတ်သံရုံးက တစ်စုံတစ်ရာတုံ့ပြန်မှုမရှိသေးကြောင်း သိရသည်။KKO

# တရားမဝင်ရွှေ့ပြောင်းသူများ ၂၀၂၂ ခုနှစ်အတွင်း ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့ ဝင်ရောက်ရန်ကြိုးပမ်းမှု အကြိမ်ပေါင်း သုံးသိန်းကျော်ရှိ

**ဘရပ်ဆဲလ် ဇန်နဝါရီ ၁၄**

၂၀၂၂ခုနှစ်အတွင်း တရားမဝင်ရွှေ့ပြောင်းဝင်ရောက်သူများသည် ဥရောပသမဂ္ဂ(အီးယူ) နိုင်ငံများအတွင်း ဝင်ရောက်ရေးအတွက် အကြိမ်ပေါင်း ၃၀၀၀၀၀ကျော် ကြိုးပမ်းခဲ့ကြကြောင်း အေပီသတင်းဌာနက ဇန်နဝါရီ ၁၃ ရက်တွင် ဖော်ပြခဲ့သည်။





ဥရောပသမဂ္ဂ နယ်ခြားနှင့် ကမ်းခြေစောင့်ကြပ်ရေးအေဂျင်စီ၏အဆိုအရ တရားမဝင်ရွှေ့ပြောင်းဝင်ရောက်သူများသည် အီးယူနိုင်ငံများသို့ ဝင်ရောက်ရန် အကြိမ်ပေါင်း ၃၃၀၀၀၀ခန့်ထိရှိခဲ့ကြောင်း သိရသည်။

၂၀၂၂ ခုနှစ်အတွင်း အီးယူနိုင်ငံများအတွင်းသို့ ဝင်ရောက်ရန်ကြိုးပမ်းမှုများအနက် ထက်ဝက်ကျော်ကို တရားမဝင်ရွှေ့ပြောင်းဝင်ရောက်မှု ၈၀ ရာခိုင်နှုန်းအားအမျိုးသားများက ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့အတူ ၂၀၂၂ ခုနှစ်အတွင်း အီးယူနိုင်ငံများသို့ ဝင်ရောက်ရေးအတွက် ကြိုးပမ်းမှု ၄၇ ရာခိုင်နှုန်းကို ဆီးရီးယား၊ အာဖဂန်နစ္စတန်နှင့် တူနီးရှားနိုင်ငံသားများက ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း အီးယူနယ်စပ်နှင့် ကမ်းခြေစောင့်ကြပ်ရေးအေဂျင်စီကြေညာချက်၌ ဖော်ပြထားသည်။

၂၀၂၂ ခုနှစ်အတွင်း အီးယူနိုင်ငံများသို့ ဝင်ရောက်ရန် ရွှေ့ပြောင်းဝင်ရောက်သူများ၏ ကြိုးပမ်းမှုများသည် ၂၀၁၆ ခုနှစ်နောက်ပိုင်း အမြင့်မားဆုံးဖြစ်ကြောင်း ဥရောပသမဂ္ဂ၏အဆိုအရ သိရသည်။

သို့သော် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအနေဖြင့် တရားဝင်ခွင့်ပြုချက်မရှိဘဲ ရောက်ရှိလာသူများအတွက် မည်သူက တာဝန်ယူသင့်သည်ကို အငြင်းပွားနေကြဆဲဖြစ်ကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## တရုတ်အမျိုးသားအာကာသအေဂျင်စီက ဂြိုဟ်တုသစ်သုံးစင်းကို ချီကွမ်ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှ အောင်မြင်စွာလွှတ်တင်ခဲ့



**ပေကျင်း ဇန်နဝါရီ ၁၄**

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် ဇန်နဝါရီ ၁၃ ရက်က ဂြိုဟ်တုသစ်သုံးစင်းကို ချီကွမ်ဂြိုဟ်တု လွှတ်တင်ရေးစခန်းမှ အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ယနေ့တွင် ရေးသားတင်ပြထားသည်။

ယောင်ကန်း-၃၇၊ ရှီယန်-၂၂ အေ နှင့် ရှီယန်-၂၂ ဘီအမည်ရှိ ဂြိုဟ်တုသုံးစင်းကို လောင်းမတ်ချ်-၂ ဒီ ဒုံးပျံဖြင့် တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ချီကွမ်ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီးမကြာမီမှာပင် လောင်းမတ်ချ်-၂ ဒီ ဒုံးပျံသည် အထက်ပါဂြိုဟ်တုသုံးစင်းကို သတ်မှတ်ပတ်လမ်းများပေါ်သို့ ပို့ပေးနိုင်ခဲ့ကြောင်း တရုတ်အမျိုးသားအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

အဆိုပါဂြိုဟ်တုသုံးစင်းသည် ကမ္ဘာပတ်လမ်းကြောင်းပေါ်၌ အာကာသပတ်ဝန်းကျင် စောင့်ကြည့်ရေးကဲ့သို့ နည်းပညာသစ်များကို စမ်းသပ်မည်ဖြစ်ကြောင်း တရုတ်အမျိုးသားအာကာသ အေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

အဆိုပါမစ်ရှင်သည် တရုတ်အမျိုးသား အာကာသအေဂျင်စီက ဇန်နဝါရီ ၁၃ ရက် တစ်ရက်တည်းတွင် လွှတ်တင်ခဲ့သော ဒုတိယမြောက် မစ်ရှင်ဖြစ်သည်။

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် ဇန်နဝါရီ ၁၃ ရက် နံနက်ပိုင်းတွင်ပင် လောင်းမတ်ချ်-၂ စီ ဒုံးပျံဖြင့် ဆက်သွယ်ရေးဂြိုဟ်တုတစ်စင်းကို လွှတ်တင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ KKO

## နဂါးငွေ့တန်းကြယ်စု၏ အဝေးလံဆုံးနေရာများ၌ တည်ရှိနေသော ကြယ်အစင်းရေ ၂၀၀ ကျော်ကို ရှာဖွေတွေ့ရှိထား

**ဝါရှင်တန် ဇန်နဝါရီ ၁၄**

နဂါးငွေ့တန်းကြယ်စု၏အဝေးလံဆုံးနေရာများ၌ တည်ရှိနေသော ကြယ်အစင်းရေ ၂၀၀ ကျော်ကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၁၃ ရက်က ရေးသားတင်ပြထားသည်။

အဆိုပါကြယ်များသည် ကမ္ဘာမြေနှင့် အလင်းနှစ်တစ်သန်းကျော်တွင် တည်ရှိနေကြောင်း အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

အမေရိကန် သိပ္ပံပညာရှင်များသည် NGVS နှင့် CFHT ရေဒီယိုတယ်လီစကုပ်များမှအချက်အလက်များကို လေ့လာဆန်းစစ်ပြီးနောက် အဆိုပါကြယ်များကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။



အမေရိကန် သိပ္ပံပညာရှင်များ တွေ့ရှိခဲ့သည့် နဂါးငွေ့တန်းကြယ်စု၏ အဝေးဆုံးကြယ်များ အရေအတွက်မှာ ၂၀၈ စင်းထိရှိခဲ့ကြောင်း သိရသည်။

ထိုကြယ်များ၏ အလင်းအားများကို တိုင်းတာခြင်းဖြင့် ၎င်းတို့တည်ရှိရာနေရာ အကွာအဝေးကို မိမိတို့အနေဖြင့် သီအိုရီနည်းအရ တွက်ချက်နိုင်ခဲ့ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ကမ္ဘာဂြိုဟ်နှင့် ၎င်းကြယ်များကြား အကွာအဝေးသည် နဂါးငွေ့တန်းကြယ်စု၏ အိမ်နီးချင်းကြယ်စုဖြစ်သော အင်ဒရိုမီးဒါးကြယ်စုနှင့် ကမ္ဘာမြေကြား ခရီးစဉ်၏ထက်ဝက်ချိုးနှင့်ညီမျှသည်။ KKO

## လွန်ခဲ့သောနှစ်ပေါင်း ၁၅၀ က ရှာဖွေတွေ့ရှိခဲ့သော ပယင်းကျောက် ပန်းကျောက်ဖြစ်ရုပ်ကြွင်းက ကမ္ဘာဦးပန်းပင်တစ်မျိုး၏ပန်းပွင့်ဖြစ်နိုင်

**ဘာလင် ဇန်နဝါရီ ၁၄**

လွန်ခဲ့သောနှစ်ပေါင်း ၁၅၀ က ရှာဖွေတွေ့ရှိခဲ့သော ပယင်းကျောက် ပန်းကျောက်ဖြစ်ရုပ်ကြွင်းသည် Symplocos Kowalewskii ခေါ် ကမ္ဘာဦးပန်းပင်တစ်မျိုး၏ ပန်းပွင့်ဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များ၏အဆိုကို ကိုးကား၍ Science News သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၁၃ ရက်က ရေးသားတင်ပြထားသည်။

သက်တမ်းအားဖြင့် လွန်ခဲ့သော နှစ်ပေါင်း ၃၈ သန်းနှင့် ၃၃ ဒသမ ၉ သန်းကြားရှိသည့် ပယင်းကျောက်အတွင်း တည်ရှိနေသော အဆိုပါကမ္ဘာဦးပန်းပွင့်ကို ၁၈၇၂ ခုနှစ်တွင် ဂျာမန်သိပ္ပံပညာရှင်များက တွေ့ရှိခဲ့ကြခြင်းဖြစ်သည်။

အဆိုပါ ပယင်းကျောက် ပန်းကျောက်ဖြစ်ရုပ်ကြွင်း၏ ဝတ်မှုန်များကိုထုတ်ယူ၍ အသေးစိတ်ပြန်လည်လေ့လာခဲ့ကြသည်။

လေ့လာချက် ရလဒ်များအရ အဆိုပါပန်းပွင့်သည် Symplocos ခေါ် အာရှမျိုးရင်းဝင် ပန်းပင်တစ်မျိုး၏ ပန်းပွင့်နှင့်လွန်စွာတူကြောင်း သိရသည်။

သို့ဖြစ်ရာ ဂျာမန်သိပ္ပံပညာရှင်များက ၎င်းပန်းပွင့်ကို Symplocos Kowalewskii ဟူ၍ အမည်သစ်ပေးခဲ့ကြသည်။

ယခင်က အဆိုပါ ပန်းကျောက်ဖြစ်ရုပ်ကြွင်းကို Stewartia Kowalewskii ခေါ် အပင်တစ်မျိုး၏ ပန်းအဖြစ် ယူဆခဲ့ကြကြောင်း သိရသည်။ KKO

# HEALTH

## သက်လတ်ပိုင်းအရွယ်တွင် စိတ်ကျန်းမာရေးပြဿနာခံစားရပါက Dementia ဖြစ်နိုင်ခြေမြင့်မားနိုင်

**ဟယ်လ်ဆင်ကီး ဇန်နဝါရီ ၁၄**

သက်လတ်ပိုင်း အရွယ်တွင် စိတ်ဖိစီးမှု၊ စိတ်ရှုပ်ထွေးမှုနှင့် ပင်ပန်းနွမ်းနယ်မှုများ ခံစားနေရပါက ဦးနှောက်စွမ်းဆောင်ရည်ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ဖြစ်နိုင်ခြေ မြင့်မားလာနိုင်ကြောင်း The Daily Mail သတင်းစာက ဇန်နဝါရီ ၁၃ ရက်က ရေးသားတင်ပြထားသည်။

လူအများစုအနေဖြင့် မိသားစုအတွက်၊ လူမှုရေးကတိကဝတ်များအတွက်၊ အလုပ်အကိုင်အတွက် အရုန်းကန်ရဆုံး အချိန်များတွင် စိတ်ကျန်းမာရေးပြဿနာများ ပေါ်လာတတ်သည်သာဖြစ်သည်။

သို့ရာတွင် သက်လတ်ပိုင်းအရွယ်တွင် အဆိုပါပြဿနာများ ရှိလာခဲ့ပါက Dementia ဖြစ်နိုင်ခြေ ၂၄ ရာခိုင်နှုန်း ပိုမိုမြင့်မားလာနိုင်ကြောင်း ဖင်လန်နိုင်ငံ ဟယ်လ်ဆင်ကီးတက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

ဖင်လန် သုတေသနပညာရှင်များသည် လူပေါင်း ၆၈၀၀၀ တို့ကို အချိန်ယူလေ့လာခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

မိမိတို့၏ တွေ့ရှိချက်အရ အသက် ၄၅ နှစ်ခန့်တွင် စိတ်ဖိစီးမှု၊ စိတ်ကျဝေဒနာ၊ စိတ်ရှုပ်ထွေးမှု၊ စိတ်ပင်ပန်းမှုစသည့်ပြဿနာများ ရှိလာခဲ့ပါက Dementia ဖြစ်နိုင်ခြေမှာ ၁၄ ရာခိုင်နှုန်းမှ ၁၇ ရာခိုင်နှုန်းထိ မြင့်တက်လာနိုင်ကြောင်း၊ သို့ရာတွင် သက်လတ်ပိုင်းအရွယ် စိတ်ကျန်းမာရေးပြဿနာများနှင့် Dementia ဖြစ်နိုင်ခြေမြင့်မားမှုတို့ကြား မည်သို့ဆက်စပ်နေသည်ကို မသိရသေးကြောင်း သိရသည်။ KKO

## ယူရစ်အက်စစ်ပါဝင်မှု ပုံမှန်ထက်မြင့်မားပါက နှလုံးခုန်နှုန်းမမှန်မှုပြဿနာ ရင်ဆိုင်ရဖွယ်ရှိ

**တော့ကျိုး ဇန်နဝါရီ ၁၄**

သက်လတ်ပိုင်း အရွယ်တွင် ယူရစ်အက်စစ်ပါဝင်မှု ပုံမှန်ထက် မြင့်မားနေပါက နောက်ပိုင်းကာလများတွင် စိုးရိမ်ရသည့်နှလုံးခုန်နှုန်း မမှန်မှု ပြဿနာတစ်ရပ်နှင့် ရင်ဆိုင်ရဖွယ်ရှိကြောင်း သုတေသန ပညာရှင်များ၏ အဆိုကို ကိုးကား၍ ယူပီအိုင်သတင်းဌာနက ဇန်နဝါရီ ၁၃ ရက်က ရေးသားတင်ပြထားသည်။

သက်လတ်ပိုင်း၌ ယူရစ်အက်စစ်ပါဝင်မှုနှုန်းမြင့်မားမှုသည် နှလုံးခုန်နှုန်း မမှန်မှုပြဿနာ (Atrial Fibrillation) ပေါ်ထွက်လာမှုတွင် အဓိကအခန်းကဏ္ဍမှပါဝင်နေဖွယ်ရှိကြောင်း ဆွီဒင်နိုင်ငံ ကာရိုလင်စကာ သုတေသနအင်စတီကျုမှ သုတေသန ပညာရှင်များ၏အဆိုအရ သိရသည်။

ဆွီဒင် သုတေသနပညာရှင်များသည် ယူရစ်အက်စစ်နှင့် နှလုံးခုန်နှုန်းမမှန်မှုပြဿနာတို့ကြား ဆက်စပ်မှုကို ဖော်ထုတ်ရေးအတွက် ပျမ်းမျှ အသက် ၂၆ နှစ်ရှိ လူပေါင်း ၃၃၀၀၀၀ ကျော်တို့ကို လေ့လာစောင့်ကြည့်ခဲ့ကြသည်။

လေ့လာချက်မှ ထွက်ပေါ်လာသည့် ရလဒ်များအရ ယူရစ်အက်စစ်ပါဝင်မှုနှုန်း အမြင့်မားဆုံးသူများသည် အနိမ့်ဆုံးသူများထက် နှလုံးခုန်မမှန်မှုပြဿနာ ပေါ်လာနိုင်ခြေ ၄၅ ရာခိုင်နှုန်း ပိုမိုမြင့်မားနေတတ်ကြောင်း တွေ့ရသည်။

အလားတူ ယူရစ်အက်စစ်ပါဝင်မှုနှုန်း မြင့်မားလာသည်နှင့်အမျှ နှလုံးခုန်နှုန်း မမှန်မှုပြဿနာပေါ်လာနိုင်ခြေမှာ ပို၍မြင့်မားလာတတ်ကြောင်း သုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့သည်။ KKO



# နိုင်ငံတကာ အားကစားသတင်းများ

## ချဲလ်ဆီးအသင်းက ပီအက်စ်ဗွီတောင်ပံကစားသမား နိုနီကို ယူရို သန်း ၃၀ ဖြင့် ခေါ်ယူရန် ကြိုးပမ်း

**လန်ဒန် ဇန်နဝါရီ ၁၄**

ချဲလ်ဆီးအသင်းသည် တောင်ပံ တိုက်စစ်ပိုင်းပြဿနာကို ဖြေရှင်းနိုင်ရန်အတွက် ပီအက်စ်ဗွီအသင်းတွင် ခြေစွမ်းပြ ကစားနေသည့် နိုနီကို ပြောင်းရွှေ့ကြေး ယူရို သန်း ၃၀ ဖြင့် ခေါ်ယူရန် ကြိုးပမ်းနေကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ပီအက်စ်ဗွီအသင်း နည်းပြဗန်နစ္စတယ်ရွိုင်းက လက်ရှိ အပြောင်းအရွှေ့ကာလတွင် တိုက်စစ်မှူး ဂတ်ပိုကို လီဗာပူးအသင်းသို့ ယူရို ၃၇ သန်းဖြင့် လက်လွှတ်ခဲ့ရပြီးနောက် တောင်ပံကစားသမား နိုနီကို လက်မလွှတ်ရရေး ကြိုးပမ်းလျက်ရှိပြီး ချဲလ်ဆီးအသင်းက ကစားသမားကို မက်လုံးပေး ကမ်းလှမ်းမှုများ ပြုလုပ်နေသောကြောင့် ကစားသမားအနေဖြင့် ချဲလ်ဆီးအသင်းသို့ ရောက်ရှိရန် နီးစပ်နေကြောင်း သိရသည်။

ပီအက်စ်ဗွီအသင်း နည်းပြဗန်နစ္စတယ်ရွိုင်းက "နိုနီရဲ့ စွမ်းဆောင်ရည် ကောင်းမွန်မှုကြောင့် ကလပ်အသင်းကြီးတွေက စိတ်ဝင်စားနေမယ်ဆိုတာ ကျွန်တော်သိပါတယ်။ ကျွန်တော့်ဆန္ဒအရတော့ နိုနီကို အသင်းမှာ ဆက်ရှိစေချင်တာပါ။ ဘာကြောင့်လဲဆိုရင် အသင်းအနေနဲ့ တိုက်စစ်မှူး ဂတ်ပိုကို လက်လွှတ်ခဲ့ရလို့ တိုက်စစ်ပိုင်း ကျဆင်းသွားမှာကို စိုးရိမ်လို့ပါ။ ဒါပေမဲ့ တချို့အရာတွေကို ကျွန်တော်တို့ ဆုံးဖြတ်လို့ မရပါဘူး" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ML



| | | | | |
|---|---|---|---|---|
| **စပိန်လာလီဂါပွဲစဉ် (၁၇) ရလဒ်** | | | | |
| ဗယ်လာဒိုးလစ် | ၀ | - | ၁ | ဗယ်လ်ကာနို |
| ဂျီရိုနာ | ၂ | - | ၁ | ဆီဗီလာ |
| **အီတလီစီးရီးအေပွဲစဉ် (၁၈) ရလဒ်** | | | | |
| ခရီမိုနန်စီ | ၂ | - | ၃ | မွန်ဇာ |
| **ပြင်သစ်လီဂူးပွဲစဉ် (၁၉) ရလဒ်** | | | | |
| လန်း | ၁ | - | ၀ | အော်ဇေး |

**(ဝ၄ဝ)**

## အားကစားသတင်း အတိုအထွာများ

- နယူးကာဆယ်အသင်းနှင့်ပွဲစဉ်တွင် ကစားသမားများကို ထိန်းသိမ်းရန် ပျက်ကွက်ခဲ့သည့် အာဆင်နယ်အသင်းကို အက်ဖ်အေက စတာလင်ပေါင် ၄၀၀၀၀ ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။
- ကမ္ဘာ့ဖလား ဗိုလ်လုပွဲစဉ်တွင် ချန်ပီယံဆု ရရှိခဲ့သည့် အာဂျင်တီးနားအသင်းအနေဖြင့် အဝတ်လဲခန်းအတွင်း အောင်ပွဲခံရာတွင် ပြင်သစ်အသင်း တိုက်စစ်မှူးအမ်ဘက်ပီကို ပစ်မှတ်ထားတိုက်ခိုက်မှုပြုလုပ်ခဲ့သောကြောင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က စစ်ဆေးမှုပြုလုပ်နေကြောင်း သိရသည်။
- လိင်ပိုင်းဆိုင်ရာ တိုက်ခိုက်မှုကြောင့် တရားစွဲဆိုခံထားရသည့် မန်စီးတီးကစားသမား ဘင်ဂျမင်မန်ဒီကို ပြစ်မှုမရှိကြောင်း အင်္ဂလန်နိုင်ငံ ချက်စတာခရောင်း တရားရုံးက ထုတ်ပြန်ကြေညာခဲ့သည်။

ML

## အာဆင်နယ်အသင်းက ရှက်တာဒိုးနက်အသင်းမှ မူဒရစ်ကို ယူရို သန်း ၁၀၀ ဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိ



**လန်ဒန် ဇန်နဝါရီ ၁၄**

အာဆင်နယ်အသင်းက ကာလရှည်ပစ်မှတ်ကစားသမားဖြစ်သည့် ရှက်တာဒိုးနက်အသင်းမှ မူဒရစ်ကို ပြောင်းရွှေ့ကြေး ယူရိုသန်း ၁၀၀ ဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီဟု ဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

ယခုနှစ် ဘောလုံးရာသီတွင် ပရီးမီးယားလိဂ်ချန်ပီယံဆုအတွက် မျှော်လင့်ချက်ရှိနေသည့် အာဆင်နယ်အသင်းက အသင်းတိုက်စစ်ပိုင်းတွင် ဂါဘရီရယ်ဂျီးဆပ်အနေဖြင့် ဒဏ်ရာပြဿနာကြောင့် ကာလရှည် အနားယူရမည်ဖြစ်သည့်အတွက် လက်ရှိ ဇန်နဝါရီကစားသမားအပြောင်းအရွှေ့ကာလတွင် မူဒရစ်ကို ခေါ်ယူရန်အစောပိုင်းကတည်းက ကြိုးပမ်းနေခြင်းဖြစ်သည်။

ယခုနှစ် ဘောလုံးရာသီတွင် ရှက်တာဒိုးနက်အသင်းနှင့် ခြေစွမ်းပြသလျက်ရှိနေသည့် မူဒရစ်ကို အာဆင်နယ်အသင်းက အစောပိုင်းကတည်းကခေါ်ယူရန် ကြိုးပမ်းနေပြီး နှစ်ကြိမ်ထိ ကမ်းလှမ်းခဲ့သော်လည်း ရှက်တာဒိုးနက်အသင်းက ပယ်ချခဲ့သည့်အတွက် ယခုအခါ နောက်ဆုံးအနေဖြင့် ပြောင်းရွှေ့ကြေး ယူရို ၇၅ သန်းအပြင် အပိုဆုကြေး ယူရို ၂၅ သန်း စုစုပေါင်း ယူရိုသန်း ၁၀၀ ဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

အစောပိုင်းကတည်းက မူဒရစ်ကိုယ်တိုင်က အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ကစားလိုသည့်အတွက် ရှက်တာဒိုးနက်အသင်းထံ ပြောင်းရွှေ့ခွင့် တောင်းဆိုထားပြီး ယခုအခါ အာဆင်နယ်အသင်းကလည်း ရှက်တာဒိုးနက်အသင်း လက်ခံနိုင်သည့် ပြောင်းရွှေ့ကြေးဖြင့် ကမ်းလှမ်းခဲ့သည့်အတွက် တတိယအကြိမ်တွင် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

အာဆင်နယ်အသင်းက မူဒရစ်ကို ခေါ်ယူရန်သဘောတူညီမှုရရှိခဲ့သည့်အတွက် မကြာမီ ဆေးစစ်မှုများ ပြုလုပ်ကာ အပြီးသတ်စာချုပ်ချုပ်ဆိုမည်ဖြစ်ပြီး မန်ယူအသင်းနှင့် အာဆင်နယ်အသင်းတို့ ပွဲစဉ်တွင် မူဒရစ်အနေဖြင့် စတင်ပါဝင်ကစားဖွယ်ရှိနေကြောင်း သိရသည်။

STA

## Sony Open ပြိုင်ပွဲ အမှတ်ပေးဇယားကိုခရစ်ကစ်က ဆက်လက်ဦးဆောင်

**ဝါရှင်တန် ဇန်နဝါရီ ၁၄**

အမေရိကန်နိုင်ငံ ဟာဝိုင်ယီကျွန်းတွင် ကျင်းပနေသည့် Sony Open ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား ခရစ်ကစ်က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၁ ချက်လျှော့ရိုက်ကာ အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်ထားနိုင်ကြောင်း Gulf News သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမားများ ဖြစ်ကြသည့် ဂျေဂျေစပေါင်နှင့် မောင့်ဂိုမာရီတို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၀ ချက် လျှော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိပြီး နိုင်ငံတူ ကစားသမားများဖြစ်သည့် လစ်စကိုင်နှင့် ဘက်ကလေတို့က စုစုပေါင်းသတ်မှတ် ရိုက်ချက်ထက် ကိုးချက်လျှော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

ခရစ်ကစ်သည် ပထမနေ့တွင်လည်း အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သူဖြစ်သလို ဒုတိယနေ့တွင်လည်း ပုံစံကောင်း ဆက်လက်ပြသကာ အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နိုင်ခဲ့ခြင်းလည်း ဖြစ်သည်။

ခရစ်ကစ်က "ဒီလိုခက်ခဲတဲ့ ပြိုင်ပွဲဟာ ကစားရတာဖိအားများပါတယ်။ အထူးသဖြင့် စိတ်ဓာတ်ပိုင်းဆိုင်ရာမှာ ဖိအားပိုများတယ်။ နာမည်ကြီး ကစားသမားကောင်းတွေနဲ့ ယှဉ်ပြိုင်ကစားရတာ စွမ်းဆောင်ရည်ပိုင်း အကောင်းဆုံး ပုံစံမှာရှိနေဖို့ လိုအပ်သလို စိတ်ဓာတ်ပိုင်းဆိုင်ရာမှာလဲ အမြင့်ဆုံးရောက်နေဖို့ လိုအပ်တယ်။ ကျွန်တော့်အနေနဲ့ ပထမနေ့မှာရလဒ်ကောင်းခဲ့သလို ဒုတိယနေ့မှာလဲ ရလဒ်ကောင်းကို ဆက်ထိန်းသိမ်းနိုင်ခဲ့ပါတယ်။ တတိယနေ့မှာလဲ အကောင်းဆုံးပုံစံကို ဆက်ထိန်းသိမ်းနိုင်ဖို့ ကြိုးစားသွားပါမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

## ASB Classic တင်းနစ်ပြိုင်ပွဲချန်ပီယံဆုကို ပြင်သစ်ကစားသမား ဂတ်စ်ကွက် ဆွတ်ခူး

**အော့ကလန် ဇန်နဝါရီ ၁၄**

နယူးဇီလန်နိုင်ငံ အော့ကလန်တွင်ကျင်းပခဲ့သည့်ASB Classic တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ပြင်သစ် တင်းနစ်ကစားသမား ဂတ်စ်ကွက်နှင့် ဗြိတိန်တင်းနစ်ကစားသမား ကင်မရွန်းနော်ရီတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂတ်စ်ကွက်က (၄-၆၊ ၆-၄၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း French24 သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂတ်စ်ကွက်သည် ပထမပွဲငယ်တွင် ရှုံးနိမ့်ခဲ့ရပြီး ပွဲငယ်နှစ်ပွဲဆက်တိုက်အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့သည်။

ကင်မရွန်းနော်ရီ အနေဖြင့် ၂၀၂၃ ခုနှစ်အတွက် ပထမဆုံးသော ချန်ပီယံဆုဖလားကို ဆွတ်ခူးနိုင်ရန် ပစ်မှတ်ထားခဲ့သော်လည်း ဂတ်စ်ကွက်၏ စွမ်းဆောင်ရည်ပိုင်း ပိုမိုသာလွန်ခဲ့ခြင်းကြောင့် ချန်ပီယံဖြစ်ခွင့်ရမည့် အခြေအနေနှင့် လွဲချော်ခဲ့ရသည်။



ကင်မရွန်းနော်ရီက "ဗြိတိန်တင်းနစ်ကစားသမားတွေ အောင်မြင်မှုရဖို့ ရှန်းကန်နေရတဲ့ အခြေအနေကနေ လွတ်မြောက်အောင် ကျွန်တော်အကောင်းဆုံး ကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့လဲ ဂတ်စ်ကွက်ကစားသွားတာ ကျွန်တော့်ထက်ပိုကောင်းခဲ့တယ်။ ဂတ်စ်ကွက်ဟာ ထိုက်ထိုက်တန်တန်နဲ့ ချန်ပီယံဆုကို ဆွတ်ခူးခဲ့တာပါ။ အောင်မြင်မှုနဲ့ လွဲချော်ခဲ့ရတယ်ဆိုပေမဲ့လဲ ဒီပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တဲ့ ကာလတစ်လျှောက် အရမ်းကိုပျော်ရွှင်ခဲ့ရပါတယ်။ ASB Classic တင်းနစ်ပြိုင်ပွဲဆိုတာ ကျွန်တော်ငယ်စဉ်ကလေးဘဝကတည်းက ရုပ်သံလိုင်းတွေကနေ စောင့်ကြည့်အားပေးခဲ့ရတဲ့ ပြိုင်ပွဲတစ်ရပ်ပါ။ ဒီပြိုင်ပွဲမှာ ကျွန်တော်ကိုယ်တိုင် ပါဝင်ယှဉ်ပြိုင်ခွင့်ရခဲ့သလို ဗိုလ်လုပွဲစဉ်ထိလဲ တက်ရောက်နိုင်ခဲ့တယ်။ ပွင့်ပွင့်လင်းလင်းပြောရရင်တော့ ဒီဆုဖလားကို ကျွန်တော် သိပ်လိုချင်ခဲ့ပါတယ်။ ဒါကြောင့်လဲ အကောင်းဆုံး ကြိုးစားကစားခဲ့တယ်။ ကျွန်တော့်အနေနဲ့ ချန်ပီယံဖြစ်ထိုက်တဲ့ အရည်အသွေးတွေ လိုအပ်နေသေးတယ်လို့ ခံစားမိတယ်။ လာမဲ့နှစ်ကျရင်တော့ ဒီပြိုင်ပွဲမှာအောင်မြင်မှုရယူနိုင်အောင် ကြိုးစားမယ်" ဟု ပြောကြားခဲ့သည်။

AZL

# ပါမီးယက်စ် ကွင်းလယ်ကစားသမား ဒန်နီလိုကို ယူရို သန်း ၂၀ ဖြင့် နော်တင်ဟမ်အသင်း ခေါ်ယူ




**လန်ဒန် ဇန်နဝါရီ ၁၄**

နော်တင်ဟမ် အသင်းသည် ယခု အပြောင်းအရွှေ့ကာလတွင် ဒုတိယမြောက်ကစားသမားခေါ်ယူမှုအဖြစ် ပါမီးယက်စ်အသင်း ကွင်းလယ်ကစားသမား ဒန်နီလိုကို ပြောင်းရွှေ့ကြေး ယူရိုသန်း ၂၀ ဖြင့် ခေါ်ယူခဲ့ကြောင်း Football Today သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

နော်တင်ဟမ် အသင်းသည် အသက် ၂၁ နှစ်ရှိ ဒန်နီလိုကို ခေါ်ယူရန် ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက ယူရို သန်း ၂၀ ဖြင့် စတင်ကမ်းလှမ်းခဲ့ရာ ပါမီးယက်စ်အသင်းက ပယ်ချခဲ့ပြီးနောက် ဖြင်သစ်လီဂူးကလပ် မိုနာကို အသင်းက ကစားသမားတစ်ဦး အလိုက်ပေး၍ ယူရို ၁၃ သန်းဖြင့် ထပ်မံကမ်းလှမ်းချိန်တွင် နော်တင်ဟမ်အသင်းက ယူရိုသန်း၂၀ဖြင့် ခေါ်ယူရန် ကြိုးပမ်းခဲ့ရာတွင် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် ဒန်နီလိုသည် နော်တင်ဟမ်အသင်းတွင် ဆေးစစ်မှုခံယူရန် အင်္ဂလန်နိုင်ငံသို့ ရောက်ရှိနေပြီး ဆေးစစ်မှု အောင်မြင်ပါက ကာလရှည်စာချုပ် ချုပ်ဆိုမည်ဖြစ်သကဲ့သို့ နော်တင်ဟမ်အသင်းအနေဖြင့်လည်း ယခု အပြောင်းအရွှေ့ကာလတွင် ပါမီးယက်စ်အသင်းမှ ကွင်းလယ်တိုက်စစ်ကစားသမားဂတ်စတာဘို အပါအဝင် ကစားသမားနှစ်ဦးထိ ခေါ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

နော်တင်ဟမ် အသင်းသည် ပရီးမီးယားလိဂ်မှ တန်းမဆင်းရရေးအတွက် အရည်အသွေးပြည့်ဝသည့်ကစားသမားသစ်အများအပြား ခေါ်ယူခဲ့ပြီး လက်ရှိအမှတ်ပေးပြိုင်ပွဲ ၁၈ ပွဲကစားအပြီးတွင် ရမှတ် ၁၇ မှတ်ဖြင့် အမှတ်ပေးဇယားအဆင့် (၁၅) သို့ ရောက်ရှိနေကြောင်း သိရသည်။

ML

# ချဲလ်ဆီးအသင်းဘုတ်အဖွဲ့က ရလဒ်များဆိုးရွားနေသော်လည်း နည်းပြအပြောင်းအလဲ ပြုလုပ်မည်မဟုတ်

**လန်ဒန် ဇန်နဝါရီ ၁၄**

ချဲလ်ဆီးအသင်း ဘုတ်အဖွဲ့က လက်ရှိတွင် ရလဒ်များ ဆိုးရွားနေသော်လည်း နည်းပြအပြောင်းအလဲ ပြုလုပ်ရန် အစီအစဉ်မရှိဘဲ လက်ရှိ နည်းပြ ဂရေဟမ်ပေါ်တာကိုသာ ဆက်လက် တာဝန်ပေးအပ်သွားမည်ဟု ထုတ်ပြန်ခဲ့ကြောင်း Football London သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ချဲလ်ဆီးအသင်းသည် ယခုနှစ် ဘောလုံးရာသီတွင် အသင်းပိုင်ရှင် အပြောင်းအလဲဖြစ်ပွားခဲ့ပြီးနောက် ရာသီအစပိုင်းကရလဒ်များ ဆိုးရွားခဲ့မှုကြောင့် နည်းပြတူချယ်ကို ရာထူးမှ ထုတ်ပယ်ခဲ့ပြီး ဘရိုက်တန်အသင်းနည်းပြ ဂရေဟမ်ပေါ်တာကို ခန့်အပ်ထားခြင်းဖြစ်သည်။

နည်းပြဂရေဟမ်ပေါ်တာသည် အစပိုင်းက အသင်းကို ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်နိုင်ခဲ့သော်လည်း နောက်ပိုင်းပွဲစဉ်များတွင် အဓိက ကစားသမား အများစု ဒဏ်ရာရရှိနေပြီး ရလဒ်များ ဆက်တိုက် ဆိုးရွားနေခြင်းဖြစ်သည်။

ချဲလ်ဆီးအသင်းသည် နောက်ဆုံးကစားခဲ့သည့် ရှစ်ပွဲတွင် တစ်ပွဲသာအနိုင်ရရှိခဲ့ပြီး သုံးပွဲဆက်ရှုံးပွဲကြုံတွေ့ခဲ့ရပြီးနောက် နည်းပြဂရေဟမ်ပေါ်တာနေရာတွင် စပါးအသင်းနှင့် ပီအက်စ်ဂျီအသင်း နည်းပြဟောင်း ပိုချက်တီနိုနှင့် အစားထိုးဖွယ်ရှိနေသည်ဟု သတင်းများထွက်ပေါ်ခဲ့သော်လည်း ယခုအခါ ချဲလ်ဆီးအသင်းနည်းပြ ဘုတ်အဖွဲ့က နည်းပြ ဂရေဟမ်ပေါ်တာကိုသာ ဆက်လက်တာဝန်ပေးအပ်ပြီး လိုအပ်သည့် နေရာများတွင် ကစားသမားသစ်ခေါ်ယူပေးမည်ဟု ထုတ်ပြန်ခဲ့ကြောင်း သိရသည်။




STA

# ဘရိုက်တန်အသင်း တိုက်စစ်မှူး ထရိုဆက် လက်ရှိဇန်နဝါရီအပြောင်းအရွှေ့၌ အသင်းမှထွက်ခွာရန်ပြင်ဆင်




**လန်ဒန် ဇန်နဝါရီ ၁၄**

ဘရိုက်တန်အသင်း တိုက်စစ်ကစားသမား ထရိုဆက်သည် အသင်းနည်းပြ ဒီဇာဘီနှင့် ဆက်ဆံရေး မပြေလည်မှုများကြောင့် လက်ရှိ ဇန်နဝါရီကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှ ထွက်ခွာရန် ပြင်ဆင်နေသည်ဟု The Athletic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၈ နှစ်ရှိ ထရိုဆက်သည် ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်က ဂျန့်အသင်းမှ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၅ သန်းဖြင့် ဘရိုက်တန်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး ယခုနှစ်ဘောလုံးရာသီအကုန်တွင် အသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။

နည်းပြ ဒီဇာဘီနှင့် ထရိုဆက်တို့သည် အစောပိုင်းကတည်းက အချင်းများမှု ဖြစ်ပွားခဲ့ပြီး အက်ဖ်အေဖလားပွဲစဉ်အဖြစ် ကစားခဲ့သည့် မစ်ဒယ်ဘရော့အသင်းနှင့် ဘရိုက်တန်အသင်းတို့ ပွဲစဉ်တွင် ထရိုဆက်သည် အဆိုပါပွဲစဉ်ကစားသမားစာရင်းတွင် မပါဝင်ခဲ့သည်ကို သိရှိခဲ့ပြီးနောက် လေ့ကျင့်ရေးကွင်းမှ စောစောစီးစီးထွက်ခွာခဲ့ကာ နည်းပြ ဒီဇာဘီနှင့် ဆက်ဆံရေးပိုမိုဆိုးရွားလာခဲ့ခြင်းဖြစ်သည်။

ထို့နောက် နည်းပြ ဒီဇာဘီက ထရိုဆက်ကို အပြစ်ပေးသည့်အနေဖြင့် အသင်းနှင့်ပူးပေါင်း လေ့ကျင့်ခန်းဆင်းခွင့် ပိတ်ပင်ပြီး လူငယ်အသင်းနှင့်သာ ပူးပေါင်းစေခဲ့သည့်အတွက် ထရိုဆက်က လက်ရှိတွင် အသင်းနှင့်မပူးပေါင်းဘဲ ဇန်နဝါရီ ကစားသမား အပြောင်းအရွှေ့ မပြီးဆုံးမီ အသင်းမှ ထွက်ခွာရန် ပြင်ဆင်နေခြင်းဖြစ်သည်။

လက်ရှိတွင် ဘရိုက်တန်အသင်းမှ ထွက်ခွာရန်ပြင်ဆင်နေသည့် ထရိုဆက်ကို ချဲလ်ဆီးအသင်းနှင့် အာဆင်နယ်အသင်းတို့က အပြိုင်ခေါ်ယူရန် ကြိုးပမ်းနေပြီး ထရိုဆက်က ဘရိုက်တန်အသင်းတွင် လက်တွဲခဲ့ဖူးသည့် နည်းပြ ဂရေဟမ်ပေါ်တာ ကိုင်တွယ်နေသည့်ချဲလ်ဆီးအသင်းသို့သာ ပြောင်းရွှေ့ကစားဖွယ်ရှိနေကြောင်း သိရသည်။STA

# စပါးအသင်းက လူးကပ်မော်ရာကို သက်တမ်းတိုးမည်မဟုတ်ကြောင်း ကွန်တီပြောကြား

**လန်ဒန် ဇန်နဝါရီ ၁၄**

စပါးအသင်းသည် အသင်းနှင့် စာချုပ်သက်တမ်း ကုန်ဆုံးရန် ခြောက်လသာ ကျန်ရှိတော့သည့် တောင်ပံကစားသမား လူးကပ်မော်ရာကို သက်တမ်းတိုးရန် အစီအစဉ်မရှိဘဲ အလွတ်ပြောင်းရွှေ့ခွင့်ပြုမည်ဖြစ်သည်ဟု နည်းပြ ကွန်တီက ပြောကြားခဲ့ကြောင်း 90Min.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၀ နှစ်ရှိ လူးကပ်မော်ရာသည် ယခုနှစ်ဘောလုံးရာသီတွင် အသင်းအတွက် ပြိုင်ပွဲစုံ ၁၁ ပွဲတွင် ပွဲကစားချိန် ၂၆၉ မိနစ်သာရှိခဲ့ပြီး အမှတ်ပေးပြိုင်ပွဲတွင်လည်း နှစ်ပွဲသာ ပါဝင်ကစားခဲ့ရကာ ပွဲကစားချိန် ၁၀ မိနစ်သာရှိခဲ့သဖြင့် ပုံစံကောင်း ပျောက်ဆုံးခဲ့သောကြောင့် အသင်းတာဝန်ရှိသူများက စာချုပ်သက်တမ်းတိုးရန် ဆန္ဒမရှိတော့ဘဲ အလွတ်ပြောင်းရွှေ့ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

နည်းပြကွန်တီက "ဘောလုံးရာသီအစတုန်းက လူးကပ်မော်ရာကို အသင်းရဲ့ အဓိက ကစားသမားအဖြစ် ထည့်သွင်းခဲ့တာပါ။ ဒါပေမဲ့ အားလုံး တွေ့မြင်ရတဲ့အတိုင်း သူဟာ ဒဏ်ရာပြဿနာတွေနဲ့သာ ရုန်းကန်နေရပါတယ်။ သူဟာ ပြီးခဲ့တဲ့ ရာသီမှာ အသင်းကိုချန်ပီယံလိဂ်ဝင်ခွင့်ရရှိအောင် အဓိက ကူညီနိုင်ခဲ့ပေမဲ့ အခုရာသီမှာတော့ ခြေစွမ်းပိုင်းကျဆင်းခဲ့ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲမှာ တစ်ပွဲသာ ပါဝင်ကစားနိုင်ခဲ့ပါတယ်။ ဒါကြောင့် အသင်းအနေနဲ့ သူ့ကိုသက်တမ်းတိုးမှာ မဟုတ်ဘဲ အလွတ်ပြောင်းရွှေ့ခွင့်ပြုသွားမှာပါ။ ဒါကလဲ အသင်းရဲ့ ဆုံးဖြတ်ချက်သာဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

လူးကပ်မော်ရာသည် ၂၀၁၈ ခုနှစ်က ပီအက်စ်ဂျီအသင်းမှ စပါးအသင်းသို့ စတာလင်ပေါင် ၂၅ သန်းဖြင့် ပြောင်းရွှေ့ခဲ့ပြီး အသင်းအတွက် ပြိုင်ပွဲစုံ ၂၁၃ ပွဲ ပါဝင်ခဲ့ရာတွင် သွင်းဂိုး ၃၈ ဂိုးနှင့် ဂိုးဖန်တီးမှု ၂၇ကြိမ်ထိ ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

ML

# WBA၊ WBC အမျိုးသမီးဖလိုင်းဝိတ်တန်း ချန်ပီယံစိန်ခေါ်ပွဲတွင် ဂျက်ဆီကာနီရီ အနိုင်ရရှိ

**ကွိဘက် ဇန်နဝါရီ ၁၄**

WBA၊ WBC အမျိုးသမီး ဖလိုင်းဝိတ်တန်း ချန်ပီယံစိန်ခေါ်ပွဲစဉ်အဖြစ် WBA အမျိုးသမီး ဖလိုင်းဝိတ်တန်းချန်ပီယံ မက္ကဆီကို လက်ဝှေ့မယ် ဂျက်ဆီကာနီရီနှင့် WBC အမျိုးသမီးဖလိုင်းဝိတ်တန်း ချန်ပီယံ ကနေဒါလက်ဝှေ့မယ် ကင်မ်ကလာဗယ်တို့ ယနေ့တွင် ကနေဒါနိုင်ငံကွိဘက်တွင် ထိုးသတ်ခဲ့ရာ ဂျက်ဆီကာနီရီက အနိုင်ရရှိကာ WBA၊ WBC အမျိုးသမီး ဖလိုင်းဝိတ်တန်း ချန်ပီယံခါးပတ်များကို ပိုင်ဆိုင်ခွင့်ရခဲ့ကြောင်း Boxing Scene သတင်းဌာန ဖော်ပြခဲ့သည်။

အသက် ၂၈ နှစ်ရှိ ဂျက်ဆီကာနီရီသည် မွေးရပ်မြေတွင်ယှဉ်ပြိုင်ထိုးသတ်ခွင့်ရခဲ့သည့် ကင်မ်ကလာဗယ်ကို အကောင်းဆုံးဖိအားပေး ထိုးသတ်နိုင်ခဲ့ပြီး အမျိုးသမီး ဖလိုင်းဝိတ်တန်း၏ အကောင်းဆုံး လက်ဝှေ့မယ် တစ်ဦးဖြစ်ကြောင်းကို ပြသနိုင်ခဲ့သည်။

အမှတ်ပေးဒိုင်များဖြစ်ကြသည့် ဂျွန်မက်ဒ်ဖစ်က (၉၆-၉၄) ရမှတ်ဖြင့်လည်းကောင်း၊ ဂိုင်းဂီရတ်က (၉၇-၉၃) ရမှတ်ဖြင့် လည်းကောင်း၊ နသန်အလက်ဇန္ဒားက (၉၇-၉၃) ရမှတ်ဖြင့်လည်းကောင်း ဂျက်ဆီကာနီရီကို အနိုင်ပေးခဲ့သည်။

ကင်မ်ကလာဗယ်က "ကနေဒါ ပရိသတ်တွေရှေ့မှာ ဖလိုင်းဝိတ်တန်းရဲ့ အကောင်းဆုံးလက်ဝှေ့မယ် တစ်ဦးဖြစ်ကြောင်း ပြသနိုင်ဖို့ အကောင်းဆုံး ကြိုးစားပြင်ဆင်ခဲ့ပါတယ်။ ဒါပေမဲ့လဲ လက်ရှိ ချန်ပီယံကို မကာကွယ်နိုင်ခဲ့ပါဘူး။ ဒိုင်အမှတ်နဲ့ ကပ်ရှုံးခဲ့ရလို့လဲ စိတ်ပျက်မိပါတယ်။ အခွင့်အရေးရရင် မကျေပွဲအမြန်ဆုံး စီစဉ်သွားချင်တယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

**ပရီးမီးယားလိဂ်ပွဲစဉ် (၂၀) ရလဒ်**

| | | | | |
|---|---|---|---|---|
| မန်ယူ | ၂ | - | ၁ | မန်စီးတီး |
| ဘရိုက်တန် | ၃ | - | ၀ | လီဗာပူး |
| အဲဗာတန် | ၁ | - | ၂ | ဆောက်သမ်တန် |
| နော်တင်ဟမ် | ၂ | - | ၀ | လက်စတာ |
| ဝုဗ် | ၁ | - | ၀ | ဝက်စ်ဟမ်း |

(ဝ၄ဝ)

**ကမ္ဘာ့ကျန်းမာရေးလောကရှုခင်း**

# ပါကစ္စတန်နိုင်ငံ၏ ကင်ဆာရောဂါထိန်းချုပ်ကုသမှုအခြေအနေများ (၁)

၁၉၄၇ ခုနှစ်တွင် ပါကစ္စတန်နိုင်ငံသည် အိန္ဒိယနိုင်ငံမှခွဲထွက်ပြီး လွတ်လပ်ရေးရခဲ့သည်။ ယနေ့ဆိုလျှင် ပါကစ္စတန်နိုင်ငံ၌ လူဦးရေသန်း ၂၂၀ ကျော်ရှိပြီး ကမ္ဘာပေါ်တွင် ပဉ္စမမြောက် လူဦးရေအများဆုံးနိုင်ငံဖြစ်သည်။ ၂၀၂၀ ပြည့်နှစ်တွင် ပါကစ္စတန်နိုင်ငံ၏ ဂျီဒီပီက အမေရိကန်ဒေါ်လာ ၂၆၃ ဒသမ ၇ ဘီလီယံရှိရာ တစ်ဦးချင်းဂျီဒီပီက အမေရိကန်ဒေါ်လာ ၁၁၉၄ ဒေါ်လာဖြစ်ကာ ကမ္ဘာ့အဆင့် (၁၈၁) နေရာတွင် ရှိသည့်အတွက် ဝင်ငွေနိမ့်နိုင်ငံဖြစ်သည်။ လူသားဖွံ့ဖြိုးမှုညွှန်းကိန်းတွင်လည်း ပါကစ္စတန်က ကမ္ဘာ့အဆင့် (၁၅၄) နေရာ၌ ရှိသည်။ အဆိုပါညွှန်းကိန်းသည် နိုင်ငံစုစုပေါင်း ၁၈၉ နိုင်ငံအပေါ် အခြေခံသတ်မှတ်ထားခြင်းဖြစ်သည်။ ပါကစ္စတန်နိုင်ငံသားတစ်ဦးအတွက် နိုင်ငံတော်က ကျခံပေးသည့် ကျန်းမာရေးအသုံးစရိတ်ကုန်ကျငွေမှာ အမေရိကန်ဒေါ်လာ ၄၃ ဒေါ်လာဖြစ်သည်။

အပြည်ပြည်ဆိုင်ရာကင်ဆာသုတေသနအေဂျင်စီအဖွဲ့ကြီး၏ ခန့်မှန်းချက်အရ ပါကစ္စတန်နိုင်ငံသည် တစ်နှစ်ပျမ်းမျှ ကင်ဆာလူနာသစ်ဦးရေ ၁၇၈၀၀၀ ကျော်နှင့် တစ်နှစ်ပျမ်းမျှ ကင်ဆာလူနာ သေဆုံးသူဦးရေ ၁၁၇၀၀၀ ကျော်ရှိသည်ဟု ဆိုသည်။ အိမ်နီးချင်းအာဖဂန်နစ္စတန်နိုင်ငံကဲ့သို့ ကင်ဆာကုသမှု လုံးဝမရှိသည့်နေရာများက ကင်ဆာလူနာများသည်လည်း ပါကစ္စတန်နိုင်ငံဆီသို့လာရောက်ပြီး ကင်ဆာကုသမှုခံယူနေကြသည်။ ထို့အတွက်ကြောင့် ပါကစ္စတန်နိုင်ငံအပေါ် ကင်ဆာရောဂါ၏ ဖိစီးမှုပမာဏက အတော်လေးကြီးမားသည်ဟုဆိုနိုင်သည်။

ပါကစ္စတန်နိုင်ငံမှ ကင်ဆာလူနာအများစုက အဆင့်လွန် နောက်ကျပြီးမှ ကင်ဆာဖြစ်နေမှန်းသိကြရသည်။ ထို့အတွက်ကြောင့် ကင်ဆာရောဂါ လုံးဝပျောက်ကင်းရန် အလားအလာနည်းသည်။ ဆရာဝန်များကိုယ်တိုင်က ကင်ဆာရောဂါများနှင့်ပတ်သက်ပြီး သတိပြုမှုနည်းပါးခြင်း၊ ဆင်းရဲခြင်း၊ ပညာရည်နိမ့်ကျခြင်းနှင့် ကင်ဆာကုသမှုပေးနိုင်သည့် ဆေးရုံ၊ ဆေးခန်း နည်းပါးခြင်းတို့ကြောင့် ယနေ့ ပါကစ္စတန်နိုင်ငံအနေဖြင့် ကင်ဆာရောဂါ၏ အနိုင်ယူခြိမ်းခြောက်မှုကို ခံနေရသည်ဟုဆိုရမည်။ ပါကစ္စတန်နိုင်ငံတစ်ဝန်း ကင်ဆာရောဂါကုသမှုများ ဆောင်ရွက်ပေးနိုင်သည့် ဆေးရုံအရေအတွက်မှာ ၄၀ အောက်သာရှိသည်ဟုဆိုသည်။

ကင်ဆာလူနာများအတွက် ရောဂါကုသမှုခံယူရန် ခရီးအဝေးကြီးသွားရောက်ကြရသော်လည်း ပြန်လည်ရရှိမည့် အကျိုးကျေးဇူးက နည်းပါးနေသေးသည်။ ကင်ဆာကုဌာနများဆီမှ ရရှိနိုင်မည့်ဝန်ဆောင်မှုက မျှော်မှန်းထားသကဲ့သို့ မဖြစ်နိုင်ပေ။ နောက်ထပ်စိန်ခေါ်မှုက ဆေးကုသကုန်ကျစရိတ် ဖြစ်သည်။ ပါကစ္စတန် ဆေးရုံများတွင် ဆေးကုသဝန်ဆောင်မှုက အခမဲ့ဖြစ်သော်လည်း ကင်ဆာဆေးအများစုကို ဝယ်ယူနေကြရသည်။ မဝယ်နိုင်လျှင် ဆေးကုသမှု မစနိုင်ပေ။ ထို့ကြောင့် ကင်ဆာမှန်းသိပြီးသော်လည်း ကုသမှုခံယူရန် ခက်ခဲနေသေးသည်။

ရင်သားကင်ဆာသည် ပါကစ္စတန်အမျိုးသမီးများတွင် အဖြစ်များဆုံးသော ကင်ဆာအမျိုးအစားဖြစ်သည်။ ပါကစ္စတန်နိုင်ငံမှ ရင်သားကင်ဆာလူနာတစ်ဦး၏ပျမ်းမျှအသက်အရွယ်သည် ၄၂ နှစ်ဖြစ်ပြီး အမေရိကန်နိုင်ငံမှ ရင်သားကင်ဆာလူနာများ၏ ပျမ်းမျှအသက်အရွယ်မှာမူ ၆၃ နှစ်ဖြစ်သည်။ ထို့အတွက်ကြောင့် ပါကစ္စတန်နိုင်ငံတွင် အသက်ငယ်ငယ်နှင့်ရင်သားကင်ဆာ ပိုဖြစ်သည်ဟု ကောက်ချက်ချနိုင်သည်။ ကင်ဆာလူနာများအပေါ် ခွဲခြားနှိမ့်ချဆက်ဆံမှုကလည်း ပါကစ္စတန်တွင် များနေသေးသည့်အတွက် အမျိုးသမီးများသည် ရင်သားတွင်အကျိတ်တွေ့လျှင်လည်း မတတ်သာတော့မှ ထုတ်ပြောကြသည်။ ရသလောက် ဖုံးဖိထားတတ်သည်။ ထို့ကြောင့် ရင်သားကင်ဆာကို စောစီးစွာသိနိုင်ရန် မလွယ်ကူတော့ပေ။ ကင်ဆာကိုနောက်ကျမှသိလျှင် အမြစ်ပြတ်ပျောက်ကင်းရန် အလားအလာလည်း နည်းသွားသည်။

ပါကစ္စတန်အမျိုးသမီးများသည် အိမ်ထောင်သည်ခင်ပွန်းအပေါ် မှီခိုကြရသည်။ ရင်သားကင်ဆာဖြစ်ပြီဆိုသည်နှင့် ခင်ပွန်း၏စွန့်ပစ်ခြင်းကိုခံကြရသည်။ တောသူတောင်သား လယ်စိုက်သူများသည့် ပါကစ္စတန်နိုင်ငံတွင် ထိုသို့သောအကြောင်းများကြောင့် ရင်သားကင်ဆာလူနာများကို အဆင့်လွန်နောက်ကျပြီးမှ တွေ့ကြရခြင်းများသည်။

ပါကစ္စတန်နိုင်ငံတွင် ကင်ဆာရောဂါကို နားလည်တတ်ကျွမ်းသည့် ဆရာဝန်၊ သူနာပြုအင်အားလည်း နည်းသည်။ ယနေ့ပါကစ္စတန်တွင် ကင်ဆာဆေးသွင်းအထူးကုနှင့်ကင်ဆာဓာတ်ရောင်ခြည် အထူးကုဆရာဝန်စုစုပေါင်း ဦးရေ ၂၅၀ မပြည့်ပါ။ ကင်ဆာဆရာဝန်ဆိုသည်ကလည်း ကင်ဆာဆေးဝါးများကို အကောင်းဆုံးဖြစ်မှ၊ နောက်ဆုံးပေါ်မှ သုံးချင်ကြသည်။ ဓာတ်ရောင်ခြည်ဆရာဝန်များဆိုလျှင်လည်း နောက်ဆုံးပေါ် အဆင့်မြင့် ဓာတ်ရောင်ခြည်စက်ကြီးများကိုသာ အသုံးပြုကိုင်တွယ်ချင်ကြသည်။

သို့သော် ပါကစ္စတန်နိုင်ငံတွင် ဓာတ်ရောင်ခြည်စက်ကြီးများအတွက် ပြုပြင်ထိန်းသိမ်းပေးမည့် အစီအစဉ်မရှိပေ။ ဆေးကုမ္ပဏီကြီးများကလည်း အသစ်အသစ်များကိုသာ ရောင်းချင်ကြသည်။ သည်တော့ ဓာတ်ရောင်ခြည်စက်ကြီးများ ပျက်သွားလျှင် ပြန်လည်ပြုပြင်ကုစားရန် အချိန်အတော်ကြာစောင့်ကြရသည်။ ဓာတ်ရောင်ခြည်စက်ကြီးများ ပျက်နေသည့်အခါ ကင်ဆာလူနာများအဖို့ ကုသမှုကြန့်ကြာပြီး ကင်ဆာအဆင့်များ ပိုတက်လာသည်။ ရောဂါအခြေအနေ ပိုဆိုးသွားသည်။

ကင်ဆာလူနာများအတွက် ခွဲစိတ်ခြင်း၊ ကင်ဆာဆေးများသွင်းခြင်း၊ ဓာတ်ရောင်ခြည်ဖြင့် ကုသခြင်းများအပြင် ရောဂါဝေဒနာနှင့်နာကျင်မှုများ သက်သာရန် ဘက်စုံထောက်ပံ့ကုသမှုပေးခြင်း (Palliative medicine) အမည်ရသည့် ကုသမှုလည်းလိုအပ်သည်။ အထူးသဖြင့် နာကျင်မှုဝေဒနာကို သက်သာစေရန် မော်ဖင်းကဲ့သို့သော မူးယစ်ဆေးအနွယ်ဝင် ဆေးဝါးအုပ်စုများဖြင့် ကုသနိုင်ရန်လိုအပ်သည်။ ပါကစ္စတန်နိုင်ငံတွင် ထိုသို့သောဆေးဝါးများရရှိနိုင်ရန် အလွန်ခက်ခဲသည်။

ပါကစ္စတန် ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ နိုင်ငံအတွက် သူနာပြုနှစ်သန်းကျော်လိုအပ်သည်ဟု သိရသည်။ ကျွမ်းကျင်သူနာပြုများက လစာကောင်းကောင်းရသည့် အရှေ့အလယ်ပိုင်းနိုင်ငံများသို့ ရွှေ့ပြောင်းသွားတတ်ကြသည်။ သည်တော့ သမင်မွေးရင်း ကျားစားရင်း ဆိုသကဲ့သို့ ကျွမ်းကျင်သူနာပြုအရေအတွက် ပြည့်မီလာခြင်းမရှိပေ။ ပါကစ္စတန်နိုင်ငံ၏ စီးပွားရေးအခြေအနေကလည်း ကျပ်တည်းနေသည်။ ဆေးဝါးများ၊ ကျန်းမာရေးပစ္စည်းများ၏ ဈေးနှုန်းကလည်း တရိပ်ရိပ်တက်နေခြင်းသာရှိသည်။

ပါကစ္စတန်နိုင်ငံ၏ ကင်ဆာရောဂါဆိုင်ရာ သုတေသနလုပ်ငန်းများကလည်း မြေစမ်းခရမ်းပျိုးအဆင့်၌ပင် မရှိချင်သေးပေ။ သုတေသနရှိမှ ပိုမိုကောင်းမွန်သည့် ကုသမှုများ၊ စီမံချက်များကိုဖော်ထုတ်နိုင်မည်။ နိုင်ငံတိုင်းတွင် ကိုယ်ပိုင်သုတေသနများရှိရန်လိုသည်။ လူမျိုး၊ ယဉ်ကျေးမှု၊ နေထိုင်စားသောက်မှုပုံစံများသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ မတူညီနိုင်သည့်အတွက် အခြားနိုင်ငံတွင် ပြုလုပ်ထားသည့် သုတေသနကို အလုံးစုံမှီငြမ်းအားကိုးရန် မသင့်ပါ။ ၂၀၀၅ ခုနှစ်ထိ ပါကစ္စတန်တွင် လူဦးရေအခြေပြု ကင်ဆာလူနာ စစ်တမ်းကောက်ယူမှု မရှိသေးဟုသိရသည်။ ဒေသခံလူထုအပေါ် အမှီပြုပြီး ကောက်ခံထားသည့် ကင်ဆာလူနာမှတ်ပုံတင်စစ်တမ်း မရှိသေးသရွေ့ မိမိနိုင်ငံ၏ ကင်ဆာရောဂါများ ဖြစ်ပွားမှုအခြေအနေကို တိတိပပသိနိုင်ရန် မလွယ်ပါ။ ကင်ဆာရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသ စီမံချက်များ ထိထိရောက်ရောက် ရေးဆွဲနိုင်ရန်လည်း မဖြစ်နိုင်ပေ။

ကင်ဆာသည် ရောဂါတစ်မျိုးတည်းမဟုတ်။ ကင်ဆာလူနာတစ်ဦးအတွက် ကုသမှုခံယူရန် လိုအပ်ချက်များစွာရှိသည်။ ကင်ဆာဆရာဝန် တစ်ဦးတစ်ယောက်တည်းဖြင့်လည်း ကင်ဆာရောဂါကို ကုသ၍ မရနိုင်ပေ။ ကင်ဆာရောဂါကုသခြင်းသည်အဖွဲ့လိုက် ဆောင်ရွက်ချက်ဖြစ်သည်။

အထူးကုဆရာဝန်များစွာ၏ ထင်မြင်ယူဆချက်များ လိုအပ်သည်။ ရောဂါရှာဖွေခြင်း၊ ကုသခြင်းအဆင့်များစွာတွင် ပုံရိပ်ဖော်နည်းပညာ၊ ဓာတ်ခွဲနည်းပညာများစွာ လိုအပ်သည်။ ခွဲစိတ်ဆရာဝန်၊ ကင်ဆာဆေးသွင်းဆရာဝန်၊ ဓာတ်ရောင်ခြည်အထူးကုဆရာဝန်များသာမက Palliative Care အထူးကုဆရာဝန်များ၊ အာဟာရဆရာဝန်များ၊ အထူးသူနာပြုများစသည်ဖြင့် လူ့စွမ်းအားအရင်းအမြစ် များစွာလိုအပ်သည်။ ထို့ကြောင့် ကင်ဆာရောဂါများကို ကုသမည်ဆိုလျှင် ဆေးရုံတစ်ရုံတည်း၊ အဆောက်အအုံကြီးတစ်ခုတည်းအောက်တွင် ပြီးပြည့်စုံသော ကင်ဆာကုသမှုရှိသည့်နေရာမျိုးတွင်သာ ကုသသင့်သည်။ သို့မှသာ အကောင်းဆုံးသောရလဒ်များ ရနိုင်မည်။ ကင်ဆာကုသမှုဆိုင်ရာ သုတေသနရလဒ် အသစ်များလည်း ထုတ်ဖော်နိုင်မည်။ ထို့ကြောင့် နိုင်ငံအတော်များများတွင် ကင်ဆာအထူးကုစင်တာများ တည်ထောင်ထားတတ်ကြသည်။

ပါကစ္စတန်နိုင်ငံ၏ ဝန်ကြီးချုပ်ဟောင်းလည်းဖြစ်၊ နိုင်ငံ့လက်ရွေးစင်ကရစ်ကတ်အသင်း၏ ကပ္ပတိန်လည်းဖြစ်ခဲ့သူ အင်ရမ်ခမ်းက နိုင်ငံ၏ကင်ဆာကုသမှုအခက်အခဲများကို ကိုယ်တွေ့ကြုံခဲ့ရသည်။ မိခင်ဖြစ်သူက ကင်ဆာရောဂါဝေဒနာကို နာတာရှည်ခံစားခဲ့ရပြီး ကင်ဆာကုသမှုများ၏ အားနည်းချက်၊ အားသာချက်များကို မိခင်နှင့်အတူ ရင်ဆိုင်ဖြတ်သန်းခဲ့ရသည်။ အင်ရမ်ခမ်းက ပြီးပြည့်စုံသော ကင်ဆာကုသမှုများရရှိနိုင်သည့် နေရာဌာနတစ်ခု နိုင်ငံအတွင်း ပေါ်ပေါက်လာရန်အားထုတ်ခဲ့သည်။

သည်လိုနှင့် အလှူငွေများဖြင့်သာ တည်ထောင်ထားသည့် Shaukat Khanum အမှတ်တရကင်ဆာဆေးရုံနှင့် သုတေသနစင်တာကို ၁၉၉၄ ခုနှစ်တွင် လာဟိုမြို့၌ စတင်ဖွင့်လှစ်နိုင်ခဲ့သည်။ ထိုဆေးရုံတွင် ကင်ဆာဆေးသွင်းဌာန၊ ဓာတ်ရောင်ခြည်အထူးကုဌာန၊ ခွဲစိတ်အထူးကုဌာန၊ ကလေးကင်ဆာအထူးကုဌာန၊ အထွေထွေဆေးပညာဌာန အစရှိသည့်ဌာနကြီးများအပြင် မေ့ဆေးဌာန၊ ဓာတ်မှန်ဌာန၊ ဓာတ်ခွဲဌာနနှင့်အဏုမြူရောင်ခြည်ဌာန စသည့်အားဖြည့်ဌာနများကိုပါ ထည့်သွင်းဖွဲ့စည်းထားသည်။ ဆေးရုံ၏ရည်ရွယ်ချက်အနေဖြင့် ကင်ဆာကုသမှု၊ ကင်ဆာသုတေသနလုပ်ငန်းများအပြင် ကင်ဆာကုသမှုပညာသင်ကြားရေးလုပ်ငန်းများထိပါ ထည့်သွင်းထားသည်ကို တွေ့ရပါသည်။

> ❖ ပါကစ္စတန်နိုင်ငံ၏ ကင်ဆာရောဂါဆိုင်ရာသုတေသနလုပ်ငန်းများကလည်း မြေစမ်းခရမ်းပျိုးအဆင့်၌ပင် မရှိချင်သေးပေ။ သုတေသနရှိမှ ပိုမိုကောင်းမွန်သည့် ကုသမှုများ၊ စီမံချက်များကို ဖော်ထုတ်နိုင်မည်။ နိုင်ငံတိုင်းတွင် ကိုယ်ပိုင်သုတေသနများရှိရန်လိုသည်။ လူမျိုး၊ ယဉ်ကျေးမှု၊ နေထိုင်စားသောက်မှုပုံစံများသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ မတူညီနိုင်သည့်အတွက် အခြားနိုင်ငံတွင်ပြုလုပ်ထားသည့် သုတေသနကို အလုံးစုံမှီငြမ်းအားကိုးရန် မသင့်ပါ။ ၂၀၀၅ ခုနှစ်ထိ ပါကစ္စတန်တွင် လူဦးရေအခြေပြု ကင်ဆာလူနာစစ်တမ်းကောက်ယူမှု မရှိသေးဟုသိရသည်။ ❖

**ကိုးကား**

- **Pursuing excellence in cancer care in Pakistan by Muhammed Aasim Yusuffrom Lancet Oncology, Nov 2022**

**ဒေါက်တာလွှမ်းမိုးဟန်**

---

# ပူတာအိုမြို့နယ်တွင် အဆင့်မြင့်ရိုးရာစက်ချုပ်သင်တန်းအမှတ်စဉ်(၁/၂၀၂၃)ဖွင့်လှစ်

**ပူတာအို ဇန်နဝါရီ ၁၄**

ကချင်ပြည်နယ် ပူတာအိုခရိုင် ပူတာအိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိရေးတွင် အထောက်အကူပြုနိုင်ရန်၊ အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးခြင်းဖြင့် ကျွမ်းကျင်လုပ်သားများ လေ့ကျင့်ပျိုးထောင်ပေးရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အဆင့်မြင့်ရိုးရာစက်ချုပ်သင်တန်း အမှတ်စဉ် (၁/၂၀၂၃)ဖွင့်ပွဲကို ဇန်နဝါရီ ၁၃ ရက်နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဈေးဦးစွာ ပူတာအိုခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မိုးက အမှာစကားပြောကြားသည်။

ဆက်လက်၍ ပူတာအိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အိအိမွန်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ၊ သင်တန်းဖွင့်လှစ်ခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများနှင့် သင်တန်းတွင် သင်ကြားပို့ချပေးမည့် သင်ခန်းစာ၊ ဘာသာရပ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာ တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများကို သင်တန်းသူများထံ ပေးအပ်ခဲ့ကြသည်။

အဆိုပါသင်တန်းသို့ ပူတာအိုမြို့နယ်အတွင်းရှိ နမ်းရှယ်ကော၊ ပမ္မတီး၊ နမ်ဟော့၊ မူလာဒီ၊ အဒေဒီ၊ မကျော့ဝါ ကျေးရွာတို့မှ သင်တန်းသူ စုစုပေါင်း ၁၅ ဦး တက်ရောက်ကြပြီး သင်တန်းတွင် အဆင့်မြင့်ရိုးရာစက်ချုပ်ပညာများကို ကျွမ်းကျင်နည်းပြများက စာတွေ့၊ လက်တွေ့ဖြင့် ဇန်နဝါရီ ၁၃ ရက်မှ ဖေဖော်ဝါရီ ၂၆ ရက်ထိ အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

# ငပုတောမြို့နယ် မဟာမကုဋ္ဌရုံသီ ဆံတော်ရှင်မြတ်မော်တင်စေတီတော်မြတ်ကြီး၏ ပုဒ္ဒပူဇနီယပွဲတော်နှင့် ပုဒ္ဒါဘိသေကအနေကဇာတင်ပူဇော်ပွဲ ကျင်းပသွားမည်



**ငပုတော ဇန်နဝါရီ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ ဇီးချိုင်ကျေးရွာရှိ မဟာမကုဋ္ဌရုံသီ ဆံတော်ရှင်မြတ်မော်တင်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်ပူဇော်ပွဲ ကျင်းပသွားမည်ဖြစ်ကြောင်း မဟာမကုဋ္ဌရုံသီဆံတော်ရှင်မြတ်မော်တင်စေတီတော်မြတ်ကြီး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင် ဦးကျော်စွာဝင်းက ပြောပြ၍ သိရသည်။

မဟာမကုဋ္ဌရုံသီ ဆံတော်ရှင်မြတ်မော်တင်စေတီတော်မြတ်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်ပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၉ ရက်မှစတင်ကာ မတ် ၅ ရက်ထိ ကျင်းပသွားမည်ဖြစ်ပြီး လက်ရှိတွင် စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်တိုးချဲ့ပြုပြင်ခြင်း လုပ်ငန်းများကို ပွဲတော်ရက်မတိုင်မီ ပြီးစီးရန် ပြုလုပ်နေကြောင်း သိရသည်။

"ဖေဖော်ဝါရီ ၁၉ ရက်မှာ ဘုရားပွဲကျင်းပမှာမို့ ပြီးရမဲ့အပိုင်းတွေကို ပြီးစီးအောင်လုပ်ဆောင်နေပါတယ်။ မူလ ရင်ပြင်တော်အကျယ်အဝန်းရဲ့ထက်ဝက်လောက် ကျယ်ဝန်းသွားမှာ ဖြစ်ပါတယ်။ တချို့အပိုင်းတွေ ပြီးစီးနေပါပြီ။ ဒီနှစ် ဘုရားပွဲတော်ကိုလဲ အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမှာဖြစ်ပါတယ်"ဟု ဦးကျော်စွာဝင်းက ပြောပြသည်။

အဆိုပါ ရင်ပြင်တော်တိုးချဲ့ခြင်းလုပ်ငန်းများကို မော်ဘီသဲဖြူဆရာတော်ကြီးက ဦးဆောင်ပြီး ငွေကျပ်သိန်းတစ်သောင်းကျော် အကုန်ကျခံကာ ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါစေတီတော်မြတ်ကြီး တည်ရှိရာ မော်တင်တောင်သည် ပုသိမ်မြို့မှ ၈၉ မိုင်အကွာတွင်တည်ရှိပြီး ရန်ကုန်မြို့မှ ၂၅၈ မိုင်ကွာဝေးသော ခမောက်မော်သို့ စက်တပ်ရေယာဉ်ကြီးများဖြင့်လည်းကောင်း၊ ပုသိမ် မြို့မှ မြတ်မော်တင်စေတီတော်မြတ်ကြီးထိ ၁၀၁ မိုင် သုံးဖာလုံအကွာအဝေးကို မော်တော်ယာဉ်များဖြင့်လည်းကောင်း အလွယ်တကူ သွားလာနိုင်ကြောင်း သိရသည်။ ASH

# (၇၅) ကြိမ်မြောက် DGA ရုပ်ရှင်ဆု ဆန်ခါတင်ဇာတ်ကားများစာရင်း ထုတ်ပြန်

**နယူးယောက် ဇန်နဝါရီ ၁၄**

(၇၅) ကြိမ်မြောက် DGA ရုပ်ရှင်ဆုများအတွက် ဆန်ခါတင်ဇာတ်ကားများစာရင်းကို အမေရိကန် ဒါရိုက်တာများအသင်း (DGA) က ထုတ်ပြန်ထားကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၁၃ ရက်တွင် ရေးသားတင်ပြထားသည်။

DGA ရုပ်ရှင်ဆုပေးပွဲ၏ အကောင်းဆုံးဒါရိုက်တာဆု ဆန်ခါတင်စာရင်းတွင် ဒါရိုက်တာ စတီဗင်စပီးဘာ့ (The Fabelmans) နှင့် မာတင်မက်ဒေါ်နယ် (The Banshees of Inersherin) အပါအဝင် ဒါရိုက်တာငါးဦး ပါဝင်ခဲ့ကြောင်း သိရသည်။

DGA ၏ အကောင်းဆုံးပွဲဦးထွက်လက်ရာ ဒါရိုက်တာဆု ဆန်ခါတင်စာရင်း၌ Saint Oner ဒါရိုက်တာ အဲလစ်ဒီသော့၊ Happening ဒါရိုက်တာ အော်ဒရီဒီဝန်၊ After Sun ဒါရိုက်တာ ချားလော ဝဲတို့ ပါဝင်သည်။

DGA ရုပ်ရှင်ဆု ဆန်ခါတင်ဇာတ်ကားများစာရင်းတွင် A24 ရုပ်ရှင်ကုမ္ပဏီ၏ ရုပ်ရှင်ဇာတ်ကားနှစ်ကားထိပါဝင်ပြီး Everything Everywhere All at Once နှင့် After Sun ဇာတ်ကားတို့ ဖြစ်ကြသည်။

DGA ရုပ်ရှင်ဆုပေးပွဲကို လာမည့် ဖေဖော်ဝါရီ ၂၈ ရက်တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

KKO




# သဃ်န်းကျွန်းမြို့နယ် ဓမ္မဝိဟာရပထမကျော်စာသင်တိုက်နှင့် ဓမ္မရိပ်သာတွင် သရုပ်ဆောင် ခန့်စည်သူနှင့် အလှူရှင်များက ဆွမ်းဆန်နှင့် ဆီ၊ ဆား၊ ပဲ လှူဒါန်း

**ရန်ကုန် ဇန်နဝါရီ ၁၄**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ ဓမ္မဝိဟာရပထမကျော်စာသင်တိုက်နှင့် ဓမ္မရိပ်သာတွင် သရုပ်ဆောင် ခန့်စည်သူနှင့် အလှူရှင်များက ဆွမ်းဆန်တော်နှင့် ဆီ၊ ဆား၊ ပဲ ဆက်ကပ်လှူဒါန်းခြင်းကို ဇန်နဝါရီ ၁၃ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

သရုပ်ဆောင် ခန့်စည်သူနှင့် အလှူရှင်များက သဃ်န်းကျွန်းမြို့နယ်ရှိ ဓမ္မဝိဟာရပထမကျော်စာသင်တိုက်နှင့် ဓမ္မရိပ်သာတွင် သီတင်းသုံးနေကြသည့် သံဃာတော်အပါး ၁၀၀ အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ စားသောက်ကုန်များကို လှူဒါန်းခဲ့ကြောင်း၊ ထို့ပြင် အဆိုပါ ကျောင်းတိုက်အတွင်းရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် သင်ကြားနေကြသည့် ကျောင်းသား၊ ကျောင်းသူဦးရေ ၃၀၀ ကိုလည်း အာဟာရဒါန နေ့လယ်စာဖြင့် ကျွေးမွေးလှူဒါန်းခဲ့ကြောင်း၊ လှူဒါန်းမှုအစုစုမှာ ငွေကျပ်သိန်း ၃၀ ကျော်ဖြစ်ကြောင်း သိရသည်။



"ဓမ္မဝိဟာရ ပထမကျော်စာသင်တိုက်နဲ့ ဓမ္မရိပ်သာမှာ သီတင်းသုံးနေတဲ့ သံဃာတော်တွေကို နေ့ဆွမ်းဆက်ကပ်ခဲ့ပြီးတော့ ဆွမ်းဆန်တော်ငါးအိတ်၊ ပဲငါးအိတ်၊ ဆီငါးပုံးနဲ့ အခြားစားသောက်ကုန်တွေ လှူဒါန်းခဲ့သလို ဘုန်းတော်ကြီးသင်ပညာရေးကျောင်းက ကျောင်းသား၊ ကျောင်းသူအယောက် ၃၀၀ ကိုလဲ အာဟာရဒါန နေ့လယ်စာ ကျွေးမွေးလှူဒါန်းခဲ့ပါတယ်"ဟု သရုပ်ဆောင် ခန့်စည်သူက ပြောပြ၍ သိရသည်။

ASH

# Kingdom of the Planet of the Apes ၌ မင်းသား ဝီလျံအိတ်မာစီ ပါဝင်မည်

**နယူးယောက် ဇန်နဝါရီ ၁၄**

၂၀ ရာစု ရုပ်ရှင်စတူဒီယို၏ Kingdom of the Planet of the Apes ဇာတ်ကား၌ မင်းသား ဝီလျံအိတ်မာစီ ပါဝင်မည်ဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၁၃ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါဇာတ်ကားတွင် မင်းသား ဝီလျံအိတ်မာစီသည် မင်းသား အိုဝင်တီဂူး၊ ကီဗင်ဒူရန်း၊ မင်းသမီး ဖရီယာအယ်လင်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

လက်ရှိတွင် Kingdom of the Planet of the Apes ဇာတ်ကား၌ မင်းသား ဝီလျံအိတ်မာစီ ပါဝင်သရုပ်ဆောင်မည့် ဇာတ်ကောင်နေရာကို ၂၀ ရာစုရုပ်ရှင်စတူဒီယိုက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ ဝက်စ်ဘဲလ်က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး အဆိုပါဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂျို့ဖရိုက်မင်း၊ ရစ်ဂျက်ဖာနှင့် အမန်ဒါဆေးဗားတို့က ရေးသားပေးထားသည်။

Kingdom of the Planet of the Apes ဇာတ်ကားကို ၂၀၂၄ ခုနှစ် မေ ၂၄ ရက်တွင် ရုံတင်ရန် ၂၀ ရာစုရုပ်ရှင်စတူဒီယိုက စီစဉ်ထားကြောင်း သိရသည်။ KKO



# မိုင်းဖြတ်မြို့နယ် တာကျောက်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မိုင်းဖြတ် ဇန်နဝါရီ ၁၄**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိစေရန် ရည်ရွယ်၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တာကျောက်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဇန်နဝါရီ ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးကျော်သန့်ဇင်၊ တာချီလိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရဲခေါင်၊ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်၊ ခရိုင်နှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက တာကျောက်ကျေးရွာ၌ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်းနှင့် စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ယူဆောင်ရွက် နေသော ငွေဖူးသီးကုမ္ပဏီက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ ရှင်းလင်းတင်ပြမှုအပေါ် ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးကျော်သန့်ဇင်က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး ကြီးကြပ်ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

မိုင်းဖြတ်မြို့နယ် တာကျောက်ကျေးရွာတွင် အရှည် ၃ မိုင် စိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်းနှင့် ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်းလုပ်ငန်းများကို ငွေဖူးသီးကုမ္ပဏီက ၂၀၂၂ ခုနှစ် ဇူလိုင် ၂၂ ရက်တွင် စတင်ဆောင်ရွက်ခဲ့ရာ ယခုနှစ် ဇန်နဝါရီ ၁၃ ရက်ထိ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က ပြောပြ၍ သိရသည်။ ဧင်မာ

# Message sent by State Administration Council Chairman Prime Minister of Republic of Union of Myanmar Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing to ceremony to mark 71st Anniversary of Kayah State Day (15 January 2023)

**Esteemed ethnic national brethren of Kayah State,**

Today, 15 January is the 71st Anniversary of Kayah State Day which is auspicious for ethnic national brethren and all Kayah ethnics residing in the Kayah State.

On the new year occasion of the Kayah State Day, I would like to heartily extend my greetings and best wishes for all Kayah ethnic nationals as well as all ethnic national people born across the nation to enjoy physical and mental pleasure and well-being with success.

Under the 1947 Constitution, the Kayinni State was one of the states of the Union of Myanmar. The Kayinni State officially renamed the Kayah State on 15 January 1952 in accord with the public desire under the Constitution (First Amendment) Act 1951.

The day when it was renamed the Kayah State was designated as "the Kayah State Day".

The Kayah State, located in the eastern hilly region of Myanmar, possesses abundant natural beauty and under and aboveground natural resources, and it is pleasant with traditional culture and favourable weather. Friendship, hospitality and honesty of local ethnic and national people are impressive characteristics of the state.

The Kayah State is primarily engaged in agriculture and livestock farming businesses. The Mawchi mine has been a primary source to produce precious natural resources such as tin and tungsten since the pre-Second World War. Up to now, the state endowed with natural resources has been producing marble stones, finest quality silver, metal mixed with Scheelite and so on as well as plentiful forest products for its situation to firmly stand for development.

Likewise, the Lawpita hydropower plant of the Kayah State is crucial for generating electricity on a daily basis as a source for electrifying the whole nation.

Having good natural resources given by the environment, only when the Kayah State efficiently utilizes natural beauties and natural resource products and harmoniously undertakes development tasks will socioeconomic life and employment opportunities of local ethnic national people improve.

The government on its part will encourage development tasks of the state such as health, education, social, economic and transport sectors in all aspects and fulfil requirements.

Now is an important time for ethnic national people from the state to cooperate with the government in striving for the restoration of peace and stability of the Kayah State by firmly grasping the existing sound foundations.

In looking back at the history of our country, independence was regained together with the instigations of the colonialists. Consequently, the disintegration of national unity was triggered by internal insurgencies, incidents of racism and dogmatism as well as suspicion among the ethnic national people. As such, we all including those from the Kayah State practically face bad impacts triggered by long-lasting armed conflicts on the peace and stability and development of the nation till today.

Currently, the State Administration Council is controlling all State responsibilities under the Constitution by adopting the five-point Roadmap and nine political, economic and social objectives in order to restore peace and stability of the State as well as development undertakings. In so doing, strenuous efforts will be made for the enhancement of the socioeconomic life of citizens as much as possible as it is the most important in developing the whole nation.

In regard to socioeconomic development, the government is implementing two national objectives: the prosperity of the State and food sufficiency. As all global countries with more than seven billion population in total always face food requirements, agriculture and livestock farms from our country need to grasp the good opportunities for supplying foodstuffs to these global countries. If the economy booms, the country will be prosperous and stable. Hence, all regions and states need to strive for booming the economy in order to ensure the whole nation with prosperity.

Likewise, efforts are being made for the development of micro, small and medium-scale enterprises and cooperative measures so as to emerge the businesses playing a key role in the rapid development of the nation.

The lesser volume of products reflects the weak trading in Myanmar. Hence, it is necessary to manufacture products in quality and quantity. The government assists in operating MSME businesses as much as it can with encouragement to the production of raw materials, inputs, capital and human resources in order to manufacture a large volume of products.

MSME businesses aim to encourage local businesses, substitute imported goods and increase export products. As such, it is necessary to improve the manufacturing process which can transform domestic raw materials into finished goods in line with the natural conditions of the country to achieve the success of MSME industries. Efficient use of products from agriculture and livestock farms and natural resources will help ensure the economic development of our country.

Political conflicts in our country are deeply complicated due to the larger number of ethnics and instigations of colonialists. Everybody accepts that there remain discussions for many items in the peace process of Myanmar. I would like to notify ethnic organizations and all stakeholders of carrying out negotiation and cooperation for the interests of the State and the people over the progress of the peace process.

Every country suffering from conflicts will face difficulties and crises on their paths to a peace process. Only when all stakeholders keep anticipation to actually wish for peace, have correct ways and means, willingness to peacefully negotiate, have patience and tolerance and are steadfast in industry, will the peace process meet the goal. Moreover, although the peace process is a part of politics, it is not a political tool. Only when an emphasis is placed on nation-building tasks and mainly serving the national interests will it contribute to building the future nation.

The people residing in the areas where armed conflicts happen are facing direct consequences of the conflicts and the remaining people are encountering the indirect consequences of the armed conflicts. Armed attacks become hindrances to the development of relevant societies and regions as well as cause difficulties in education and healthcare services for children. Hence, I would like all to take care of their acts as conflicts which affect the drop of the economy and hiking the poverty rate would bring heavy heart to the future State.

Only when all State service personnel, civil society organizations and entire ethnic people are to join hands with the government and Tatmadaw in building the Union based on democracy and federalism the entire ethnic people aspire to will they all reach the target in a short time. In line with the motto: "The strength of the nation lives only within" which plays a key role in marching towards the goal, all ethnic national people are to forge unity with patriotic spirit and the Union spirit and to protect the State in all aspects.

At present, it can be seen that people in some regions wrongly embrace misinformation, causing disunity and instability because of instigations wedged by some foreign countries, acts of some organizations based on different attitudes turning a blind eye to the State and public interests, fake and fabricated news which pull the State into the plights with breaking the ethics, persuasion and terror acts of some ethnic armed organizations and NUG, CRPH and PDF terrorist groups holding incorrect attitudes. It is necessary to consider that the consequences of these conditions would not serve the interests of the State as well as would be dangerous to the State and all the people.

All need to strive for flourishing the spirit of national solidarity and the Union spirit among the ethnic national people by upholding the Our Three Main National Causes for ensuring the perpetuity of the Union. I would like to urge the ethnic people residing in the Kayah State to unitedly participate in building mutual respect, understanding and trust among the ethnic national brethren born in the Union with correct opinions and attitudes.

In conclusion, I send the message with the best wishes for all ethnic national people residing in the Kayah State to enjoy the restoration of peace and stability in the region, strive for the development of the region and improvement of socioeconomic life of local ethnic people with might and main and serve the interests of the nation and the nationals.

**Senior General Thadoe Maha Thray Sithu**
**Thadoe Thudhamma Min Aung Hlaing**
**Prime Minister**
**Chairman, State Administration Council**

# Myanmar exports more than 174,000 tons of rice to Bangladesh from October 2022 to early January 2023



Bags of rice being loaded onto a ship for export.

**Nay Pyi Taw January 14**

Myanmar has exported more than 174,000 tons of rice to Bangladesh during the period from early October 2022 to early January 2023, said central executive committee member U Nyein Chan Aung of Myanmar Rice Federation (Yangon Region).

According to the memorandum of understanding between Myanmar and Bangladeshi governments, it is scheduled to send 200,000 tons of rice to Bangladesh.

"We started exportation of 200,000 tons of rice to Bangladesh as from early October last year. According to the agreement, we have to send the rice to Bangladesh within three months till the end of December 2022. So far, we have sent more than 174,000 tons. Remaining over 25,000 tons are being loaded onto the vessels at the port," he added.

Moreover, Myanmar has to send more than 55,000 tons of parboiled rice to Bangladesh under the MoU. So, preparations are being made to export parboiled rice.

Bangladesh buys Myanmar rice at US$465 per ton in cash system. More than 30 Myanmar companies are allowed to export rice to Bangladesh.

Myanmar rice is exported from Yangon Port and Thilawa Port of Yangon Region and Pathein Industrial City Port in Ayeyawady Region.

ASH

## Public Notice for elimination of violence

1. So called "CRPH", "NUG" and "PDF" terrorist groups are unlawfully committing killings monks, teachers, civil servants and general people and lotting under the pretext of sayings "for the people".
2. Not rendering encourage support and assistance to the "CRPH", "NUG" and "PDF" terrorists that are committing intimidations, killings and destructive activities could be construed as protecting lives and property of general public.
3. Giving information secretly relating to bearing of their arms, ammunitions and terrorists to authorities could be tantamount to protecting lives and property of innocent people.

# Indawgyi Lake becomes home to up to one percent of globally endangered birds

**Mohnyin January 14**

Up to one percent of birds that are facing the threat of global extinction live in Indawgyi Lake every year, according to reports from the Department of Natural Environment and Wildlife Conservation under the Department of Forestry.

Indawgyi Lake is located in Mohnyin District, Kachin State and one of the largest natural freshwater lakes in Myanmar.

The lake has also been designated as a Ramsar wetland site.

The factors that made Indawgyi Lake as a Ramsa wetland site include the fact that more than 20,000 migratory birds visit Indawgyi Lake to graze every year.

Therefore, international tourists are interested in visiting the lake.

Among the local and foreign travellers who visit Indawgyi Lake, local travellers are visiting the pagodas in the lake as a long-awaited pilgrimage, and international travellers are visiting because of their interest in migratory birds, water birds, forest birds, wild animals, and natural forests.

More than 32,000 migratory birds and over 26,000 migratory birds came and lived in the lake in 2021 and 2022 respectively.

336

# Alireza Akbari: Iran executes British-Iranian dual national

**Tehran January 14**

British-Iranian dual national Alireza Akbari, who was sentenced to death in Iran, has been executed.

Mr Akbari's family had been asked to go to his prison for a "final visit" on Wednesday and his wife said he had been moved to solitary confinement.

The ex-deputy Iranian defence minister was arrested in 2019 and convicted of spying for the UK, which he denied.

UK Prime Minister Rishi Sunak said the execution was a "callous and cowardly act, carried out by a barbaric regime".

Iran's rulers had "no respect for the human rights of their own people" Mr Sunak said, adding that his thoughts were "with Alireza's friends and family".

UK Foreign Secretary James Cleverly said the execution would "not stand unchallenged".

In response, Iran summoned the British ambassador to Tehran, citing Britain's "unconventional interventions".

The Iranian judiciary's official news outlet Mizan reported on Saturday that Alireza Akbari had been hanged, without specifying the date when the execution took place.

The news came after Iran posted a video of Mr Akbari earlier this week showing what appeared to be forced confessions, and after the country's intelligence ministry had described the British-Iranian as "one of the most important agents of the British intelligence service in Iran".

However BBC Persian broadcast an audio message on Wednesday from Mr Akbari in which he said he had been tortured and forced to confess on camera to crimes he did not commit.

BBC

# Brazil riots: Brasília's ex-security chief arrested on return to city



Former Justice Minister Anderson Torres.

**Brasília January 14**

Brasília's former public security chief Anderson Torres has been arrested by Brazil's Federal Police on his return from the US.

Mr Torres was the capital city's security chief when rioters stormed Brazil's Congress, the presidential palace and Supreme Court on Sunday 8 January.

Brazil's Supreme Court issued an arrest warrant last week, accusing Mr Torres of alleged collusion with rioters behind attacks on government buildings.

Mr Torres denies any role in the riots.

The Supreme Court also accuses Mr Torres of omission - failure to act - in his role as the capital's security chief.

According to Supreme Court Judge Alexandre de Moraes, Mr Torres's "omission was amply proven by the predictability of the conduct of criminal groups and the lack of security that enabled the invasion of public buildings".

In a statement, Brazil's Federal Police said it carried out a preventative arrest warrant issued by the Supreme Court against Brasília's former public security chief.

He was arrested as he disembarked at the capital's airport and taken into custody, the statement adds.

Thousands of protesters - which Brazilian media have described as terrorists and criminals - overran police and ransacked the buildings.

President Luiz Inácio Lula da Silva accused allies of his predecessor Jair Bolsonaro of helping the attack on the presidential palace.

BBC

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## အိန္ဒိယနိုင်ငံက တာတိုပစ်ပဲ့ထိန်းဒုံးကျည် Prithvi-II ကို အောင်မြင်စွာပစ်လွှတ်ခဲ့



အိန္ဒိယနိုင်ငံသည် တာတိုပစ်ပဲ့ထိန်းဒုံးကျည်(SRBM) Prithvi-II ကို ဇန်နဝါရီ ၁၀ ရက်က Odisha ကမ်းလွန်တွင် Chandipur ပြည်နယ်ရှိ ပေါင်းစည်းစမ်းသပ်ရေးစက်ပစ်ကွင်းမှ အောင်မြင်စွာပစ်လွှတ်ခဲ့သည်ဟု အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့ကြောင်း Times Now သတင်းဌာန၏ ရေးသားထားချက်များအရ သိရသည်။

ကောင်းမွန်စွာ တည်ဆောက်ထားသောစနစ်ဖြစ်သည့် Prithvi-II ဒုံးကျည်သည် အိန္ဒိယ၏ နျူကလီးယားဟန့်တားမှုစွမ်းအား၏ အဓိကအစိတ်အပိုင်းတစ်ခုဖြစ်သည်။ အဆိုပါဒုံးကျည်သည် ပစ်မှတ်ကိုတိကျစွာ ထိမှန်ဖျက်ဆီးနိုင်ခဲ့သည်။ လေ့ကျင့်ကွင်းမှ စမ်းသပ်ပစ်လွှတ်မှုသည် ဒုံးကျည်၏စစ်ဆင်ရေးနှင့် နည်းပညာဆိုင်ရာ သတ်မှတ်ချက်များအားလုံးကို အောင်မြင်စွာအတည်ပြုနိုင်ခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ဖော်ပြခဲ့သည်။

ကမ္ဘာမြေဟုအဓိပ္ပာယ်ရှိသည့် Prithvi (Earth) ဒုံးကျည်သည် ပေါင်းစည်းပဲ့ထိန်းဒုံးကျည်တိုးတက်ဖွံ့ဖြိုးရေးစီမံကိန်း (Integrated Guided Missile Development Program-IGMDP) အောက်ရှိ အိန္ဒိယနိုင်ငံ ကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (DRDO) က ထုတ်လုပ်ခဲ့သည့် နည်းဗျူဟာမြောက် မြေပြင်မှမြေပြင်ပစ် တာတိုပစ်ဒုံးကျည် (SRBM) Prithvi-II ဖြစ်သည်။

Prithvi-II ဒုံးကျည်သည် အများဆုံးအလေးချိန်ကီလိုဂရမ် ၅၀၀ ရှိ ထိပ်ဖူးသယ်ဆောင်စစ်ဆင်နိုင်စွမ်းရှိသော Single-stage တစ်ဆင့်ကွဲ အရည်လောင်စာသုံးဒုံးကျည်ဖြစ်သော်လည်း အကွာအဝေး ကီလိုမီတာ ၂၅၀ ထိ တိုက်ခိုက်နိုင်စွမ်းရှိပြီး ယခင်ဗားရှင်း Prithvi-I ဒုံးကျည်မှာ ကီလိုမီတာ ၁၅၀ ထိ တိုက်ခိုက်နိုင်သည်။ အိန္ဒိယလေတပ်တွင် အဓိကအသုံးပြုရန် ကနဦးက တီထွင်ဖန်တီးခဲ့ခြင်းဖြစ်သည်။ ၎င်းကို ၁၉၉၆ ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် ပထမဆုံးစမ်းသပ်ပစ်ခတ်ခဲ့ပြီး ၂၀၀၄ ခုနှစ်တွင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်မှုများ အပြီးသတ်နိုင်ခဲ့သည်။ ထို့ပြင် ကြည်းတပ်သုံးဗားရှင်းတစ်မျိုးကိုလည်း တီထွင်အသုံးပြုနိုင်ခဲ့သည်။ စမ်းသပ်မှုတစ်ခုတွင် ဒုံးကျည်သည် အကွာအဝေး ကီလိုမီတာ ၃၅၀ ထိ ပစ်လွှတ်နိုင်ခဲ့ပြီး Inertial Navigation စနစ်ကြောင့် လမ်းကြောင်းညွှန်ပြမှု ပိုမိုကောင်းမွန်လာခဲ့သည်။ အဆိုပါဒုံးကျည်တွင် တန်ပြန်ပဲ့ထိန်းဒုံးကျည်စနစ်များကို လှည့်ဖြားတိုက်ပွဲဝင်နိုင်ရန်နည်းစနစ်များစီမံအသုံးပြုလာကြသည်။

အဆိုပါဒုံးကျည်သည် အိန္ဒိယ၏ မဟာဗျူဟာတပ်ဖွဲ့ကွပ်ကဲမှုဌာနချုပ်သို့ ၂၀၀၃ ခုနှစ်တွင် တပ်တော်ဝင်အသုံးပြုနိုင်ခဲ့ပြီး IGMDP လက်အောက်မှ ပထမဆုံးတီထွင်ထုတ်လုပ်နိုင်ခဲ့သော ပြည်တွင်းထုတ်ဒုံးကျည်လည်းဖြစ်သည်။ ၂၀၁၀ ပြည့်နှစ် စက်တင်ဘာ ၂၄ ရက်တွင် စမ်းသပ်မှုမအောင်မြင်ခဲ့ပေ။ ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာ ၂၂ ရက်တွင် ပစ်မှတ်နှစ်ခုကို ဒုံးကျည်နှစ်စင်းနှင့်အထက် ပစ်လွှတ်စမ်းသပ်နိုင်ခဲ့ပြီး အောင်မြင်ခဲ့သည်။ သတင်းရင်းမြစ်များ၏အဆိုအရ လက်ရှိပျံသန်းတိုက်ပွဲဝင်နိုင်သောအကွာအဝေးသည် ကီလိုမီတာ ၃၅၀ သို့တိုးမြှင့်လာခဲ့ခြင်းဖြစ်ပြီး Payload တင်ဆောင်နိုင်မှုအလေးချိန်မှာ ကီလိုဂရမ် ၅၀၀ မှ ကီလိုဂရမ် ၁၀၀၀ ကြားတွင်ရှိသည်။

အိန္ဒိယကြည်းတပ်ဒုံးကျည်တပ်ဖွဲ့များ၏ တိုက်ခိုက်ရေးအဆင်သင့်ဖြစ်မှုကို စမ်းသပ်ရန်အတွက် နှစ်စဉ် လေ့ကျင့်ရေးတစ်စိတ်တစ်ပိုင်းအဖြစ် အိန္ဒိယ၏မဟာဗျူဟာတပ်ဖွဲ့ကွပ်ကဲမှုဌာနချုပ်သည် တာတိုပစ်၊ နျူကလီးယား တပ်ဆင်ပစ်လွှတ်နိုင်သော ပဲ့ထိန်းဒုံးကျည်နှစ်စင်းကို ညအချိန်တွင် စမ်းသပ်ပစ်လွှတ်ခဲ့သည်။ Prithvi-II နည်းဗျူဟာမြောက် မြေပြင်မှမြေပြင်ပစ် တာတိုပစ်ပဲ့ထိန်းဒုံးကျည်နှစ်စင်းကို Odisha ကမ်းလွန်ရှိ ဘင်္ဂလားပင်လယ်အော်ရှိ Dr. Abdul Kalam ကျွန်းပေါ်ရှိ Integrated Test Range(ITR) မှ ညအချိန်စမ်းသပ်ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။ အကွာအဝေးကီလိုမီတာ ၃၅၀ ထိ ပျံသန်းရောက်ရှိခဲ့ပြီး ITR ၏ အမှတ်(၃)ဒုံးပစ်စင်(Launch Complex-3) ရှိ ယာဉ်တင်ဒုံးပစ်လောင်ချာတစ်စင်းပေါ်မှ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ၂၀၂၂ ခုနှစ် ဇွန်လတွင် ထပ်မံစမ်းသပ်ပစ်လွှတ်နိုင်ခဲ့သေးသည်။ ပစ်မှတ်များကို တိကျစွာ တိုက်ခိုက်ဖျက်ဆီးနိုင်စွမ်းကို သက်သေပြအတည်ပြုထားနိုင်ခဲ့ပြီးဖြစ်သည်။

**India carries out routine training launch of Prithvi-II short-range ballistic missile ကို ဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန်နိုင်ငံက MQ-9 Reaper ဒရုန်းမျိုးကွဲ ပထမဆုံးအကြိမ်စမ်းသပ်ပျံသန်းမှု အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့

အမေရိကန်နိုင်ငံ General Atomics Aeronautical Systems,Inc(GA-ASI) ထုတ် MQ-9 Reaper ဒရုန်းမျိုးကွဲကို ဇန်နဝါရီ ၁၀ ရက်က ပထမဆုံးအကြိမ်စမ်းသပ်ပျံသန်းမှုအောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့ကြောင်း သိရသည်။

စစ်ဆင်ရေးနယ်ပယ်စုံ-ဘက်စုံသုံးမျိုးကွဲ M2DO သည် အမေရိကန်လေတပ်သုံးအဝေးထိန်းဒရုန်း MQ-9A Block 5 ကို အဆင့်မြှင့်တင်ထားသော ဗားရှင်းတစ်မျိုးလည်းဖြစ်သည်။

ဤစွမ်းရည်များမှတစ်ဆင့် မစ်ရှင်အသစ်များအတွက် MQ-9A ကို နေရာချထားရန် ကျွန်ုပ်တို့စိတ်လှုပ်ရှားမိပါကြောင်း GA-ASI US Air Force Programs ဒုတိယဥက္ကဋ္ဌ Claudia Mowery က ပြောကြားခဲ့သည်။

အနာဂတ်ရန်ပုံငွေပံ့ပိုးမှုသည် MQ-9A လေယာဉ်အုပ်တစ်ခုလုံးသို့ အဆိုပါစွမ်းရည်များကို တိုးချဲ့ထည့်သွင်းနိုင်မည်ဖြစ်သည်။

M2DO သည် ပိုမိုကောင်းမွန်သော ထောက်လှမ်းနိုင်စွမ်း၊ ထောင့်ချိုးတိုက်ခိုက်နိုင်စွမ်းများနှင့် အာရုံခံကိရိယာများပါရှိကာ Open Mission System(ဘက်စုံသုံးစနစ်) များနှင့် တွဲဖက်အသုံးပြုနိုင်သည်။ အခြားတိုးတက်မှုများတွင် ချောမွေ့စွာပျံသန်းသွားလာခြင်း၊ ဦးတည်ချက် အတက်၊ အဆင်းထိန်းချုပ်မှုအတွက် ဒရုန်းတွင် ဘီးဖြင့် လှည့်လည်လုပ်ဆောင်နိုင်သော စတီယာရင်၊ ပိုမိုတိကျသော အမြင့်ပေတိုင်းတာနိုင်ရန်အတွက် ရေဒါထိန်းညှိကိရိယာများနှင့် ဓာတ်အားဖြန့်ဖြူးမှုစနစ်များပါဝင်လာသည်။ ထုတ်လုပ်မှုပြီးသည်နှင့် M2DO မူကွဲကို အမေရိကန်လေတပ်နှင့် မရိန်းတပ်များသို့ ပေးပို့တပ်ဖြန့်အသုံးပြုသွားမည်ဖြစ်သည်။ ရရှိမည့်မောင်းသူမဲ့လေယာဉ် အရေအတွက်ကိုမူ ထုတ်ဖော်ပြောကြားထားခြင်းမရှိသေးပေ။

MQ-9 မောင်းသူမဲ့လေယာဉ်နှင့်ပတ်သက်၍ အခြားတိုးတက်လုပ်ဆောင်မှုများအနေဖြင့် ၂၀၂၂ ခုနှစ်တွင် General Atomics မှ MQ-9 ကို ပြေးလမ်းတိုပျံသန်းဆင်းသက်ခြင်း(STOL) မျိုးကွဲကို တီထွင်ထုတ်လုပ်နိုင်ခဲ့ပြီး စိန်ခေါ်မှုရှိသောပတ်ဝန်းကျင်အခြေအနေတွင် ပျံသန်းလွှတ်တင်ရေးကိရိယာမပါဘဲ တာဝန်ထမ်းဆောင်နိုင်မှုကို ထုတ်ဖော်ကြေညာခဲ့သည်။

တစ်ချိန်တည်းတွင် အမေရိကန်နိုင်ငံလေတပ်အမျိုးသားအစောင့်တပ် (US Air National Guard) သည် လေယာဉ်ပျံသန်း



မှု၊ ပြုပြင်ထိန်းသိမ်းမှုနှင့် ဆီဖြည့်ခြင်းအတွက် တပ်ဖွဲ့ဝင်အကူအညီကို လျှော့ချစေနိုင်သည့်ဒရုန်း၏ STOL ဆော့ဖ်ဝဲအသစ်ကို စမ်းသပ်နိုင်ခဲ့သည်။

GA-ASI သည် MQ-9B Sky Guardian မျိုးကွဲအတွက် Multi-Orbit SATCOM စွမ်းရည်ကိုသရုပ်ပြသရန် SES နှင့် Hughes Network Systems တို့နှင့်လည်း ပူးပေါင်းလုပ်ဆောင်ခဲ့သည်။

နောက်ဆုံးအနေဖြင့် GA-ASI နှင့် စပိန်အခြေစိုက် Sener Aerospacial တို့သည် NATO စံပြုအာရုံခံကိရိယာများနှင့်ဆက်စပ်သော Payload Configurations ဖွဲ့စည်းမှုပုံစံများအတွက် MQ-9A မျိုးကွဲတစ်မျိုးကို ထပ်မံစမ်းသပ်ခဲ့သည်။

**MQ-9 Reaper Multi-Domain Variant Completes Maiden Flight ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ဝက်လက်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၄၅၆၄၄ ဧက လျာထားစိုက်ပျိုးမည်



ယခင်နှစ် မိုးနှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ဝက်လက် ဇန်နဝါရီ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေနှမ်း ၄၅၆၄၄ ဧက လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ဝက်လက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။

ယခင်နှစ် နွေသီးနှံစိုက်ပျိုးရာသီက ဝက်လက်မြို့နယ်တွင် နွေနှမ်း ၆၆၇၂၉ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ဝက်လက်မြို့နယ်တွင် နွေနှမ်း ၄၅၆၄၄ ဧက လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"မနှစ်က ဝက်လက်မြို့နယ်မှာ နွေနှမ်းဧက ၆၀၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနှစ်တော့ နွေနှမ်းဧက ၄၀၀၀၀ ကျော် စိုက်ပျိုးသွားဖို့ လျာထားပါတယ်။ ဒီနှစ်မှာ နွေနှမ်းစိုက်ပျိုးမှုလျာထားချက်ထက် ပိုစိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ဒါ့ပြင် အထွက်နှုန်းကောင်းမွန်ဖို့၊ GAP စနစ်တွေနဲ့ စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်"ဟု ဝက်လက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်အတွင်း နွေနှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP စနစ်များဖြင့်စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဝက်လက်မြို့နယ်တွင် ဆောင်းနှမ်း ၆၁၅၅၂ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလက စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၆၁၅၅၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ကျောက်မဲမြို့ စဝ်စံထွန်းလမ်း(ရန်ကင်းလမ်း)တွင် ရေမြောင်းနှင့် ပလက်ဖောင်းပြုလုပ်ခြင်း၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း စစ်ဆေး

**ကျောက်မဲ ဇန်နဝါရီ ၁၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့နယ် စည်ပင်သာယာရေးဌာနက အမှတ်(၂)ရပ်ကွက် စဝ်စံထွန်းလမ်း(ရန်ကင်းလမ်း)တွင် ရေမြောင်းနှင့် ပလက်ဖောင်းပြုလုပ်ခြင်း၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်မဲမြို့နယ် စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် တာဝန်ရှိသူများက အမှတ်(၂)ရပ်ကွက် စဝ်စံထွန်းလမ်း (ရန်ကင်းလမ်း)တွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် စည်ပင်သာယာရေးဌာန ရန်ပုံငွေကျပ် ၄၄၅ ဒသမ ၉ သိန်းဖြင့် ရေမြောင်းနှင့် ပလက်ဖောင်းပြုလုပ်ခြင်းလုပ်ငန်း၊ စည်ပင်သာယာရေးဌာန ရန်ပုံငွေကျပ် ၂၇၉ သိန်းဖြင့် ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးက လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် တာဝန်ရှိသူများကို မှာကြားသည်။



ကျောက်မဲမြို့ အမှတ်(၂) ရပ်ကွက် စဝ်စံထွန်းလမ်း(ရန်ကင်းလမ်း)တွင် အရှည်ပေ ၃၀၀၊ အကျယ် နှစ်ပေ ခြောက်လက်မ၊ အနက် သုံးပေ ခြောက်လက်မရှိ ရေမြောင်းနှင့် ပလက်ဖောင်းပြုလုပ်ခြင်းလုပ်ငန်းများ၊ အရှည် ပေ ၄၀၀၊ အကျယ် ၂၂ ပေ၊ အမြင့် သုံးလက်မရှိ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများကို ကျောက်မဲမြို့နယ် စည်ပင်သာယာရေးဌာနက ဇန်နဝါရီလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများ ၃၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း ကျောက်မဲမြို့နယ် စည်ပင်သာယာရေးဌာနမှ သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# မိုင်းဆတ်မြို့နယ် နောင်ဘိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုင်းဆတ် ဇန်နဝါရီ ၁၄**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းဆတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ စတုတ္ထအကြိမ်ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက ကျတီကျေးရွာအုပ်စု နောင်ဘိုကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းဆတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းဦးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၅၀ ကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက နောင်ဘိုကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၈ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၅၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **မောင်နိုင်**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၄-၁-၂၀၂၃**

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၈၅၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၂၀၀၀၀ |
| **(ဓွဲ့ထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| နွေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၆၀၀/၆၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၆၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၄၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၀၈၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၁၈၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၂၄၅ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့ခိုင်ကောင်းအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

ရှေ့ဖုံးမှအဆက်

ကယားပြည်နယ်နေ့၌ ကယားတိုင်းရင်းသားများနှင့် နိုင်ငံတစ်ဝန်းပြည်ထောင်စုဖွားတိုင်းရင်းသားများအားလုံး စိတ်ရောကိုယ်ပါကျန်းမာရွှင်လန်းပြီး လိုရာဆန္ဒပြည့်ဝကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ကရင်နီပြည်နယ်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ပြည်နယ်တစ်ခုအဖြစ်ပါဝင်ခဲ့ပြီး ၁၉၅၁ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြင်ဆင်ချက်အက်ဥပဒေအရ လူထုဆန္ဒဖြင့် ၁၉၅၂ ခုနှစ် ဇန်နဝါရီ ၁၅ ရက်မှစ၍ ကရင်နီပြည်နယ်မှ ကယားပြည်နယ်အဖြစ် တရားဝင်ပြောင်းလဲခေါ်ဝေါ်ခဲ့ပါသည်။

ထိုသို့ ကယားပြည်နယ်ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့သည့်နေ့ကို **"ကယားပြည်နယ်နေ့"**အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ပါသည်။

ကယားပြည်နယ်သည် မြန်မာနိုင်ငံ၏အရှေ့ပိုင်းတောင်တန်းဒေသဖြစ်ပြီး တောတောင်ရေမြေသဘာဝအလှတရားများ၊ မြေပေါ်မြေအောက်သယံဇာတများပေါကြွယ်ဝကာ ရိုးရာယဉ်ကျေးမှုအလှတရားများဖြင့် သာယာလှပသော၊ ရာသီဥတုမျှတသောပြည်နယ်ဖြစ်ပါသည်။ ဒေသခံတိုင်းရင်းသားတို့၏ ရင်းနှီးဖော်ရွေမှု၊ ရိုးသားမှုတို့သည် ပြည်နယ်၏နှစ်သက်စွဲလမ်းဖွယ်ရာ ဂုဏ်အင်္ဂါများပင်ဖြစ်ပါသည်။

ကယားပြည်နယ်သည် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်သော ပြည်နယ်တစ်ခုဖြစ်သည့်အပြင် မော်ချီးသတ္တုတွင်းသည် ဒုတိယကမ္ဘာစစ်မတိုင်မီကပင် ခဲမဖြူ၊ အဖြိုက်နက်ကဲ့သို့သော အဖိုးတန်သယံဇာတများထွက်ရှိသည့် အဓိကရင်းမြစ်နေရာတစ်ခုဖြစ်ခဲ့ပြီး ယနေ့တိုင်အောင်စကျင်ကျောက်များ၊ ဘော်သတ္တုများ၊ ခဲမဖြူ၊ အဖြိုက်နက်၊ ရှီးလိုက်ရောရာသတ္တုများ စသည့်တွင်းထွက်ပစ္စည်းများသာမက သစ်တောထွက်ပစ္စည်းများကြွယ်ဝစွာထွက်ရှိကာ သဘာဝကဖန်တီးပေးထားသော ရေခံမြေခံကောင်းလှသည့် ပြည်နယ်၊ ဖွံ့ဖြိုးတိုးတက်ပြီး ခိုင်ခိုင်မာမာရပ်တည်နိုင်ခဲ့သည့် ပြည်နယ်ဖြစ်ပါသည်။

ထို့နည်းတူ ကယားပြည်နယ်၏ လောပိတရေအားလျှပ်စစ်စက်ရုံကြီးသည် နိုင်ငံတော်တစ်ဝန်းလုံးအတွက် လိုအပ်သောလျှပ်စစ်ဓာတ်အားများကို နေ့စဉ်ထုတ်လွှတ်ပေးလျက်ရှိသည့် နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် အဓိကအရေးပါသော လျှပ်စစ်စွမ်းအားအရင်းအမြစ် ပြည်နယ်တစ်ခုလည်းဖြစ်ပါသည်။

ကယားပြည်နယ်သည် သဘာဝကဖန်တီးပေးထားသည့် သဘာဝသယံဇာတအခြေခံကောင်းများစွာရှိနေပြီးဖြစ်၍ မျက်မှောက်ကာလတွင် တည်ရှိပြီးသား သဘာဝအလှတရားများနှင့် သယံဇာတထွက်ကုန်များကို ထိထိရောက်ရောက်အသုံးချကာ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဟန်ချက်ညီညီဝိုင်းဝန်းဆောင်ရွက်ကြခြင်းဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝအလုပ်အကိုင်အခွင့်အလမ်းများတိုးတက်လာမည်ဖြစ်ပါသည်။

နိုင်ငံတော်အနေဖြင့်လည်း ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး အစရှိသော ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ဘက်ပေါင်းစုံမှအားပေးကူညီပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

ထိုသို့ရရှိပြီး အခြေခံကောင်းများကိုအမိအရဆုပ်ကိုင်၍ ကယားပြည်နယ်တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများက နိုင်ငံတော်အစိုးရနှင့်အတူ ကြိုးပမ်းဆောင်ရွက်သွားကြရန် အထူးလိုအပ်နေချိန်ဖြစ်ပါသည်။

မိမိတို့နိုင်ငံ၏သမိုင်းကြောင်းကို ပြန်ပြောင်းကြည့်မည်ဆိုပါက လွတ်လပ်ရေးနှင့်အတူ နယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှုပယောဂကြောင့် ပူးတွဲပါရှိလာခဲ့သော ပြည်တွင်းသောင်းကျန်းမှုဖြစ်စဉ်များ၊ လူမျိုးစွဲ၊ ဝါဒစွဲဖြစ်စဉ်များနှင့် တိုင်းရင်းသားများအကြား ဖြစ်ပွားခဲ့ရသည့်သံသယဖြင့် စည်းလုံးညီညွတ်မှုပြိုကွဲခဲ့ကြရပါသည်။ ၎င်းအကျိုးဆက်များကြောင့် လက်နက်ကိုင်ပဋိပက္ခများသည် ယနေ့ထိတိုင် နှစ်ပေါင်းရှည်ကြာစွာဖြစ်ပွားလျက်ရှိသဖြင့် ယင်း၏ဆိုးကျိုးသက်ရောက်မှုများကြောင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကို များစွာထိခိုက်မှုရှိခဲ့သည်ကို ကယားပြည်နယ်အပါအဝင် မိမိတို့အားလုံး လက်တွေ့ခံစားသိရှိကြပြီဖြစ်ပါသည်။

ယနေ့အချိန်အခါသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်အစိုးရတာဝန်အရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး အိမ်စောင့်အစိုးရဖွဲ့စည်းကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အခြေခံမူများဖြစ်သော ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်(၉)ရပ်တို့ကိုချမှတ်လျက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ တစ်နိုင်ငံလုံးဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် နိုင်ငံသားများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်အောင်ဆောင်ရွက်ခြင်းသည် အရေးအကြီးဆုံးဖြစ်၍ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ဆက်လက်ကြိုးပမ်းလုပ်ဆောင်သွားမည်ဖြစ်ပါသည်။

လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာပေါများရေးဟူသော အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ကမ္ဘာပေါ်၌ လူဦးရေ ခုနစ်ဘီလီယံကျော်ရှိပြီး နိုင်ငံတိုင်းတွင် စားနပ်ရိက္ခာလိုအပ်ချက်များသည် အမြဲရှိနေသည်ဖြစ်ရာ အဆိုပါစားနပ်ရိက္ခာလိုအပ်ချက်များကို မိမိတို့နိုင်ငံရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းမှထွက်ရှိသည့် စားသောက်ကုန်များဖြင့် ဖြည့်တင်းနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ပါသည်။ စီးပွားရေးအင်အားကောင်းလျှင် တိုင်းပြည်သာယာဝပြောပြီး တည်ငြိမ်မှုလည်း ရရှိနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် အခြေခံအားဖြင့် စီးပွားရေးအားကောင်းအောင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတို့က ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် တစ်နိုင်ငံလုံး သာယာဝပြောလာနိုင်မည်ဖြစ်ပါသည်။

အလားတူ တိုင်းပြည်အလျင်အမြန် ဖွံ့ဖြိုးတိုးတက်ရန်အဓိကကျသည့် စီးပွားရေးလုပ်ငန်းများဖြစ်ပေါ်လာစေရေး အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် သမဝါယမလုပ်ငန်းများကို တိုးတက်မှုရှိအောင် ကြိုးပမ်းဖော်ဆောင်ပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် ထုတ်ကုန်ပစ္စည်းနည်းပါးမှုကြောင့် ရောင်းဝယ်မှုနည်းပါးခြင်းဖြစ်၍ ထုတ်ကုန်ပစ္စည်းများကို အရည်အသွေးပြည့်မီစွာဖြင့် အရေအတွက်များပြားစွာထုတ်လုပ်နိုင်ရန်လိုအပ်ပါသည်။ ထုတ်ကုန်များရရှိရန် အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး(MSME)ကို အခြေခံသည့် ကုန်ကြမ်း၊ သွင်းအားစု၊ အရင်းအနှီးနှင့် လူသားအရင်းအမြစ်ကောင်း စသည့်လိုအပ်ချက်များကို နိုင်ငံတော်အစိုးရက အတတ်နိုင်ဆုံး အစွမ်းကုန်ကူညီအားပေးဆောင်ရွက်လျက်ရှိပါသည်။

MSME လုပ်ငန်းများ၏ရည်ရွယ်ချက်သည် ပြည်တွင်းစီးပွားရေးအားပေးရန်၊ သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်ပစ္စည်းများကို တိုးမြှင့်တင်ပို့နိုင်ရန်ဖြစ်ပါသည်။ ထို့ကြောင့် MSME လုပ်ငန်းများအောင်မြင်လာစေရန်အတွက် မြန်မာနိုင်ငံ၏ သဘာဝအခြေအနေအရ ပြည်တွင်းရှိ ကုန်ကြမ်းများကို ကုန်ချောအဖြစ် ပြောင်းလဲထုတ်လုပ်သည့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်လာအောင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် သယံဇာတပစ္စည်းများမှ ထုတ်ကုန်ပစ္စည်းများကို ထိရောက်အကျိုးရှိစွာအသုံးပြုခြင်းဖြင့် မိမိတို့နိုင်ငံ၏ စီးပွားရေးကဏ္ဍတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

တိုင်းရင်းသားလူမျိုးများပြားပြီး ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှုပယောဂကြောင့် မိမိတို့နိုင်ငံတွင် နိုင်ငံရေးပဋိပက္ခများသည် နက်နဲရှုပ်ထွေးလှပါသည်။ မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ဆက်လက်ဆွေးနွေးညှိနှိုင်းရန်များကျန်ရှိနေဆဲဖြစ်သည်ကို အားလုံးကလက်ခံထားကြပါသည်။ တိုးတက်မှုရှိနေသည့် ငြိမ်းချမ်းရေးလမ်းစများအပေါ် တိုင်းရင်းသားအဖွဲ့အစည်းများနှင့် သက်ဆိုင်သူအားလုံးက နိုင်ငံနှင့်ပြည်သူအကျိုးကိုရှေးရှုပြီး အပြုသဘောဖြင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်းက ငြိမ်းချမ်းရေးခရီးကို ပိုမိုထိရောက်စေနိုင်မည်ဖြစ်ကြောင်း အသိပေးလိုပါသည်။

ပဋိပက္ခများဖြင့် သံသရာလည်နေသည့် နိုင်ငံတိုင်းအတွက် ငြိမ်းချမ်းရေးခရီးမှာ အခက်အခဲအကျပ်အတည်းများရှိကြစမြဲဖြစ်ပါသည်။ ပါဝင်ပတ်သက်သူအားလုံး၏ ငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားသည့်ဆန္ဒ၊ နည်းလမ်းမှန်ကန်မှု၊ ငြိမ်းချမ်းစွာစေ့စပ်ညှိနှိုင်းလိုမှု၊ စိတ်ရှည်သည်းခံမှု၊ တစိုက်မတ်မတ်ကြိုးစားအားထုတ်မှုများရှိမှသာ ငြိမ်းချမ်းရေးလိုရာခရီးပေါက်မည်ဖြစ်သည့်အပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များသည် နိုင်ငံရေး၏အစိတ်အပိုင်းဖြစ်သော်လည်း နိုင်ငံရေး၏လက်နက်တစ်ခုမဟုတ်ဘဲ နိုင်ငံတည်ဆောက်ရေးနှင့်အမျိုးသားအကျိုးစီးပွားအတွက် အဓိကဦးတည်လုပ်ဆောင်ပါမှသာ အနာဂတ်နိုင်ငံတည်ဆောက်ရေးကို အထောက်အကူဖြစ်စေမည်ဖြစ်ပါသည်။

လက်နက်ကိုင်ပဋိပက္ခများရှိနေသည့်ဒေသများတွင် ပဋိပက္ခများ၏အကျိုးဆက်များကို ယင်းဒေသမှ ပြည်သူများတိုက်ရိုက်ခံစားနေကြပြီး ကျန်ပြည်သူများက သွယ်ဝိုက်၍ခံစားနေကြရပါသည်။ လက်နက်ကိုင်တိုက်ခိုက်မှုများကြောင့် လူ့အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာဒေသဖွံ့ဖြိုးတိုးတက်ရေးကို အတားအဆီးဖြစ်စေရုံသာမက ကလေးငယ်များ၏ ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုများကိုလည်းခက်ခဲစေပြီး ပဋိပက္ခများကြောင့် စီးပွားရေးကျဆင်းကာ ဆင်းရဲမှုနှုန်းမြင့်တက်စေခြင်းမှာ နိုင်ငံ၏အနာဂတ်အတွက် ရင်လေးဖွယ်ရာဖြစ်သည်ကို သတိထားလုပ်ဆောင်ကြရန် တိုက်တွန်းမှာကြားလိုပါသည်။

တိုင်းရင်းသားပြည်သူအားလုံး၏ဆန္ဒနှင့်အညီ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရန် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ နိုင်ငံ့ဝန်ထမ်းများအားလုံး၊ အရပ်ဘက်အဖွဲ့အစည်းများအားလုံး တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြမှသာ မျှော်မှန်းသည့်

**ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ထားပြီး တိုင်းရင်းသားပြည်သူများအကြား တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် အခြေခံကောင်းများ ပွားများဖြစ်ထွန်းအောင် ကြိုးပမ်းဆောင်ရွက်သွားကြရပါမည်။ မိမိတို့ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား အပြန်အလှန်လေးစားမှု၊ နားလည်မှု၊ ယုံကြည်မှုများဖြင့် တည်ဆောက်ကြရာတွင် ကယားပြည်နယ်ရှိ တိုင်းရင်းသားများကလည်း အတွေးအခေါ် အယူအဆမှန်ကန်စွာဖြင့် စည်းစည်းလုံးလုံး ဝိုင်းဝန်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် အလေးအနက်တိုက်တွန်း. . .**

ပန်းတိုင်ကို အချိန်တိုအတွင်း အောင်အောင်မြင်မြင်ရောက်ရှိနိုင်မည်ဖြစ်ပါသည်။ ထိုပန်းတိုင်သို့ရောက်ရှိရန် အဓိကကျသည့်အချက်မှာ **"ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်"**ဆိုသည့်အတိုင်း မိမိတို့တိုင်းရင်းသားအားလုံး မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် စည်းလုံးညီညွတ်ကြရန်နှင့် နိုင်ငံတော်ကို ဘက်ပေါင်းစုံက ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရန် လိုအပ်မည်ဖြစ်ပါသည်။

ယခုလတ်တလောအခြေအနေတွင် ပြည်ပနိုင်ငံများ၏ သွေးထိုးလှုံ့ဆော်မှုများ၊ သဘောထားကွဲလွဲပြီး နိုင်ငံနှင့်ပြည်သူအကျိုးကို မျက်ကွယ်ပြုလုပ်ဆောင်နေသော အချို့အဖွဲ့အစည်းများ၏ ဆောင်ရွက်မှုများ၊ ကျင့်ဝတ်ဖောက်ဖျက်ပြီး နိုင်ငံတော်ကို အန္တရာယ်ချောက်ကမ်းပါးထဲသို့ဆွဲချနေသည့် မဟုတ်မမှန်လုပ်ကြံသတင်းများ၊ သဘောထားမမှန်သည့် အချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် NUG၊ CRPH၊ PDF အစရှိသည့် အကြမ်းဖက်အဖွဲ့အစည်းများ၏ သွေးဆောင်စည်းရုံးမှုနှင့် အကြမ်းဖက်လုပ်ရပ်များကြောင့် ဒေသအချို့တွင်ရှိသည့် ပြည်သူလူထုအကြား အသိအမြင်များမှားပြီး ညီညွတ်မှုများပြိုကွဲကာ မငြိမ်းမချမ်းဖြစ်နေသည်ကို တွေ့မြင်ကြရမည်ဖြစ်ပါသည်။ ထိုအခြေအနေများ၏အကျိုးဆက်သည် နိုင်ငံတော်၏ကောင်းကျိုးကို ဖော်ဆောင်နိုင်မည်မဟုတ်သကဲ့သို့ နိုင်ငံတော်နှင့် ပြည်သူအားလုံးအတွက် အန္တရာယ်ဖြစ်စေကြောင်း သတိထားဆင်ခြင်နိုင်ကြရန် လိုအပ်ပါသည်။

ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး တိုင်းရင်းသားပြည်သူများအကြား တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် အခြေခံကောင်းများ ပွားများဖြစ်ထွန်းအောင် ကြိုးပမ်းဆောင်ရွက်သွားကြရပါမည်။ မိမိတို့ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား အပြန်အလှန်လေးစားမှု၊ နားလည်မှု၊ ယုံကြည်မှုများဖြင့် တည်ဆောက်ကြရာတွင် ကယားပြည်နယ်ရှိ တိုင်းရင်းသားများကလည်း အတွေးအခေါ် အယူအဆမှန်ကန်စွာဖြင့် စည်းစည်းလုံးလုံး ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် အလေးအနက်တိုက်တွန်းအပ်ပါသည်။

နိဂုံးချုပ်အားဖြင့် ကယားပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများအားလုံး ဒေသတွင်းတည်ငြိမ်အေးချမ်းမှုဖော်ဆောင်နိုင်သူများဖြစ်ကြပါစေ၊ ဒေသဖွံ့ဖြိုးရေး၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားလာရေးကို အားကြိုးမာန်တက်ဆောင်ရွက်နိုင်ကြပါစေ၊ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားတိုးတက်မြင့်မားရေးကို ဝိုင်းဝန်းဖော်ဆောင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# မြို့တော်နေပြည်တော်ကို "GREEN CITY၊ CLEAN CITY၊ SMART CITY" ဖြစ်စေရန် လမ်းညွှန်ချက်နှင့်အညီ သန့်ရှင်းသာယာလှပသောမြို့တော်ဖြစ်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်နေ





**နေပြည်တော် ဇန်နဝါရီ ၁၄**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဌေးအောင်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် နိုင်ငံတော်ဧည့်ဂေဟာရှိ ဟိုတယ်များ မြို့တော်အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော် ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းနှင့် ခရီးသွားလုပ်ငန်းရှင်များအသင်းတို့မှတာဝန်ရှိသူများနှင့် မင်္ဂလာသီရိ ဟိုတယ်၌တွေ့ဆုံပြီး မြို့တော်နေပြည်တော်ကို "GREEN CITY၊ CLEAN CITY၊ SMART CITY" ဖြစ်စေရန် လမ်းညွှန်ချက်နှင့်အညီ သန့်ရှင်းသာယာလှပသော မြို့တော်ဖြစ်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ ဝန်ကြီးဌာနက လည်း Tourism Hub ဖြစ်စေရေးကို ကြိုးပမ်းဆောင်ရွက်နေသည်ဖြစ်ရာ ဟိုတယ်များအနေဖြင့်လည်း နိုင်ငံတော်ကဆောင်ရွက်နေသောလုပ်ငန်းစဉ်များကို သိရှိနားလည်ပြီး မြို့တော်၏အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

ယခုအခါနေပြည်တော်သည် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ လာရောက်လည်ပတ်လိုသော ခရီးစဉ်ဒေသတစ်ခုဖြစ်သည့်အတွက် ခရီးသွားဧည့်သည်များ တည်းခိုနေထိုင်ရာ ဟိုတယ်များအနေဖြင့် သန့်ရှင်းမှု၊ သာယာလှပမှုနှင့် ဝန်ဆောင်မှုအရည်အသွေးများ ကောင်းမွန်တိုးတက်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ထို့ပြင် နိုင်ငံတကာအဆင့်မီ ဟိုတယ်တစ်ခုဖြစ်စေရေးအတွက် ဟိုတယ်တွင် ဝန်ဆောင်မှုပေးနေသူများအားလုံး၏ ဝတ်စားဆင်ယင်မှုမှအစ ဝန်ဆောင်မှုပေးသည်အထိ သပ်သပ်ရပ်ရပ်သန့်သန့်ရှင်းရှင်း သေသေသပ်သပ်နှင့် Neat and Tidy ဖြစ်ရန်လည်း အထူးအရေးကြီးပြီး ဧည့်သည်များစိတ်ချမ်းမြေ့စွာ အပန်းဖြေနားနေနိုင်စေရေးအတွက်လည်း ဆောင်ရွက်ရန်လိုအပ်ကြောင်းပြောကြားပြီး ဟိုတယ်များ သန့်ရှင်းသာယာလှပရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးသည်။

ထိုသို့တွေ့ဆုံစဉ် ဌာနဆိုင်ရာတာဝန်ရှိသူများက ရာဇသင်္ဂဟလမ်းမကြီးဘေးဝဲယာရှိအတွင်း လမ်းနှင့်ဟိုတယ်ဧရိယာအကြား သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားရှိမှု၊ နိုင်ငံတော်ဧည့်ဂေဟာများနှင့်ဟိုတယ်များအတွင်း သစ်ပင်ကြီးများအလင်းဖွင့်ခြင်းနှင့်ချုံနွယ်များ ရှင်းလင်းခြင်းဆောင်ရွက်ထားရှိမှု၊ ဆောင်ရွက်ရန်ကျန်ရှိသည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

နေပြည်တော်သည် နိုင်ငံ၏မြို့တော်ဖြစ်သည့်အတွက် နိုင်ငံတကာမှ ခရီးသွားဧည့်သည်များ လာရောက်သည့်အခါတွင် မြန်မာနိုင်ငံ၏ စံပြမြို့တော်အဖြစ်ပုံရိပ်ကောင်းများစွဲထင်နေစေရေး၊ ပြည်တွင်း၊ ပြည်ပမှခရီးသွားဧည့်သည်များလာရောက်လည်ပတ်ရာ အချက်အချာနေရာတစ်ခုအဖြစ်ဖြစ်ပေါ်လာစေရေးအတွက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေး၊ သီးနှံအရည်အသွေးမြင့်မားရေးနှင့်ဈေးနှုန်းသေချာမှုရှိပြီး ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရမှုနှင့် ထိုက်သင့်သည့်အကျိုးခံစားနိုင်ရန် ပါဝင်ပတ်သက်သူအားလုံး တက်ညီလက်ညီ ဆောင်ရွက်ကြရန်လို

**နေပြည်တော် ဇန်နဝါရီ ၁၄**

စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေး၊ သီးနှံအရည်အသွေးမြင့်မားရေးနှင့် ဈေးနှုန်းသေချာမှုရှိပြီး ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရမှုနှင့် ထိုက်သင့်သည့် အကျိုးခံစားနိုင်ကြစေရန် လယ်ယာကဏ္ဍလုပ်ငန်း ကွင်းဆက်တစ်လျှောက် ပါဝင်ပတ်သက်သူအားလုံး တက်ညီလက်ညီဆောင်ရွက်ကြရန်နှင့် စိုက်ပျိုးထုတ်လုပ်သူ တောင်သူအစုအဖွဲ့များနှင့် ကြိတ်ခွဲရောင်းဝယ်သူများအကြား ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေရေး ကြိုးပမ်းကြရန် ယမန်နေ့ နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဒေသခံလုပ်ငန်းရှင်များ၊ တောင်သူများနှင့်တွေ့ဆုံစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲတွင် မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက နိုင်ငံစီးပွားမြင့်တင်ရေးရန်ပုံငွေဖြင့်ဆောင်ရွက်မည့် နွေစပါးစီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ မြို့နယ်လုပ်ငန်းကြီးကြပ်မှုကော်မတီဝင်က မြို့သစ်မြို့နယ်အတွင်း နွေစပါးစီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာသည့် လုပ်ငန်းရှင်များ၊ တောင်သူများက လုပ်ငန်းလိုအပ်ချက်နှင့် သိရှိလိုသည်များကို ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



အလားတူ ဒုတိယဝန်ကြီးသည် မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအစည်းအဝေးခန်းမ၌ ဒေသခံ လုပ်ငန်းရှင်များ၊ တောင်သူများနှင့်တွေ့ဆုံ ဆွေးနွေးကာ လုပ်ငန်းရှင်များ၊ တောင်သူ များ၏လိုအပ်ချက်များကို ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ



**မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးစဉ်။**

**နေပြည်တော် ဇန်နဝါရီ ၁၄**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့၌ ဒေသခံပြည်သူ ၆၆၁၅ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့၌ ကျောင်းသား၊ ကျောင်းသူ ၂၈၉ ဦးကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# မန္တလေးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ





**မန္တလေး ဇန်နဝါရီ ၁၄**

မန္တလေးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး နှစ်ထပ်ဆောင်အစည်းအဝေးခန်းမတွင် ဇန်နဝါရီ ၁၃ ရက် မွန်းလွဲပိုင်းကကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် သဘာဝဘေးအန္တရာယ်များသည် အချိန်မရွေး၊ နေရာမရွေး မမျှော်လင့်နိုင်သည့်ဖြစ်ရပ်များကို ရင်ဆိုင်ကြုံတွေ့နိုင်သည်ဖြစ်၍ ကြိုတင်တွက်ဆပြီး အစဉ်အမြဲသတိရှိကာ အသင့်ဖြစ်နေအောင် ကြိုတင်စီမံ ဆောင်ရွက်ထားရမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု လုပ်ငန်းများ ဆောင်ရွက်ရာတွင် ခိုင်မာသောဖွဲ့စည်းတည်ဆောက်မှု၊ လုပ်ငန်းစနစ်ကောင်းမွန်မှု၊ စုစည်းညီညွတ်သည့် ပေါင်းစပ်ညှိနှိုင်း အကောင်အထည်ဖော်မှုတို့သည် အရေးကြီးကြောင်း၊ အောက်ခြေထိကွင်းဆင်းပြီး စာနာထောက်ထားစိတ်အပြည့်ဖြင့် လုပ်ငန်းတာဝန်များအပေါ် စေတနာထားကာ တတ်ထားသော ပညာ၊ သိရှိထားသည့် အသိနှင့် အတွေ့အကြုံများ ပေါင်းစပ်ပြီး ထိထိရောက်ရောက် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနေပြီး ကယ်ဆယ်ရေး အထောက်အကူပြုစက်ကိရိယာပစ္စည်းများနှင့် ကယ်ဆယ်ရေး အသုံးအဆောင်ပစ္စည်းများ ပျက်စီးဆုံးရှုံးလေလွင့်မှုများမဖြစ်ပေါ်စေရေး စိစစ်ကြပ်မတ်ကာ အလေးထားဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် သဘာဝဘေးအန္တရာယ်များ၏ သဘောသဘာဝများကို မျက်ခြည်မပြတ်လေ့လာနေရန်လိုအပ်ပြီး ဖွဲ့စည်းထားသော စွမ်းအားအရင်းအမြစ်များဖြင့် ရင်ဆိုင်တုံ့ပြန်နိုင်မည့် အကောင်းဆုံးသော အစီအမံများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရမည်ဖြစ်ကြောင်း၊ တုံ့ပြန်နိုင်မည့် စွမ်းအားစုများကို ကြိုတင်ပြင်ဆင်စုဖွဲ့ခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်း၊ အသိပညာပေးခြင်းများကို အခါအားလျော်စွာ ဆောင်ရွက်နေရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်မင်းက တိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဦးအေးမင်းသူနှင့် တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးဇော်ဝင်းထွန်းတို့၏ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက အရေးပေါ်တုံ့ပြန်နိုင်ရေး စီမံဆောင်ရွက်ထားရှိမှုများ၊ သဘာဝဘေးဖြစ်ပွားခဲ့မှုများ၊ တုံ့ပြန်နိုင်မည့်စွမ်းအားစုများ၊ စက်ကိရိယာပစ္စည်းများနှင့် ကယ်ဆယ်ရေးပစ္စည်းများ အဆင်သင့် စီမံဆောင်ရွက်ထားရှိမှုများ၊ အသိပညာပေးလုပ်ငန်းများနှင့် သင်တန်းပို့ချဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြမှုနှင့် နှီးနွယ်ဌာနများမှ တာဝန်ရှိသူများ၏ ဆွေးနွေးအကြံပြုချက်များအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

---

# ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တန်ချိန်သုံးသောင်း တိုက်ရိုက်တင်ပို့မှုမှ နောက်ဆုံးသင်္ဘော် ပုသိမ်ဆိပ်ကမ်းမှ ထွက်ခွာ

**ရန်ကုန် ဇန်နဝါရီ ၁၄**

မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ နှစ်နိုင်ငံ G to G သဘောတူညီမှုအရ မြန်မာနိုင်ငံက ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တန်ချိန် နှစ်သိန်း တင်ပို့ရာတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်စက်မှုမြို့တော်ဆိပ်ကမ်းမှ ဆန်တန်ချိန် သုံးသောင်းကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်မှစတင်၍ တိုက်ရိုက်တင်ပို့ခဲ့ရာ ယခုနှစ် ဇန်နဝါရီ ၁၃ ရက်တွင် ပို့ကုန်ဆန်တန်ချိန် သုံးသောင်း၏ နောက်ဆုံးသင်္ဘော်ဖြစ်သော MCL-7 သင်္ဘော် ထွက်ခွာသွားပြီဖြစ်ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပုသိမ်မြို့မှ ဆန်တန်ချိန်သုံးသောင်း တိုက်ရိုက်တင်ပို့မှုသည် ဆန်စပါးထွက်ရှိရာဒေသမှ ပြည်ပနိုင်ငံသို့ တိုက်ရိုက်တင်ပို့နိုင်ခဲ့ခြင်းဖြစ်သောကြောင့် ကုမ္ပဏီများအနေဖြင့် ရန်ကုန်ဆိပ်ကမ်းမှတစ်ဆင့် တင်ပို့ရသော ကုန်ကျစရိတ်သက်သာစေခဲ့ပြီး ဒေသခံဆန်စက်လုပ်ငန်းရှင်များ စီးပွားရေးအခွင့်အလမ်းများ ပွင့်လန်းခဲ့ကာ ဒေသခံများလည်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိခဲ့သည်။

"ပုသိမ်ဆိပ်ကမ်းကနေ တင်ပို့ရမယ့် ဆန်တန်ချိန်သုံးသောင်းအတွက် မနေ့က နောက်ဆုံးသင်္ဘော် ထွက်သွားပါပြီ။ နောက်ထပ် G to G စာချုပ်ချုပ်ဆိုဖို့ အစီအစဉ်ရှိမှ ဆက်ပြီးပို့မယ်လို့ သိထားပါတယ်။ အခုလိုတိုက်ရိုက်တင်ပို့နိုင်ခဲ့တဲ့အတွက် လုပ်ငန်းရှင်တွေ အကျိုးအမြတ်ရရှိသလို နိုင်ငံတော်အတွက်လည်း အခွန်အခတွေရရှိခဲ့တယ်။ ဆက်ပြီးတင်ပို့နိုင်လေ စိုက်ပျိုးတောင်သူတွေအတွက်လည်း အကျိုးပိုရှိလေပါပဲ" ဟု ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းထွန်းကပြောသည်။

နှစ်နိုင်ငံချုပ်ဆိုထားသော စာချုပ်အရ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ရမည့် ဆန်တန်ချိန်နှစ်သိန်းတွင် ပုသိမ်စက်မှုမြို့တော်ဆိပ်မှ ဆန်တန်ချိန် သုံးသောင်းကိုလည်းကောင်း၊ ကျန်သောဆန်တန်ချိန်များကို ဆူးလေဆိပ်ကမ်း၊ သီလဝါဆိပ်ကမ်း၊ ရွှေပြည်သာဆိပ်ကမ်းနှင့် စစ်တွေဆိပ်ကမ်းတို့မှလည်းကောင်း သတ်မှတ်ဆန်တန်ချိန်များကို တင်ပို့ခဲ့သည်။ ယမန်နေ့က ပုသိမ်ဆိပ်ကမ်းမှ MCL-7 သင်္ဘော်နည်းတူ စစ်တွေဆိပ်ကမ်းမှ MCL-11 ဆန်တင်သင်္ဘော်များ ထွက်ခွာသွားကြပြီး ယနေ့တွင် ဆူးလေဆိပ်ကမ်း၌ ပြည်ပပို့ကုန် ဆန်တန်ချိန်နှစ်သိန်း၏ နောက်ဆုံးဆန်တင်သင်္ဘော်ဖြစ်သော ATN Glory နိုင်ငံခြားသင်္ဘော်ဖြင့် ဆန်တန်ချိန် ၂၁၀၀၀ ကို တင်ဆောင်လျက်ရှိရာ ရက်အနည်းငယ်အတွင်း ထွက်ခွာမည်ဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သိရသည်။

အဆိုပါ MoU အရ မြန်မာနိုင်ငံ Myanmar Rice Federation-MRF နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ Directorate General of Food တို့က ညှိမထိုင်းရာခိုင်နှုန်း တန်းမြင့်ဆန်တန်ချိန်နှစ်သိန်း တင်ပို့ရန် အရောင်းစာချုပ်(Sales Contract)ကို ချုပ်ဆိုခဲ့ပြီး တင်ပို့မှုဆောင်ရွက်ခဲ့ရာ ဆူးလေဆိပ်ကမ်းတွင် ပို့ကုန်ဆန်များ တင်ဆောင်နေသော ATN Glory နိုင်ငံခြားသင်္ဘော် ထွက်ခွာပြီးပါက မြန်မာနိုင်ငံက တင်ပို့နေသော ဆန်တန်ချိန် နှစ်သိန်း တင်ပို့မှု ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နှစ်နိုင်ငံအစိုးရအကြား ဆန်စပါးကုန်သွယ်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ (Memorandum of Understanding-MoU)ကို လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၂၂ ခုနှစ်မှ ၂၀၂၇ ခုနှစ်ထိ မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နှစ်စဉ် ဆန်ဖြူတန်ချိန် ၂၅၀၀၀၀ နှင့် ပေါင်းဆန်တန်ချိန် ၅၀၀၀၀ ကို တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ပုသိမ်စက်မှုမြို့တော်ဆိပ်ကမ်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တိုက်ရိုက်တင်ပို့သော ဆန်တန်ချိန် သုံးသောင်းတွင် နောက်ဆုံးသင်္ဘော်ဖြစ်သော MCL-7 သင်္ဘော်ကို တွေ့ရစဉ်။

---

# အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဆည်)တွင် ရေသန့်စက်ဖွင့်ပွဲနှင့် မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကျင်းပ




**မန္တလေး ဇန်နဝါရီ ၁၄**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန နည်းပညာ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန အစိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ဆည်)တွင် ရေသန့်စက်ဖွင့်ပွဲနှင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းကကျင်းပရာ မန္တလေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေး၊ သယံဇာတရေးရာဝန်ကြီး ဦးမျိုးအောင်၊ လူမှုရေးရာဝန်ကြီး ဦးယဉ်ထွေး၊ ကျောင်းအုပ် ဒေါက်တာမျိုးသူ၊ နှီးနွယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်၊ ပါမောက္ခ ဌာနမှူးများ၊ ဌာနဆိုင်ရာများ၊ ကျောင်းအုပ်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ အဆိုပါကျောင်းအတွင်း မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဒေသဖွံ့ဖြိုးရေး (အခြား)ခွင့်ပြုရန်ပုံငွေကျပ် ၂၅ ဒသမ ၅ သန်းဖြင့် တည်ဆောက်သော (1000/1hr) ရေသန့်စက်အဆောက်အအုံကို တိုင်းဒေသကြီးဝန်ကြီးများ၊ ကျောင်းအုပ်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကို အဆိုပါကျောင်းရှိ စုဝေးခန်းမတွင် ဆက်လက်ကျင်းပရာ ကျောင်းသား၊ ကျောင်းသူများက ဂုဏ်ပြုတေးသီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ပြီး ကျောင်းသမိုင်းနှင့် သင်ကြားသင်ယူမှုမှတ်တမ်းကို Video Clip ဖြင့် ပြသသည်။

ဆက်လက်၍ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးမျိုးအောင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများ၏ သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ဘာသာရပ်အလိုက် ထူးချွန်ဆုရရှိသူများနှင့် အားကစားထူးချွန်ဆုရရှိသူများကို ဆုတံဆိပ်၊ ဂုဏ်ပြုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က အစိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ဆည်)အတွက် ချီးမြှင့်ငွေကျပ် ၁၀ သိန်းတို့ကိုလည်းကောင်း ပေးအပ်ပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးအတွင်း မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး (Working Group) လုပ်ငန်းများ ဆောင်ရွက်နေသည့် ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့ ရဲစုရပ်ကွက်နှင့် ကြက်မင်းတွန်ရပ်ကွက်တို့တွင် မြေပြင်ကွင်းဆင်းစာရင်း ကောက်ယူရေးကြီးကြပ်မှုကော်မတီအဖွဲ့က တစ်အိမ်တက်ဆင်း အိမ်ထောင်စုလူဦးရေစာရင်းတိုက်ဆိုင်စစ်ဆေးကောက်ယူနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **မျိုးကျော်**



ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ရခိုင်ပြည်နယ်ကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ဆောင်ရွက်ခဲ့ကြသူများကို ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ရခိုင်ပြည်နယ်ကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ဆောင်ရွက်ခဲ့ကြသူများကို ဂုဏ်ပြုပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၄**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ရခိုင်ပြည်နယ်ကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ဆောင်ရွက်ခဲ့ကြသူများအား ဂုဏ်ပြုပွဲကို ဇန်နဝါရီ ၁၃ ရက် ညနေပိုင်းတွင် စစ်တွေမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ ဧည့်ဂေဟာရှေ့မြက်ခင်းပြင်၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ရခိုင်ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ပြည်နယ်ဂုဏ်ဆောင် အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များက (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးအထိမ်းအမှတ် အခမ်းအနားတွင် ရခိုင်ပြည်နယ်ကိုယ်စားပြု ပါဝင်ဆောင်ရွက်ခဲ့ကြသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက (၇၅)နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် "ရခိုင်တို့မြေ လာခဲ့လေ" တေးသီချင်းဖြင့် ပါဝင်ဖျော်ဖြေတင်ဆက်ခဲ့သော စစ်တွေတက္ကသိုလ်ယဉ်ကျေးမှုအကအဖွဲ့နှင့် မြန်မာ့သိုင်းပြိုင်ပွဲ၊ ပြေးခုန်ပစ်ပြိုင်ပွဲ၊ အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ အမျိုးသမီးလွန်ဆွဲပြိုင်ပွဲတို့တွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ပြည်နယ်ဂုဏ်ဆောင် အားကစားသမားများကို ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ပြည်နယ်ကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ဆောင်ရွက်ခဲ့ကြသူများကိုယ်စား ရခိုင်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးတင်လှက ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ရခိုင်တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့၏ ရိုးရာယိမ်းအကများ၊ တေးသီချင်းအဆိုအကများ၊ မြန်မာ့သိုင်းသရုပ်ဖော်ပြသခြင်းများကို ကြည့်ရှုအားပေးကြပြီး ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများက ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

# ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင် တစ်ဦးကို ၎င်း၏ မိဘအုပ်ထိန်းသူထံ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၁၄**

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များကို ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်း၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင်လည်း မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ပြန်လည်ကြိုဆိုလက်ခံခြင်းအခမ်းအနားကို ကျင်းပရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူနှင့် ၎င်း၏မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာတာဝန်ရှိသူတစ်ဦးက နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်အတွင်းရှိ PDF အဖွဲ့ဝင် အမျိုးသား



မိတ္ထီလာမြို့၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်တစ်ဦးကို ၎င်း၏မိဘအုပ်ထိန်းသူထံ လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကျင်းပစဉ်။

တစ်ဦးကို ဝန်ခံကတိလက်မှတ် ရေးထိုးစေကာ ၎င်း၏ မိဘအုပ်ထိန်းသူထံသို့ လွှဲပြောင်းအပ်နှံပေးပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ် စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သတင်းရရှိသည်။

# ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ်ရှိ အခြေခံပညာကျောင်းများ၏ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပ




အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ်ရှိ အခြေခံပညာကျောင်းများ၏ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် လွိုင်လင်မြို့ရှိ ခရိုင်အားကစားကွင်း၌ ကျင်းပရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ် ပညာရေးမှူးများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူဘင်ခရာအဖွဲ့က တီးခတ်ဖျော်ဖြေမှုကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပညာရေးစုံညီပွဲတော်ကို ဆက်လက်ကျင်းပရာ လွိုင်လင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက ပညာရေးစုံညီပွဲတော် တို့ချဲ့ပျော်သီချင်းဖြင့် ဖျော်ဖြေ၍ အခမ်းအနားကိုဖွင့်လှစ်ပြီး တိုင်းမှူးက ကျောင်းသား၊ ကျောင်းသူများကို ပညာရေးနှင့်ပတ်သက်၍ ဂုဏ်ပြုအားပေးစကားများ ပြောကြားသည်။

ယင်းနောက် လွိုင်လင်ခရိုင်ပညာရေးမှူးက စုံညီပွဲတော်ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ကျောင်းသား၊ ကျောင်းသူများကို ထူးချွန်အောင်မြင်အောင် ပညာသင်ပေးခဲ့ကြသည့် ဆရာ၊ ဆရာမများနှင့် မြို့နယ်အဆင့် ပြိုင်ပွဲများတွင် စာပေဆုရရှိသော ကျောင်းသား၊ ကျောင်းသူများ၊ မြို့နယ်အဆင့် အားကစားပြိုင်ပွဲများတွင် ဆုရရှိကြသော ကျောင်းသား၊ ကျောင်းသူများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ကြသည်။

၎င်းနောက် လွိုင်လင်မြို့နယ်အတွင်းရှိ ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများက မြန်မာ့ရိုးရာနှင့် ခေတ်ပေါ်တေးသီချင်းများဖြင့် ဖျော်ဖြေကြပြီး တိုင်းမှူးက ပညာရေးစုံညီပွဲတော်အတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ပညာရေးစုံညီပွဲတော်တွင် ကပြဖျော်ဖြေခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကို ချီးမြှင့်ပေးအပ်ရာ ခရိုင်ပညာရေးမှူးနှင့် ကျောင်းသား၊ ကျောင်းသူများက လက်ခံရယူခဲ့ကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွင်း ကျောင်းသား၊ ကျောင်းသူများ၏ တီထွင်ပြုလုပ်ထားသော စက်မှုလက်မှု လက်ရာများနှင့် သင်ထောက်ကူပစ္စည်းပြခန်းတို့ကို လိုက်လံကြည့်ရှုခဲ့ကြပြီး ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုချီးမြှင့်ငွေများအား ဂုဏ်ပြုချီးမြှင့်ပေးအပ်ရာ ကျောင်းသား၊ ကျောင်းသူများက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။

## ဇန်နဝါရီ ၁၄ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ မရှိ

### ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၇၄၁ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၄၂၁၉ ဦး |

**နေပြည်တော် ဇန်နဝါရီ ၁၄**

ဇန်နဝါရီ ၁၃ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၅၀၂၇ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာမရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

# တရားမဝင်ကျောက်စိမ်း၊ စားသောက်ကုန်၊ လူသုံးကုန်၊ လျှပ်စစ်ပစ္စည်းများ၊ ဆက်သွယ်ရေးပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ



**နေပြည်တော် ဇန်နဝါရီ ၁၄**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာတွင် အကောက်ခွန် ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ အကောက်ခွန်အဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၁၁ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ခရီးသည်ဝန်စည်များအတွင်းမှ သက်ဆိုင်ရာ တင်သွင်းခွင့်ထောက်ခံချက် မပါရှိသော MI Walkie Talkie ခြောက်လုံး၊ ကျောက်စိမ်းဟုယူဆရသော ဆွဲသီးအသေး ၂၄၅ ခုအပါအဝင် ကုန်ပစ္စည်း ၁၀ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀ ကိုလည်းကောင်း၊ ဇန်နဝါရီ ၁၂ ရက်တွင် မြန်မာစက်မှုဆိပ်ကမ်းကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသော Polymex Powder ကီလိုဂရမ် ၂၀၀၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၀၀၀၀၀ ကိုလည်းကောင်း၊ မြဝတီ-ဘားအံ-ရန်ကုန် လမ်းကြောင်းအတိုင်း မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်နှင့်ကိုက်ညီမှုမရှိသော LED BULB များ၊ SOLAR BULB များ အပါအဝင် ကုန်ပစ္စည်း ရှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၂၃၄၁၆၄ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသော MITSUBISHIFUSO အမျိုးအစားမော်တော်ယာဉ် တစ်စီးခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၆၃၄၁၆၄ ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇန်နဝါရီ ၁၂ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် ကျိုင်းတုံမြို့နယ် နောင်ခွန်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ် သုံးစီးပေါ်မှ တင်သွင်းခွင့်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသော စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်း ၂၂ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၃၂၂၅၀၀ နှင့် အဆိုပါကုန်ပစ္စည်းများတင်ဆောင်လာသောမော်တော်ယာဉ် သုံးစီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၃၃၃၂၂၅၀၀ ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇန်နဝါရီ ၁၃ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီးအကောက်ခွန်ဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနတို့ပါဝင်သော ပူးပေါင်းအဖွဲ့က ထုံးဘိုလမ်းမကြီးဘေး ကံဦးစေတီလမ်း ဒေါင်းရွှေကျေးရွာရှိ မြေစိုက်ဂိုဒေါင်အတွင်း ဝင်ရောက်စစ်ဆေးခဲ့ရာ တင်သွင်းခွင့်အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော စက်မှုကုန်ကြမ်းအဝတ်အထည်များ ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၄၀၀၀၀၀ ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇန်နဝါရီ ၁၁ ရက်မှ ၁၃ ရက်ထိ ဖမ်းဆီးရမိမှု စုစုပေါင်းအမှုတွဲ ၁၄ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၈၉၅၆၆၆၄ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ဒဂုံမြို့သစ်(မြောက်ပိုင်း)နှင့် မူဆယ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၄**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၃ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၁၆)ရပ်ကွက် အမှတ်(၂)လမ်းမကြီးနှင့်မောင်းမကန်လမ်းထောင့်တွင် ဝင်းကိုကိုနိုင်ကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀ ကိုလည်းကောင်း၊ ဇန်နဝါရီ ၁၂ ရက် ည ၆ နာရီ မိနစ် ၄၀ တွင် မူဆယ်မြို့ ဟိုမွန်ရပ်ကွက် သစ်တောရုံးအနီးတွင် ခိုင်ဝမ်(ခ)အားဝမ် မောင်းနှင်ပြီး လီခိုင်လင့်နှင့် ရှောက်တုန်(ခ)အားတုန်တို့လိုက်ပါလာသည့် CROWN အမျိုးအစားမော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူဆောင်ရွက်ထားကြောင်း သတင်းရရှိသည်။

**ရဲဖြန့်ကြား**



# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၁၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့်ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် ဇေယျာဒွာနီလမ်းနေ ကျော်ဇင်ဦး(ခ)ဖိုးပြည့်သည် ၎င်းအသုံးပြုသည့် “Kyaw Zin (Phoe Pyae)” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (စ)ရပ်ကွက်နေ မျိုးသူအောင် (ခ) ငလုံး (ခ) ဖိုးလုံးသည် ၎င်းအသုံးပြုသည့် “Myo Thu Aung” Facebook အကောင့်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ် တောင်ရပ်ကွက်နေ သူသူအောင်သည် ၎င်းအသုံးပြုသည့် “Thu Thu Aung” Facebook အကောင့်တို့သည် အသိပေးသတင်း ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

0 w Kv d @

# ရင်ဝှက်အပြုံး

အမေ့သား(နတ်မောက်)




(၁)

"အမေကြီး"

အမေကြီးက ကျွန်တော့်ကို လှည့်ကြည့်သည်။ ခြုံထားသောစောင်ကိုခွာလိုက်ပြီး ထမည်ပြင်၏။ ကျွန်တော်ကျောပိုးအိတ်ကိုချပြီး အမေကြီးကိုကူပေးရသည်။ အမေကြီးကျောမှီလို့ရအောင် ခေါင်းအုံးကို အထပ်ထပ်မြှင့်ပေးလိုက်သည်။ အမေကြီးက လက်ထဲက ပုတီးကို ခေါင်းရင်းမှာချလိုက်ပြီး-

"အေ ငါ့မြေးခုံချက်ကြီးက"

အမေကြီးက ယူနီဖောင်းနှင့် ကျွန်တော့်ကို ခြေမှခေါင်းအဆုံး အပြန်ပြန်အလှန်လှန်ကြည့်ရင်းပြောသည်။ မျက်ဝန်းမှာ မျက်ရည်လေးများဝေ့လာနေသည်က ဝမ်းသာနေသည့်ပုံ။

"အမေကြီးဖြင့် ငါ့မြေးကိုမတွေ့ရတော့ဘူးမှတ်တာ"

အမေကြီးက ကျွန်တော့်လက်မောင်းလေးကို ခပ်ဖွဖွဆုပ်ကိုင်ရင်းပြောသည်။

"ဘာလို့မတွေ့ရမှာတုန်း အမေကြီးအသက်ကဖြင့် ငယ်ငယ်လေးရှိသေးတာ"ဟု ကျွန်တော်ကဆိုတော့ အမေကြီးကရယ်သည်။

ကျွန်တော့်ကိုကြည့်ပြီး ပါးစပ်ကလေးတမြုံ့မြုံ့နှင့် ပီတိဖြစ်နေလေ၏။ အမေကြီးခေါင်းရင်းမှာ ဓာတ်ပုံအယ်လ်ဘမ်လေးတွေ့တာကြောင့် ကျွန်တော်ယူကြည့်မိသည်။ အထဲမှာက ကျွန်တော့်ဓာတ်ပုံများသာ။ ဗိုလ်လောင်းအဆောင်အယောင် တပ်ဆင်ပွဲအခမ်းအနားသို့ အဖေနှင့်အမေ လာခဲ့စဉ်ကရိုက်ကူးထားသည့် ဓာတ်ပုံများဖြစ်သည်။ အမေကြီးက ထိုဓာတ်ပုံများကို လာသည့်သူတိုင်းကိုပြ၍ -

"ငါ့မြေးက စစ်ဗိုလ်ပညာတတ်ကြီးဖြစ်တော့မှာ" ဟု တခမ်းတနားကြွားတတ်ကြောင်း အမေပြောပြထား၍ သိပြီးဖြစ်၏။

"အမေကြီးနေကောင်းရဲ့လား"

"အသက်ကြီးလာတော့ ဒီလိုပါပဲငါ့မြေးရယ်။ ကောင်းလိုက်၊ မကောင်းလိုက်ပေါ့ အဟွတ် ဟွတ်"

အမေကြီးက ကြမ်းပေါက်ကနေ သလိပ်များထွေးထုတ်နေသည်။ အမေကြီးက အကျပ်သမားမို့ သလိပ်က များသည်။ အအေးပိုသည့်ဆောင်းတွင်းဆိုတော့ ပိုဆိုးသည်ပေါ့။ ငယ်ငယ်ကတည်းကစွဲလမ်းလာသည့် ဆေးလိပ်ဒဏ်လည်းပါမည်ထင်၏။ သို့တိုင် အမေကြီးသည် ပြောင်းဖူးဖက်ဆေးလိပ်ကြီးကို ယခုချိန်ထိ ဖွာရှိုက်နေဆဲပင်။

"ဆေးလိပ်လျှော့သောက်အုံးအမေကြီး"

"အင်း ခံတွင်းချဉ်တော့ ဖွာချင်လာကော"

အမေကြီးက ယခုချိန်ထိ ကျွန်တော့်ကိုကြည့်၍ မဝနိုင်သေး။ မျက်နှာမှာလည်း အပြုံးရိပ်တို့ ဖုံးလွှမ်းနေမြဲ။ အသက် ၈၀ ပြည့်တော့မည်ဖြစ်သည့်အမေကြီး တစ်ယောက် တစ်နှစ်တာမျှခွဲခွာနေရသည့်ကျွန်တော် ပြန်အလာကို တွေ့ရတော့မည်မဟုတ်ဟုထင်မှတ်ထားလေသလားမပြောတတ်။

"ဟယ် လူလေးပြန်ရောက်နေပြီလား။ အမေက ညနေမှပြန်ရောက်မယ်ထင်တာ။ ဒီလိုမှန်းသိ တောထဲမသွားပါဘူး"

တောထဲကပြန်လာသောအမေက ကျွန်တော့်ကို မြင်တော့တအံ့တသြဖြစ်သွားဟန်နှင့်ပြောသည်။

"အစောကားမိလို့အမေ။ မဟုတ်ရင် ညနေမှ ရောက်မှာ"

"ကိုကြီးပြန်ရောက်ပြီလားကွ။ ငါ့အတွက်ဘာပါတုံး"

အမေနှင့်မရွေးမနှောင်းမှာပဲ အဖေနှင့် ညီလေးနွားစာတစ်ယောက်တစ်ထုံးကိုယ်စီရွက်ပြီး ရောက်လာကြသည်။

"ဝယ်လာတာတော့အစုံပဲကွ။ မင်းသိချင်ရင် အရီးအေးရင်အိမ်ကအိတ်ကိုပဲ ပြေးဖွင့်ကြည့်ပေတော့"

ညီလေးက သဘောပေါက်စွာ အရီးအေးရင်တို့အိမ်ပြေးတော့သည်။ ကျွန်တော်သည် ခရီးဆောင်အိတ်ကို အရီးအေးရင်တို့ လှည်းကြုံနှင့်တင်ထားပေးခဲ့ပြီး ကားဂိတ်ကနေ ကျောပိုးအိတ်တစ်လုံးလွယ်ကာ လမ်းလျှောက်လာခဲ့ခြင်းဖြစ်သည်။

"အခုကျတော့လဲ တို့မေကြီးအိုတို့များသူမဟုတ်တဲ့အတိုင်းပါပဲတော်။ ပြုံးလို့၊ ရွှင်လို့"

အမေကြီးက ဘာမျှမပြော။ ပြုံးမြဲသာပြုံးနေသည်။ အမေက ခေါင်းမှာပေါင်းထားသောတဘက်ကိုဖြေလိုက်ပြီး ကြိုးတန်းမှာဖြန့်သည်။ ရေတစ်ခွက်သောက်ပြီး ကျွန်တော့်အနားလာထိုင်သည်။ ကြာကြာမထိုင်အား။ စားဖို့သောက်ဖို့အတွက် ချက်ခန်းပြုတ်ခန်းစတော့သည်။ အမေချက်ပြုတ်ပြီးတော့ ထမင်းပူပူလေးကိုခူးကာ အမေကြီးကိုကျွေးရသည်။ စားကောင်း၍ထင်သည်။ ထမင်းတစ်ပန်းကန်က ခဏလေးနှင့်ကုန်သွားသည်။ ကျွန်တော်ထပ်ထည့်ပေးရ၏။

"မေကြီးအို ဒီနေ့စားလှပါလား"

"အေးဟဲ့ ဒီနေ့ခံတွင်းတွေ့နေတယ်"

အမေကြီးက ဟင်းရည်လေးများဆမ်းပြီးနယ်ကာ ဖတ်ကာစားနေသည်က ငယ်ရွယ်သူတစ်ယောက်လို။ အမေကြီးကိုကြည့်ပြီး အဖေနှင့်အမေကတပြုံးပြုံးဖြစ်နေကြသည်။ ယခင်ကဆို ထမင်းတစ်လုတ်၊ နှစ်လုတ်စားဖို့အရေးကိုပင် ခယကျွေးနေရသည်ဆို၏။ သည်နေ့တွင်မှ အမေကြီးဘာများခံတွင်းတွေ့နေသည်မသိ။ အမေကတော့ပြောသည်။

"လူလေးရောက်လာလို့ မင်းအမေကြီးဝမ်းသာနေတာ"တဲ့။

(၂)

အိပ်ရာဝင်ခါနီးတော့ ကျွန်တော်နှင့် ညီလေး အမေကြီးကို နှိပ်နယ်ပေးဖြစ်၏။ အသက်အရွယ်အရ အရိုးပေါ်အရေတင်သာကျန်တော့သည့်အမေကြီး၏ ခြေထောက်ကလေးများကို ခပ်ဖွဖွနှိပ်နယ်ပေးတော့ အမေကြီးက ဆုများတဖွဖွပေးသည်။ ကျွန်တော်နှင့်ညီလေးကိုကြည့်နေသည့်အမေကြီး၏မျက်ဝန်းမှာ အပြုံးရိပ်ကဝင်းပလျက်ရှိ၏။ ထိုအပြုံးကို ကျွန်တော် အဓိပ္ပာယ်မဖွင့်ဆိုတတ်။ ကျွန်တော်မြင်ဖူးနေကျအပြုံးမျိုးမဟုတ်သည်ကိုတော့ ကျွန်တော်သိသည်။

"ကြည်တင်ရေ ကြည်တင် ကိုမျိုးကြီးပြန်ရောက်လို့ဆို"

အသံနှင့်အတူလှေကားပေါ်တောင်ဝှေးထောက်သံကြားရသည်။ အမေကအိမ်အောက်တန်းလျားပေါ်ကနေ လက်နှိပ်ဓာတ်မီးထိုးပြီး အလင်းရောင်ပေး၏။

"ဟုတ်ပါ့မေကြီးဝိုင်းကြည် နေ့လယ်ကပဲရောက်တာ"

အမေ့စကားမဆုံးခင်မှာပင် အမေကြီးဝိုင်းကြည် အိမ်ပေါ်ရောက်လာသည်။ မျက်ခုံးဘေးမှာလက်ကလေးကာပြီး ကျွန်တော့်ကိုကြည့်သည်။ ကျွန်တော်ပြုံးပြလိုက်ပေမဲ့မြင်ဟန်မတူ။

"ဝိုင်းကြည်ကြီး လားဟဲ့ လာ ထိုင်အုံး"

အမေကြီးက ယခုမှမြင်ဟန်တူ၏။ လောကဝတ်ပြုသည်။ အမေကြီးဝိုင်းကြည်ကထိုင်ပြီး ကျွန်တော့် လက်ကလေးများကို ကိုင်ကြည့်သည်။ မျက်နှာကို တပြုံးပြုံးနှင့် ကြည့်နေသည်။

"အေ စစ်ဗိုလ်ဆိုတော့ ထွားထွားကျိုင်းကျိုင်းကြီးမှတ်တာ။ အရင်ကထက်တောင်ပိန်သွားသေး"

အမေကြီးကထထိုင်ရန်ပြင်တာကြောင့်ကျွန်တော်နှင့်ညီလေးတွဲကူပေးရသည်။ အမေကြီးဝိုင်းကြည်နှင့် အေးအေးလူလူစကားပြောချင်ပုံပေါ်၏။ အမေကြီးနှင့် အမေကြီးဝိုင်းကြည်တို့က ငယ်သူငယ်ချင်းများဖြစ်သည်။ တော်တော်လည်းခင်ကြပုံပေါ်ပါ၏။ အမေကြီးဝိုင်းကြည်က အမေကြီးဆီ ခဏခဏလာလည်သလို အမေကြီးဝိုင်းကြည်ဆီကိုလည်း အမေကြီးကမကြာခဏသွားလည်တတ်သည်။ လှေကားပေါ်ကပြုတ်ကျပြီး ခြေထောက်တစ်ဖက် မသန်တော့သည့်နောက်မှသာ မသွားတော့ခြင်းဖြစ်သည်။

"မြေးတွေရောက်နေတော့ ပျော်နေတာပေါ့"

"ညည်းလဲ ကျုပ်လိုပျော်ချင် ညည်းမြေးတွေခေါ်ပေါ့။ ရော့ ဖွာအုံး"

အမေကြီးက ပြောင်းဖူးဖက်ဆေးလိပ်ကြီးကို မီးညှိပြီး အမေကြီးဝိုင်းကြည်ကိုပေးသည်။

"တော်ပါအေ ကျုပ်ဘာသာ ဆားနဲ့ပဲစားရစားရ"ဟုဆိုကာ အမေကြီးဝိုင်းကြည်က ဆေးလိပ်ကိုတစ်ရှိုက်ဖွာသည်။ မီးခိုးလုံးကလှိုက်ခနဲထ၏။ အမေကြီးဝိုင်းကြည်က တစ်ယောက်တည်းနေသူဖြစ်သည်။ သမီးတစ်ယောက်ရှိပေမဲ့ ငယ်ငယ်ရွယ်ရွယ်နှင့် ယောကျ်ားနောက်လိုက်ပြေးတာကြောင့် အမွေပြတ်စွန့်လွှတ်လိုက်သည်ဆို၏။ ဝေးဝေးလံလံလိုက်ပြေးသည်မဟုတ်သော်လည်း အိမ်ပြန်လာလျှင် အမေကြီးဝိုင်းကြည်က အတွေ့မခံဘဲ ပြန်ပြန်သွားရသည်မှာ ယနေ့အချိန်ထိဖြစ်သည်။ ခေါင်းမာသောအမေကြီးဝိုင်းကြည်ကြောင့် သူ့သမီးလည်း ယခုနောက်ပိုင်း ပြန်လာသံမကြားရတော့။ အမေကြီးဝိုင်းကြည်၏ခင်ပွန်းသည် ယမကာလုလင်ကို ယမကာကပဲ အသက်ကိုဆွဲနုတ်သွားသည့်နောက်မှာတော့ ကျေးရွာကပဲ အမေကြီးဝိုင်းကြည်ကို စောင့်ရှောက်ထားရသည်။

"မေကြီးဝိုင်းကြည်စားအုံး။ လူလေးပါလာတဲ့ မုန့်လေးတွေ"

အမေက ပန်းကန်တစ်ချပ်ထဲမုန့်ချပ်ကလေးများထည့်ပြီးချပေးသည်။ အမေကြီးဝိုင်းကြည်ကမုန့်ကလေးများစားရင်း ကျွန်တော့်ကို စကားစမြည်ပြော၏။ သူ့သိချင်သည်များကိုမေးသည်။ ပညာကိုကြိုးစားရှာဖို့၊ ဘုရားတရားမမေ့ဖို့၊ အပေါင်းအသင်းမမှားအောင် ဂရုစိုက်ဖို့ စသည့်ဆုံးမစကားများပြောသည်။

"ငယ်ငယ်ရွယ်ရွယ်နဲ့ မိန်းမတော့ယူမသွားနဲ့အုံး။ မိဘတွေက ဒီအရွယ်ထိ ပင်ပင်ပန်းပန်းလုပ်ကိုင်ကျွေးမွေးလာရတာ။ ကျေးဇူးလေးတော့ ပြန်ဆပ်အုံးကြားလား"

အမေကြီးဝိုင်းကြည်၏မျက်နှာထက်ဝယ် အမှောင်ရိပ်တချို့ ဖြတ်ပြေးသွားသည်ထင်၏။ ဖွာရှိုက်လိုက်သောဆေးလိပ်၏မီးခိုးငွေ့ပင်ဖြစ်မည်ထင်သည်။

"မိန်းမယူဖို့ စိတ်ကူးတောင်မရှိသေးပါဘူး အမေကြီးရယ်"

"အဲဒီလိုပြောပြောပြီးပဲယူယူသွားကြတာ။ ကဲ . . . ကြည်တင် ကျုပ်ပြန်အုံးမယ်"

အမေကြီးဝိုင်းကြည်က နှုတ်ဆက်စကားဆိုပြီးထပြန်မည်ပြင်၏။ ကျွန်တော်ကအိမ်အောက်ထိလိုက်ပို့ပေးပြီး အဖေက လက်နှိပ်ဓာတ်မီးတစ်လက်နှင့် အိမ်ရောက်သည်ထိ လိုက်ပို့ပေးသည်။

(၃)

တစ်နှစ်မှတစ်ခေါက်သာ အိမ်ပြန်ရောက်သည်မို့ ယာခင်းများထဲသွားကြည့်ဖြစ်သည်။ နွေရာသီနွားစာအဖြစ် စိုက်ပျိုးထားသည့်ပြောင်းပင်များက စိမ်းစိုလျက်ရှိ၏။ တုံးလုလုပဲနောက်ပင်လေးများက ရှိသမျှအားအင်ကလေးဖြင့် အသီးကလေးများသီးပေးနေသေး၏။ ဝါပေါက်ကလေးများသည်လည်း ကွက်ကျားကွက်ကျားဖွေးနေသေးသည်။ ကန်သင်းစပ်ရှိ ဆီးပင်များသည်လည်း အရိပ်အာဝါသကောင်းစွာစိမ်းစိုလျက်ရှိ၏။ ခဏတစ်ဖြုတ်ပတ်ကြည့်ပြီးတော့ ကျွန်တော်ပြန်လာခဲ့သည်။ အလာတုန်းကလို လှည်းလမ်းမကြီးအတိုင်းကွေ့ဝိုက်ပြီးမပြန်တော့။ ကန်သင်းရိုးစပ်အတိုင်း လမ်းပေါက်နေသည့်လူသွားလမ်းလေးကနေ လမ်းလျှောက်ပြန်ခဲ့သည်။ သည်ယာခင်းကို ဖြတ်လျှောက်ပြီးလျှင် ရွာတံခါးဆီသွားသည့် လှည်းလမ်းမပေါ်ရောက်ပြီ။

စာမျက်နှာ ၂၅သို့ ➤

# ဓနုဖြူမြို့နယ်တွင် လျှပ်စစ်မြစ်ရေတင်စနစ်ဖြင့် စပါးဧက ၃၀၀ စိုက်ပျိုးပြီးစီး



**ဓနုဖြူ ဇန်နဝါရီ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် လျှပ်စစ်မြစ်ရေတင်စနစ်ဖြင့် စပါးဧက ၃၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဓနုဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးချစ်ဝင်းနိုင်က ပြောပြ၍ သိရသည်။

ဓနုဖြူမြို့နယ်တွင် လျာထားစပါးဧက ၃၀၀ ကို လျှပ်စစ်မြစ်ရေတင်စနစ်ဖြင့် ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် လျာထားစပါးဧက ၃၀၀ ကို ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

“ဓနုဖြူမြို့နယ်မှာ စပါးဧက ၃၀၀ ကို လျှပ်စစ်မြစ်ရေတင်စနစ်နဲ့ စိုက်ပျိုးခဲ့ပါတယ်။ တောင်သူတွေ အခက်အခဲမရှိ စိုက်ပျိုးဖို့အတွက် အဓိကလိုအပ်ချက်ဖြစ်တဲ့ရေကိုရရှိဖို့ လျှပ်စစ်မြစ်ရေတင်စီမံကိန်းကနေ ရေပေးဝေတာဖြစ်တယ်။ လက်ရှိ လျှပ်စစ်မြစ်ရေတင်စနစ်နဲ့ စိုက်ခဲ့တဲ့ စပါးဧက ၃၀၀ မှာ ရာနှုန်းပြည့် စိုက်ပျိုးပြီးဖြစ်တယ်။ လျာထားစပါးဧက ၃၀၀ ကို ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့အတွက် နည်းပညာနဲ့အခြားလိုအပ်တဲ့ပံ့ပိုးမှုတွေကို စိုက်ပျိုးရေးဦးစီးဌာနက ကူညီပံ့ပိုးပေးခဲ့ပါတယ်”ဟု ဦးစီးမှူး ဦးချစ်ဝင်းနိုင်က ပြောပြသည်။

ဓနုဖြူမြို့နယ်တွင် လျာထားစပါးဧက ၃၀၀ ကို စိုက်ပျိုးရန်အတွက် လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှ ရေပေးဝေမှုကို အဓိကရယူအသုံးပြုစိုက်ပျိုးခဲ့ကြောင်း သိရသည်။

“ပြီးခဲ့တဲ့မိုးစပါးမှာ တစ်ဧကကိုတင်း ၉၀ နှုန်း ထွက်ရှိခဲ့တယ်။ အခုနွေစပါးတွေကို အထွက်နှုန်းပိုမိုထွက်ရှိအောင် လုပ်ဆောင်စိုက်ပျိုးနေပါတယ်။ စပါးအထွက်နှုန်းက သိသိသာသာတိုးလာစေဖို့ရှိပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနက မြေပြင်ထိ လာရောက်ပညာပေးတာတွေလုပ်ပေးနေပါတယ်”ဟု ဓနုဖြူမြို့နယ်မှ စပါးစိုက်တောင်သူ ဦးဝင်းညွန့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# အမရပူရမြို့နယ်တွင် အဆင့်မြင့်စက်ချုပ်သင်တန်းဆင်းပွဲကျင်းပ

**အမရပူရ ဇန်နဝါရီ ၁၄**

မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံတို့ ပူးပေါင်းဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အဆင့်မြင့်စက်ချုပ်သင်တန်းဆင်းပွဲကို ယနေ့ နံနက် ၉ နာရီက အမရပူရမြို့နယ် ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးကြည်စောက အမှာစကားပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းဗိုလ်က သင်တန်းတွင် ထူးချွန်ဆုရရှိသည့်သင်တန်းသူတစ်ဦးကို ဆုများချီးမြှင့်ပေးအပ်ခဲ့သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးကြည်စောက သင်တန်းပြီးမြောက်အောင်မြင်အောင် တက်ရောက်ခဲ့ကြသော သင်တန်းသူများကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ပြီး သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ သင်တန်းဆင်းပွဲသို့ မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာများမှ သင်တန်းသူဦးရေ ၂၀ တက်ရောက်ခဲ့ကြပြီး သင်တန်းတွင် ကျွမ်းကျင်နည်းပြများက စာတွေ့၊ လက်တွေ့နှစ်မျိုးဖြင့် တစ်လကြာအခမဲ့ဖွင့်လှစ်သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**မိုးမိုးကျော်**

➤ စာမျက်နှာ ၂၄မှအဆက်

“ဘုတ် အမေ့”

လှည်းလမ်းမပေါ် ရောက်ခါနီးမှာ ဘုတ်ခနဲအသံနှင့်အတူ အာမေဍိတ်သံကိုကြား၏။ အသံလာရာ လှည်းလမ်းမဆီကြည့်လိုက်တော့ စဉ်ကျနေသောထင်းချောင်းများကြားမှာ ဖရိုဖရဲလဲကျနေသည့် အဘွားအိုတစ်ဦးကို တွေ့လိုက်ရသည်။ အဘွားအိုသည် ပြန်၍ပင်ထမလာနိုင်ရှာ။ ကျွန်တော် အဘွားအိုဆီ ပြေးသွားမိသည်။

“ဟာ အမေကြီးဝိုင်းကြည် ဘယ်လိုဖြစ်တာလဲ”

ကျွန်တော် အမေကြီးဝိုင်းကြည်ကို တွဲထူပေးမိသည်။

“ကျွတ် ကျွတ် ကျွတ်”

ထိုင်လျက်အနေအထားဖြစ်သွားပေမဲ့ ခြေထောက်ကနာ၍ထင်သည်။ တကျွတ်ကျွတ်နှင့်ညည်း၏။ အရိုးပေါ် အရေတင်ဖြစ်နေသည့် ခြေထောက်ကလေးပေါ်မှာ ထင်ပေါ်နေသည့်အကြောစိမ်းများကို ကျွန်တော် နှိပ်ပေးနေမိသည်။

“ထင်းတွေ ဘာလို့အများကြီးသယ်နေတာလဲအမေကြီးရယ်။ တစ်ယောက်ယောက်ကို ခိုင်းရောပေါ့။ တစ်ခုခုဖြစ်သွားရင်ဘယ်လိုလုပ်မလဲ”

ညည်းသံမကြားတော့။ သက်သာသွားသည်ထင်၏။

“အမေကြီး ဘယ်နား ဘယ်လိုနေသေးလဲ။ ခြေထောက်ကော နာနေသေးလား”

ကျွန်တော် အမေကြီးဝိုင်းကြည်ကိုကြည့်ပြီးမေးလိုက်တော့ အမေကြီးဝိုင်းကြည်ကပြန်မဖြေ။ အပြုံးမျက်နှာနှင့် ကျွန်တော့်ကိုကြည့်နေသည်။ မျက်ဝန်းမှာ ဝဲတက်လာသည့်မျက်ရည်စများကြားက ထိုအပြုံးကို ကျွန်တော်အဓိပ္ပာယ်မဖော်တတ်။ ခပ်ဖွဖွနှင့် နှိပ်လျက်သားဖြစ်နေသည့် ကျွန်တော့်လက်နှစ်ဖက်ဆီ အမေကြီးဝိုင်းကြည်၏အကြည့်များ ရောက်သွားသည်။ နှိပ်နယ်နေသည့်ကျွန်တော့်လက်ကလေးများကို အမေကြီးဝိုင်းကြည်က သူ့လက်ကလေးဖြင့်လာကိုင်သည်။ ရပြီ၊ တော်ပြီဆိုသည့်သဘော။ ကျွန်တော်နှိပ်နေတာကိုရပ်လိုက်တော့ အမေကြီးဝိုင်းကြည်က မြေကိုလက်ထောက်ပြီးထဟန်ပြင်၏။ ကျွန်တော် ချိုင်းကနေမြှောက်ပြီး ကူပေးရသည်။

“အမေကြီးလမ်းလျှောက်နိုင်ရဲ့လား”

အမေကြီးဝိုင်းကြည်ကပြန်မဖြေ။ ခေါင်းကိုငုံ့လျက် ခြေတစ်လှမ်းလှမ်းကြည့်သည်။ တုံ့ခနဲဖြစ်သွားတာကြောင့် ကျွန်တော်ထိန်းလိုက်ရသည်။

“အမေကြီးပြန်ထိုင်နေပါလား။ ကျွန်တော်လှည်းကောက်ပြီးပြန်လာခဲ့လိုက်မယ်။ ရွာနဲ့လဲနီးနေပြီ ခဏလေးပဲနော်အမေကြီး”

ခြေတစ်လှမ်းလှမ်းကြည့်နေပြန်သည်။ အဆင်ပြေသလိုရှိ၏။ နောက်တစ်လှမ်းလှမ်းကြည့်သည်။ ပုံမှန်။ အမေကြီးဝိုင်းကြည်က ငုံ့ထားသောခေါင်းကိုမော့လိုက်ပြီး ကျွန်တော့်ကိုကြည့်သည်။

အလို အမေကြီးဝိုင်းကြည်မျက်ဝန်းမှာ မျက်ရည်တွေရွှဲစိုနေပါလား။ အမေကြီးဝိုင်းကြည်ငိုနေတာပေါ့။ ဘာလို့ငိုနေပါလိမ့်။ အမေကြီးဝိုင်းကြည်က မျက်ရည်စများကြားမှ ကြိုးစား၍ပြုံးသည်။ အပြုံးကပိုပြင်လွန်းလှသည်။ မနေ့ညက ကျွန်တော့်အမေကြီးကို နှိပ်နယ်ပေးနေချိန်ပြုံးပြနေသော အမေကြီး၏အပြုံးနှင့်ပင်တူနေသေး၏။

“ကျေးဇူးတင်ပါတယ်ငါ့မြေးရယ်”

ရှိုက်သံနှင့်ပြောအပြီးမှာ အမေကြီးဝိုင်းကြည်က ကျွန်တော့်ကိုကျောခိုင်းပြီး ရွာဘက်ဆီလျှောက်သွားသည်။ ခါးကလေးအနည်းငယ်ကုန်းပေမဲ့ ခြေလှမ်းများက သွက်လက်လျက်ရှိသည်။ နာကျင်မှုဝေဒနာများကင်းစင်သွားသည်ထင်။ သို့တည်းမဟုတ် ထိုနာကျင်မှုဝေဒနာထက် နက်ရှိုင်းလေးနက်သော နာကျင်မှုဝေဒနာတစ်ခုကို အမှတ်ရသွားလေသလားမပြောတတ်။ သေချာသည်ကတော့ အသက်ကြီးနေပြီဖြစ်သည့်အမေကြီးဝိုင်းကြည်၏မျက်ဝန်းထက်ဝယ် ပြုစုယုယကြင်နာခြင်းကို မျှော်လင့်နေသည့်အရိပ်အယောင်တို့ပေါ် လွင်နေသည်ကို တွေ့လိုက်သည်။ အမေကြီးဝိုင်းကြည်တစ်ယောက် သူ့သမီးကိုခွင့်လွှတ်နိုင်ပြီး အပြစ်မဲ့သည့်မြေးတစ်သိုက်နှင့် အမြန်ဆုံးပျော်ရွှင်စွာနေထိုင်နိုင်ပါစေကြောင်းဆုတောင်းရင်း ဟိုတစ်ချောင်း သည်တစ်ချောင်းပြန့်ကျဲနေသော ထင်းချောင်းများကို ပြန်လည်စုစည်းကာယူခဲ့လိုက်ပြီး အမေကြီးဝိုင်းကြည်နောက်ကနေ လျှောက်လာခဲ့လိုက်သည်။

## အပြုံးပန်းဆင် ချစ်ခြင်းမွေ့ရအောင်

\- အမှားဆို လူတိုင်းမကင်း
ချို့ယွင်းမှု ရှိတတ်စွာ၊
သတိမူ အသိတရားနဲ့
ခွဲခြားရမှာ၊
ပျက်အစဉ် ပြင်ခဏပါ
ကွဲပြားစွာ အမြင်ကြည်တော့၊
အမှားတွေ စည်းကန့်ခြားကာ
မျှော်မှန်းရာ မယွင်းမစောင်း
လမ်းကြောင်းဖြောင့်ပေါ့။

\- ဆန္ဒတွေ ကောက်ကြောင်းထပ်
တစ်ဖက်သတ် ကြောင်းဖြစ်စဉ်၊
သူ့အမြင် ကိုယ့်အမြင်အပါး
စည်းမခြားစေချင်၊
အမြင်မှား လမ်းပြထွင်
ဆင်ခြင်ကာပင် လမ်းမှန်ရပ်၊
အစွန်းဝင် အမှားရှိလည်း
ဝန်ခံကာ ထားကတိနဲ့
ထိန်းညှိလို့မတ်။

\- အရာရာ မေတ္တာတရားနဲ့
ထားရှိလို့ လျှောက်လှမ်းပါ၊
မေတ္တာလျှင် အေးချမ်းခြင်းမို့
ဘေးကင်းရန်ကွာ၊
အမုန်းစ တိုစေကာ
ရှည်စေရာ ချစ်စများ၊
ဘဝတစ်ကွေ့မှာ
ခဏတွေ့စွာ ကြုံဆုံလာခိုက်
ဇောအမြိုက်တွေ မလွှမ်းဖုံးရစေဖို့
လမ်းမဆုံးခင် ခန္ဓာနှလုံးနဲ့
အပြုံးပန်းဆင် ချစ်ခြင်းပွေ့လို့
မွေ့စမ်းစို့လား။ ။

**နိုင်နိုင်နွယ်(ပညာရေး)**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# ဂျပန်စက်မှုပညာရှင် မက်ဆုရှိတ

**ပုသိမ်အောင်သန်းဦး**

မက်ဆုရှိတသည် ပိုက်ဆံမရှိ၊ အတန်းပညာလည်း နည်းပါးခဲ့သည်။ ကျန်းမာရေးလည်းမကောင်း အလွန်ချုချာ၏။ သူသည် သာမန်အလုပ်သမားတစ်ယောက်သာဖြစ်သည်။ အံ့သြဖွယ်ကောင်းသည်မှာ သူသည် နုံချာဆင်းရဲ လှသောဘဝမှ ကမ္ဘာပေါ်တွင် အကြီးကျယ်ဆုံး စက်မှုလုပ်ငန်းရှင်ကြီးဘဝသို့ ထူးကဲစွာ ရောက်ရှိခဲ့ခြင်းပင်ဖြစ်သည်။

ပင်နာဆိုးနစ် သို့မဟုတ် နေရှင်နယ်ဟူသော မက်ဆုရှိတ၏ လျှပ်စစ်စက်မှုလုပ်ငန်းကုမ္ပဏီက ထုတ်လုပ်ခဲ့သည့် လျှပ်စစ်နှင့် အီလက်ထရွန်နစ်ကုန်ပစ္စည်း အမျိုးမျိုး၏ ကုန်အမှတ်တံဆိပ်နာမည်များဖြစ်သည့် "နေရှင်နယ်ပင်နာဆိုးနစ်" ဟူသော ဝေါဟာရသည် ကမ္ဘာတစ်ဝန်းလုံးမှ အိမ်ထောင်စုတိုင်း၏ အိမ်သုံးစကားများပင်ဖြစ်နေပြီ။

ထို့အတူ ကုမ္ပဏီကိုတည်ထောင်သူ "မက်ဆုရှိတ" သည်လည်း ကုမ္ပဏီကဲ့သို့ပင် ကြီးကျယ်သူတစ်ဦးဖြစ်နေပေပြီ။ မက်ဆုရှိတသည် သူ၏ခေတ်ပြိုင်လုပ်ငန်းရှင်ကြီးများနှင့်မတူ၊ ခံယူချက်ချင်းလည်းမတူပေ။ အမြတ်ရရန်တည်းဟူသော ရည်ရွယ်ချက်တစ်ခုတည်းဖြင့် စီးပွားရေးလုပ်ငန်းများကို ထူထောင်လုပ်ကိုင်လာသူမဟုတ်ချေ။ သူ၌ ထူးခြားသောရည်ရွယ်ချက်များရှိသည်။ သူက ဤသို့ဆိုခဲ့သည်။

**"စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်သည် လူ့အဖွဲ့အစည်းကို အစွမ်းကုန်ကူညီထောက်ပံ့မည်ဟူသော တိုင်းကျိုးပြည်ပြုစိတ်ဓာတ်ရှိရန် လိုအပ်သည်"**ဟု ဆိုပါသည်။

မက်ဆုရှိတသည် တိုင်းပြည်နှင့် လူမျိုးအပေါ် စေတနာထားသူ၊ ချစ်မြတ်နိုးသူ၊ သစ္စာရှိသူတစ်ဦးအဖြစ် တွေ့ရသည်။ ထို့အတူ ကမ္ဘာသူ၊ ကမ္ဘာသားအားလုံး အပေါ်တွင်လည်း သူ့ကုမ္ပဏီက ထုတ်လုပ်သည့် ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် အသုံးပြုနိုင်ရန် ဆန္ဒရှိသူတစ်ဦးလည်းဖြစ်သည်။

**"စီးပွားရေးသမားတစ်ယောက်၏ အမြတ်အစွန်းဟူသည် လူ့အဖွဲ့အစည်းအား ကူညီထောက်ပံ့ပေးသည့်အတွက် ရရှိသည့်ဆုလာဘ်သာဖြစ်သည်"**ဟု မက်ဆုရှိတက ခံယူထားသည်။

မက်ဆုရှိတသည် ဂျပန်နိုင်ငံ အနောက်ပိုင်း "ဝါကာယာမ"နယ်မှ လယ်သမားတစ်ဦး၏ သားဖြစ်သည်။ ၎င်း၏ဖခင်သည် ဆန်စပါးဈေးကွက်တွင် ဈေးကစားရင်း အရောင်းအဝယ်လုပ်ရာမှ ဆင်းရဲသွားသည်ဟုဆိုသည်။ အသက်ကိုးနှစ်တွင် ကျောင်းမှ ထွက်ခဲ့ရသည်။

မက်ဆုရှိတ"အိုဆာကာ"မြို့သို့ရောက်လာသောအခါ လက်ဆွဲမီးသွေးဖိုလုပ်ငန်း၌ အလုပ်သင်အဖြစ် လုပ်ခဲ့ရသည်။ ထို့နောက် စက်ဘီးလက်ကားအရောင်းဆိုင်သို့ ရောက်ခဲ့သည်။ မက်ဆုရှိတသည် ထိုအချိန်မှစပြီး သင်ခန်းစာတစ်ခုကို လက်တွေ့လေ့လာရရှိခဲ့သည်။

တစ်နေ့ သူအမှိုက်လှည်းနေရင်းမှ အမှိုက်ပုံကို ကြည့်ကာ သစ်သားတစ်စနှင့် လိမ္မော်သီးခွံများကို ကောက်သိမ်းရင်း လောင်စာအဖြစ် အသုံးပြု၍ရသည် ဟူသော အတွေးပေါက်မိသည်။

**"လူတိုင်း၊ အရာဝတ္ထုတိုင်းတွင် သူ့တန်ဖိုးနှင့်သူရှိသည်။ လျှို့ဝှက်ချက်မှာ ထိုတန်ဖိုးကိုတွေ့အောင်ရှာပြီး တန်ဖိုးပြည့်အသုံးဝင်အောင် အသုံးချနိုင်ရေးဖြစ်သည်"** ဟူ၍ တွေးခေါ်မိခြင်းဖြစ်သည်။

၁၉၁၀ ပြည့်နှစ် ရောက်လာသောအခါ လျှပ်စစ်စက်မှုလုပ်ငန်းများ အလားအလာကောင်းသောကြောင့် မက်ဆုရှိတသည် စက်ဘီးအရောင်းဆိုင်မှ အလုပ်ထွက်ပြီး လျှပ်စစ်ပစ္စည်းကုမ္ပဏီတွင် ဝိုင်ယာကြိုး အင်ဂျင်နီယာအလုပ်သင်အဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။

တစ်နေ့တွင် သူတီထွင်တင်ပြသော မီးသီးခေါင်း ဒီဇိုင်းသစ်ကို ကြီးကြပ်ရေးမှူးက ပယ်ချလိုက်သောအခါ မက်ဆုရှိတသည် "အိုဆာကာကုမ္ပဏီ"မှထွက်ပြီး ကိုယ်ပိုင်လုပ်ငန်းတည်ထောင်ရန် ဆုံးဖြတ်လိုက်သည်။

သူ၏ကိုယ်ပိုင်လုပ်ငန်းအဖြစ် တီထွင်ဖန်တီးလိုက်သည့် လျှပ်စစ်မီးသီးများ ဈေးကွက်၌ အရောင်း မလိုက်ဖြစ်နေချိန်တွင် ကံအားလျော်စွာ လျှပ်စစ်ပန်ကာအတွက် လျှပ်ကာပလိပ်များ ထုတ်လုပ်ပေးခဲ့ရသည်။

သို့ဖြင့် မက်ဆုရှိတသည် ကိုယ်ပိုင်လုပ်ငန်းကို ခြေကုပ်ယူကာ စက်ဘီးမီးလုံး၊ လက်နှိပ်ဓာတ်မီး၊ မီးပူနှင့် ရေဒီယို စသည်တို့ကို "နေရှင်နယ်"အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်လာနိုင်သည်။

၁၉၂၉ ခုနှစ်တွင် စီးပွားပျက်ကပ်ဆိုက်လာသော်လည်း မက်ဆုရှိတသည် အလုပ်သမားများကို တစ်ယောက်မျှ အလုပ်ထုတ်မပစ်ချေ။

မက်ဆုရှိတက ဤသို့ဆိုသည်။ **"ဘာသာရေးသည် လူသားတို့၏ စိတ်ပိုင်းဆိုင်ရာ အလိုဆန္ဒများကို ဖြည့်ဆည်းပေးသကဲ့သို့ စီးပွားရေးကုန်ထုတ်လုပ်ငန်းသည် လူသားတို့၏ ရုပ်ပိုင်းဆိုင်ရာ လိုအင်များကို ဖြည့်ဆည်းပေးရမည်။ သို့မှသာ လူ့ဘောင်လောကကြီးကို တိုးတက်ကောင်းမွန်ပြီး အေးချမ်းသာယာမှုကို ရရှိနိုင်မည်"**ဟူ၍ ရှင်းပြခဲ့သည်။

မက်ဆုရှိတကုမ္ပဏီ၏ အဓိကခွန်အားသည် အလုပ်သမားနှင့် ကုမ္ပဏီ သို့မဟုတ် အလုပ်သမားနှင့် အလုပ်ရှင်တို့၏ အပြန်အလှန်သဟဇာတရှိမှုပင်ဖြစ်သည်။ လုပ်သားများက မိမိတို့သည် အလုပ်ရှင်ကောင်းကျိုးအတွက် လုပ်နေခြင်းမဟုတ်၊ လူ့အဖွဲ့အစည်းတစ်ခုလုံးအကျိုးအတွက် သယ်ပိုးလုပ်ဆောင်နေကြခြင်းဖြစ်သည်ဟု စွဲမှတ်ထားကြသည်။

မက်ဆုရှိတသည် သူ၏ကြီးကျယ်သောလုပ်ငန်းကြီးတစ်ခုလုံးကို ခံယူချက်သုံးရပ်ဖြင့် စီမံအုပ်ချုပ်ခဲ့သည်ဟု သိရသည်။ ပထမခံယူချက်မှာ အလုပ်ရှင်နှင့် အလုပ်သမား၊ အထက်နှင့်အောက်ဟူသော အဆင့်ခွဲခြားခြင်းမရှိ။ လုပ်ငန်းတိုင်းကို ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်းပင်ဖြစ်သည်။ ကုမ္ပဏီတွင် မှန်လုံတံခါးပိတ်စီမံအုပ်ချုပ်မှုအလျှင်းမရှိဟု သိရသည်။

ဒုတိယခံယူချက်မှာ အုပ်ချုပ်သူနှင့် အမှုထမ်းကြားတွင်သော်လည်းကောင်း၊ အမှုထမ်းများကြားတွင်သော်လည်းကောင်း ပညာအဆင့်အတန်းအားဖြင့် လုံးဝခွဲခြားမှုမရှိခြင်းဖြစ်သည်။

တတိယခံယူချက်မှာ အရာရာကို အတ္တစွဲအမြင်ဖြင့်မကြည့်ဘဲ အရှိကိုအရှိအတိုင်း ဓမ္မဓိဋ္ဌာန်ကျကျ လက်ခံခြင်းဖြစ်သည်။ မက်ဆုရှိတက ၎င်း၏ကိုယ်ရေးအတ္ထုပ္ပတ္တိတွင်-

**"ဂျပန်နိုင်ငံသည် တစ်ကိုယ်ရေတစ်ကာယအားဖြင့် အတွေးအခေါ် ရပ်တည်နေရမည့်အခြေအနေတွင် မရှိတော့ချေ။ ဂျပန်နိုင်ငံ၏ တွေးကြံဆောင်ရွက်မှု မှန်သမျှသည် ပြင်ပကမ္ဘာကြီး၏ တိုးတက်မှုနှင့် သဟဇာတဖြစ်နေရမည့် အခြေအနေအချိန်အခါမျိုးသို့ ရောက်ရှိနေပြီ"**ဟု ရေးသားခဲ့သည်။

မက်ဆုရှိတ ကုမ္ပဏီ၏ဆောင်ရွက်မှုများအနက် ဂျပန်အမျိုးသမီးများကို အချုပ်အချယ်ခံ မီးဖိုချောင်လုပ်သားများဘဝမှသည် လွတ်လပ်သောစက်မှုလုပ်ငန်းခွင်အမှုထမ်းများဘဝသို့ ရောက်ရှိအောင် ထိရောက်စွာအကျိုးဆောင်ပေးနိုင်ခဲ့သည်ဟုဆိုသည်။ မက်ဆုရှိတက ဤသို့ ဆောင်းပါးရေးသားခဲ့ပါသေးသည်။

**"ယနေ့ခေတ်တွင် ပြိုင်ဆိုင်မှုသည် အကြီးအကျယ်ပြင်းထန်လာသည်။ နိုင်ငံအချင်းချင်းလည်း ပြိုင်နေကြသည်။ ထိုနိုင်ငံများရှိ ကုမ္ပဏီအချင်းချင်းလည်း ပြိုင်နေကြသည်"။**

ထိုသို့ ပြိုင်ဆိုင်မှုကြောင့် စက်မှုသိပ္ပံ၊ သုတေသနလုပ်ငန်းနှင့် တိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ပေါ်ပေါက်လာပြီး ကျွန်ုပ်တို့၏လူနေမှုအဆင့်အတန်းလည်း မြင့်မားလာခဲ့သည်။ ထို့ကြောင့် ကျွန်ုပ်စိတ်ထင်ပြောရလျှင် ပြိုင်ဆိုင်မှုသည် မူအားဖြင့် အလွန်အစွမ်းသတ္တိရှိသည့် အံ့တစ်ပါးပင်ဖြစ်သည်။

**သို့သော်လည်း အခြားသူများနှင့်ပြိုင်ဆိုင်ရာတွင် ကျွန်ုပ်တို့အနေဖြင့် ပွင့်လင်းရိုးသားဖြူစင်စွာ ခံယူတတ်သည့် စိတ်ထားမျိုးမရှိလျှင် ပြိုင်ပွဲတွင် အရှုံးကြီးရှုံးလိမ့်မည်မှာ ကျိန်းသေဖြစ်သည်။ အများတွေကို ကျွန်ုပ်တို့ကျူးလွန်မိလျှင် ပြိုင်ဘက်တွေက ကျွန်ုပ်တို့ကို ကျော်နင်းသွားကြလိမ့်မည်။**

မက်ဆုရှိတသည် အံ့ဖွယ်စက်မှုပညာရှင်တစ်ဦးပင်ဖြစ်သည်။ သူသည် တီထွင်တတ်သည်သာမက သူ၏ကုမ္ပဏီကြီးကို စီမံအုပ်ချုပ်တတ်သူလည်းဖြစ်သည်။ အုပ်ချုပ်စီမံရာတွင် အလုပ်သမားများနှင့် အလုပ်ရှင်ကြား သဟဇာတဖြစ်အောင် ဆောင်ရွက်နိုင်သူဖြစ်သည်။ ထို့ပြင် မက်ဆုရှိတသည် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ် လွန်ကဲသူလည်းဖြစ်သည်။

အောက်ဆုံးမှ အထက်သို့ သူ့မှန်မှန်ကြီးတက်လှမ်းခဲ့ရာတွင် အထက်သို့ရောက်လာသော်လည်း မက်ဆုရှိတသည် အောက်ရှိ အလုပ်သမားများ၏ဘဝနှင့် သူတို့အကျိုးဆောင်ရွက်ပေးရန် မမေ့ပေ။ မက်ဆုရှိတသည် ထူးချွန်သော စက်မှုသူရဲကောင်းကြီးဖြစ်ရုံမက လှပသောနှလုံးသားပိုင်ရှင်တစ်ဦးလည်းဖြစ်လေသည်။

> ❖ မက်ဆုရှိတသည် "အိုဆာကာကုမ္ပဏီ"မှထွက်ပြီး ကိုယ်ပိုင်လုပ်ငန်း တည်ထောင်ရန် ဆုံးဖြတ်လိုက်သည်။ သူ၏ ကိုယ်ပိုင်လုပ်ငန်းအဖြစ် တီထွင်ဖန်တီးလိုက်သည့် လျှပ်စစ်မီးသီးများ ဈေးကွက်၌ အရောင်း မလိုက်ဖြစ်နေချိန်တွင် ကံအားလျော်စွာ လျှပ်စစ်ပန်ကာအတွက် လျှပ်ကာ ပလိပ်များ ထုတ်လုပ်ပေးခဲ့ရသည်။ သို့ဖြင့် မက်ဆုရှိတသည် ကိုယ်ပိုင် လုပ်ငန်းကို ခြေကုပ်ယူကာ စက်ဘီးမီးလုံး၊ လက်နှိပ်ဓာတ်မီး၊ မီးပူ နှင့် ရေဒီယို စသည်တို့ကို "နေရှင်နယ်"အမှတ်တံဆိပ်ဖြင့် ထုတ်လုပ် လာနိုင်သည်။ ❖

**ကိုးကား**

**– မောင်ပေါ်ထွန်း (မြန်မာပြန်) ကမ္ဘာ့အအောင်မြင်ဆုံး စီးပွားရေးသူရဲကောင်းများ စာအုပ်**

# စလင်းမြို့နယ် မဲရွာကျွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စလင်း ဇန်နဝါရီ ၁၄**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မဲရွာကျွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ဆဋ္ဌမအကြိမ် ထုတ်ချေးခြင်းကို ဇန်နဝါရီ ၁၃ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းမြတ်ကြူက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ရည်ရွယ်ချက်၊ စီမံကိန်းလုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်၊ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စလင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးမြင့်မြတ်က တစ်လလျှင် အတိုးနှုန်း သုည ဒသမ ၅ ရာခိုင်နှုန်းဖြင့် ထုတ်ချေးပေးပြီး အရင်းဆပ်ကာလမှာ ၁၂ လဖြစ်ကြောင်း၊ အတိုး၊ အရင်းငွေများကို သတ်မှတ်ရက်ထက် နောက်မကျစေဘဲ ဘဏ်သို့ အချိန်မီ ပေးသွင်းရမည်ဖြစ်ကြောင်း၊ တိုးပွားလာသောအတိုးငွေများ၏ ၅၀ ရာခိုင်နှုန်းကို မိမိတို့ရပ်ရွာတွင် လိုအပ်သောဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ကျပ် ၄၁ ဒသမ ၆၅ သန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။



ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဆဋ္ဌမအကြိမ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ အသင်းသား၊ အသင်းသူ ၁၄၇ ဦးကို ငွေကျပ် ၄၁ ဒသမ ၆၅ သန်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သန်းသန်းရိုး**

# ဟုမ္မလင်းခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မိုးစပါး ၃၈၄၉၇ ဧက ရိတ်သိမ်းပြီးစီး



**မုံရွာ ဇန်နဝါရီ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးထားသောမိုးစပါး ၃၈၄၉၇ ဧက ရိတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဟုမ္မလင်းခရိုင်အတွင်း မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၃၈၄၉၇ ဧက ရိတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၇၇ ဒသမ ၅၆ တင်း ထွက်ရှိကြောင်း၊ ဟုမ္မလင်းခရိုင်တွင်မိုးစပါး ရိတ်သိမ်းပြီးစီးမှုအနေဖြင့် ဟုမ္မလင်းမြို့နယ်တွင် ၃၇၉၅၆ ဧက၊ မိုပိုင်စလွတ်မြို့တွင် ၅၄၁ ဧကတို့ဖြစ်ကြောင်း သိရသည်။

"ဟုမ္မလင်းခရိုင်မှာ မိုးသီးနှံစိုက်ပျိုးရာသီက မိုးစပါးဧက ၆၆၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားခဲ့တယ်။ ဒါပေမဲ့ ဧက ၆၄၀၀၀ ကျော်ပဲ စိုက်ပျိုးနိုင်ခဲ့တာပါ။ အခုလက်ရှိ မိုးစပါးစိုက်ခင်းတွေ ရိတ်သိမ်းနေကြပြီ။ ဒီနေ့ထိ ဧက ၃၀၀၀၀ ကျော်လောက် ရိတ်သိမ်းပြီးနေပြီ။ ကျန်ဧကတွေကိုလဲ ဆက်လက်ရိတ်သိမ်းနေကြပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောပြသည်။

ဟုမ္မလင်းခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးများ အချိန်မီစိုက်ပျိုးရန်၊ အထွက်နှုန်းကောင်းသည့်မျိုးများ စိုက်ပျိုးရန်၊ စိုက်ပျိုးနည်းစနစ်များ မှန်ကန်စေရေးအတွက် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနက နည်းပညာများဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီက မိုးစပါး ၆၄၆၈၁ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၂ ခုနှစ် ဇွန်လမှ စတင်၍ ဓက်တင်ဘာလထိစိုက်ပျိုးခဲ့ရာ ၆၄၇၀၁ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

(၂၀၆)

# ဇီးကုန်းမြို့နယ် ထန်းရှစ်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဇီးကုန်း ဇန်နဝါရီ ၁၄**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထန်းရှစ်ပင်ကျေးရွာ၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျလာစေရန် ရည်ရွယ်၍ ဆောင်ရွက်နေသော မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုး၊ ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နိုင်နိုင်ဝင်းနှင့်ဝန်ထမ်းများက ထန်းရှစ်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေများဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့်လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးကြပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကြောင်း သိရသည်။

ဇီးကုန်းမြို့နယ် ထန်းရှစ်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ နဝမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၅ ဦးကို ငွေကျပ် ၂၉ ဒသမ ၁ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၅၆ ဦးကို ငွေကျပ် ၁၆ ဒသမ ၉၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူခုနစ်ဦးကို ငွေကျပ် ၂ ဒသမ ၃ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၈ ဦးတို့က မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေကျပ် ၄၈ ဒသမ ၃၅ သန်းဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နိုင်နိုင်ဝင်းထံမှ သိရသည်။

**ကိုညီ**

# သာယာဝတီမြို့နယ် ချမ်းသာကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

**သာယာဝတီ ဇန်နဝါရီ ၁၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ချမ်းသာကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းလွင်၊ သာယာဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်မင်းထွန်းနှင့်ဝန်ထမ်းများက ချမ်းသာကုန်းကျေးရွာ၌ ကုန်ထုတ်လမ်း ဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ကုန်ထုတ်လမ်း ဖောက်လုပ်မှုများကို ကြည့်ရှုစစ်ဆေးပြီး တင်ဒါရကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ခရိုင်ဦးစီးမှူး ဦးသန်းလွင်က လုပ်ငန်းများ သတ်မှတ်အရည်အသွေး ပြည့်မီရန်၊ ရေရှည်တည်တံ့ခိုင်မြဲရန်၊ ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားခဲ့ကြောင်း သိရသည်။



ချမ်းသာကုန်းကျေးရွာ၌ အရှည်ပေ ၄၄၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ မြေနီကျောက်စရစ်လမ်း ဖောက်လုပ်ခြင်းကို ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၇၀ ဒသမ ၁၂ သန်းဖြင့် တင်ဒါအောင်မြင်သည့် မေသက်နွယ်ကုမ္ပဏီက ၂၀၂၂ ခုနှစ် ဩဂုတ်လ ပထမပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ ၉၂ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကုန်ထုတ်လမ်းရာနှုန်းပြည့်ပြီးစီးပါက ချမ်းသာကုန်းကျေးရွာမှ ထွက်ရှိလာသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်သို့ ကုန်ကျစရိတ် သက်သာစွာ အချိန်မီတင်ပို့ရောင်းချနိုင်တော့မည်ဖြစ်ကြောင်း၊ ထို့ပြင် ကျေးရွာရှိ အိမ်ခြေ ၁၆၆ အိမ်၊ လူ ၇၄၃ ဦး အကျိုးပြုမည်ဖြစ်ကြောင်း သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းလွင်ထံမှ သိရသည်။

**အေးမြတ်**

# အင်္ဂပူမြို့နယ် ရွှေတောင်စုခေတ်မီစံပြကျေးရွာ၌ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်

**အင်္ဂပူ ဇန်နဝါရီ ၁၄**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဟင်္သာတခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် ပူးပေါင်း၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီက ရွှေတောင်စုခေတ်မီစံပြကျေးရွာ၌ ကျင်းပပြုလုပ်သည်။

ရွှေဦးစွာ အင်္ဂပူမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးက အမှာစကား ပြောကြားကြောင်း သိရသည်။

ဆက်လက်၍ ဟင်္သာတခရိုင် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်လတ်လတ်ဝင်းက သင်တန်းတွင်သင်ကြားပို့ချရမည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇေမင်းမင်းက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်နှင့် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်အတွက် ယခုကဲ့သို့ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းများ ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းကို ရွှေတောင်စုခေတ်မီစံပြကျေးရွာမှ သင်တန်းသား ၂၅ ဦး တက်ရောက်ကြပြီး သင်တန်းတွင် ဆပ်ပြာရည်၊ ခေါင်းလျှော်ရည်ပြုလုပ်နည်း အမျိုးမျိုးကို ဟင်္သာတခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကျွမ်းကျင်နည်းပြများက ယနေ့မှ ဇန်နဝါရီ ၂၉ ရက်ထိ စာတွေ့၊ လက်တွေ့ အခမဲ့သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇေမင်းမင်းထံမှ သိရသည်။

**သံသာ**

# ငပုတောမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၄၇၁ ဧက စိုက်ပျိုးပြီးစီး

**ငပုတော ဇန်နဝါရီ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၄၇၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းနှမ်း ၄၇၁ ဧကကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ငပုတောမြို့နယ်မှာ ဆီထွက်သီးနှံနှမ်းကို နှစ်စဉ် ဆောင်းကာလမှာ စိုက်ပျိုးပါတယ်။ ဒီနှစ် နှမ်း ၄၇၁ ဧက စိုက်ပျိုးခဲ့ပါတယ်။ နှမ်းသီးနှံကိုတောင်သူတွေ အခက်အခဲမရှိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးဖြစ်ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ တောင်သူတွေရဲ့သီးနှံတွေ ရာနှုန်းပြည့်စိုက်နိုင်ဖို့၊ အထွက်နှုန်းကောင်းစေဖို့၊ ရောဂါပိုးမွှားအန္တရာယ် ကျရောက်မဖျက်ဆီးစေဖို့၊ မျိုးစေ့ စနစ်တကျ အသုံးပြုတတ်စေဖို့ စတဲ့လုပ်ငန်းတွေကို ဆောင်ရွက်ပေးထားပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ငပုတောမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ဆောင်းနှမ်းကို တောင်သူတစ်ဦးလျှင် တစ်ဧကမှ ငါးဧကထိ စုစုပေါင်း တောင်သူ ၂၉၃ ဦးက စိုက်ပျိုးကြကြောင်း၊ အဆိုပါ ဆီထွက်သီးနှံ ဆောင်းနှမ်းများ လျာထားချက်အတိုင်း စိုက်ပျိုးနိုင်သည့်အတွက် ဒေသ၏ စားဆီလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

ပလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ပတ်ကြစို့

# သဘာဝအတိုင်းတည်ရှိနေသော အံ့ဖွယ်သစ်ပင်များ

မေဇင်ထွန်း

သစ်ပင်များသည် ကျွန်ုပ်တို့အသက်ရှူရန် လိုအပ်သောအောက်ဆီဂျင်ကိုထုတ်ပေးသည်။ သစ်ပင်များသည် ကျွန်ုပ်တို့၏ ကမ္ဘာမြေကြီးကို ရေတိုက်စားမှုနှင့် လေထုညစ်ညမ်းမှုများကြောင့် ပျက်စီးနိုင်မှုများကို လျော့နည်းစေပြီး ရေလွှမ်းမိုးမှု၏ အကျိုးသက်ရောက်မှုများကို လျှော့ချပေးနိုင်သည်။ ထို့ပြင် သစ်ပင်များသည် တိရစ္ဆာန်များအတွက် အစာ၊ အကာအကွယ်အနေဖြင့်သာမက ခိုမှီရာများလည်းဖြစ်သည်။ ကမ္ဘာတစ်ဝန်းတွင် သစ်ပင်အမျိုးအစားပေါင်း များစွာရှိပြီး သစ်ပင်များ၏ အလှအပ၊ အသက်ရှည်မှုကာလ၊ ဆေးဖက်ဝင်မှုစွမ်းရည်များသည် တစ်ပင်နှင့်တစ်ပင် မတူကြချေ။ ထိုသို့ဆေးဖက်ဝင်သော၊ တစ်မူထူးခြားသော၊ သဘာဝတရားကြီးကို အကာအကွယ်ပေးနေသော သစ်ပင်အမျိုးအစားပေါင်းများစွာမှ အံ့သြဖွယ်ရာအဆင်းသဏ္ဍာန်ရှိသည့် သစ်ပင်အမျိုးအစားများထဲမှတချို့ကို ဗဟုသုတအနေဖြင့် ဖော်ပြသွားပါမည်။

**လမုပင်များ**



လမုပင်များသည် အပူပိုင်းဒေသနှင့် အပူပိုင်းကမ်းရိုးတန်းတစ်လျှောက်တွင် ပေါက်ရောက်လေ့ရှိသည့် သစ်ပင်၊ ချုံနွယ်အုပ်စုများဖြစ်သည်။ ၎င်းအပင်များသည် ရေငန်ရှိသော အရပ်များတွင် ထူထပ်စွာပေါက်ရောက်ကြသည်။ လမုပင်၏အမြစ်များသည် အကိုင်းမှထွက်သည့်အပြင် ပင်စည်မှလည်းထွက်၍ ပေါက်ကြသည်။ အမြစ်များသည် တစ်ခုနှင့်တစ်ခုရှုပ်ထွေးစွာ လိမ်ပတ်လျက်ရှိပြီး ရွှံ့ညွန်များဖြင့် ရောနှောပိတ်ဆို့နေတတ်ကြသည်။ လမုပင်၏ရေအောက်အမြစ်များသည် ဒီရေတောများ၊ ငါးများနှင့် အခြားရေနေသတ္တဝါများကို အကာအကွယ်ပေးထားသည်။ ထို့ကြောင့် လမုပင်များသည် ရာသီဥတုပြောင်းလဲမှုကြောင့် ဒီရေတောများပျောက်ကွယ်နိုင်မှု၊ ကမ်းရိုးတန်းဒေသများကို မုန်တိုင်းများကြောင့် တိုက်စားခံရမှုနှင့် ရေကြီးရေလွှမ်းမိုးမှုများကြောင့် ဒီရေတောများပျောက်ကွယ်ခြင်းမှ ကာကွယ်ရာတွင် လမုပင်များသည် အလွန်အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ပါသည်။

**လဲပင် ခေါ် သဘော်လက်ပံပင်**




လဲပင် ခေါ် သဘော်လက်ပံပင်များသည် သက်တမ်းရင့်လာသောအခါတွင် အလွန်ကြီးမားသော သစ်ပင်များဖြစ်လာကြပြီး အမြင့်ပေ ၂၃၀၊ အချင်း ၁၀ ပေထိ ကြီးထွားနိုင်သည်။ ၎င်းအပင်များသည် ပင်စည်မှထွက်လာသည့် ကြီးမားချွန်ထက်နေသောဆူးများကြောင့် လူသိများသည်။ ထိုဆူးများသည် အပင်ကို သားရဲကောင်များရန်မှလည်း ကာကွယ်ပေးသည်။ ၎င်းအပင်ကို "Silk Cotton Tree" ဟုလည်း ခေါ်ဝေါ်ကြသည်။ ထိုသို့ခေါ်ခြင်းမှာ ၎င်းမှရရှိသောလဲမှိုသည် ပိုးသားကဲ့သို့ နူးညံ့လှသည်။ သို့သော်လည်း ဝါကဲ့သို့ အထည်များရက်လုပ်ရန်အတွက် ချည်မျှင်ငင်၍မရပေ။ သို့သော် လဲမှိုသည် အလွန်ရှန်းကန်တတ်သောသတ္တိရှိခြင်း၊ ရေတွင်မမြုပ်နိုင်သောဖော့ကဲ့သို့ ဂုဏ်သတ္တိရှိခြင်းနှင့် ရေအလွယ်တကူမစိုစွတ်နိုင်ခြင်းတို့ကြောင့် အထည်များရက်လုပ်ရာတွင် အသုံးမပြုကြသော်လည်း မွေ့ရာ၊ ခေါင်းအုံးများချုပ်လုပ်ရာ၌လည်းကောင်း၊ သင်္ဘောများတွင်သုံးသည့် အသက်ကယ်ခါးပတ်၊ အသက်ကယ်အင်္ကျီများပြုလုပ်ရာ၌လည်းကောင်း အသုံးပြုနိုင်သည့်အပြင် အချို့သောလေသူရဲများ၏အင်္ကျီတွင် အအေးလုံစေရန် လဲမှိုကိုထည့်၍ အသုံးပြုကြသည်။

**နတ်သမီးဝက်သစ်ချပင်**



နတ်သမီးဝက်သစ်ချပင်များသည် တောင်ကယ်လီဖိုးနီးယားပြည်နယ် စိန့်ဂျွန်းကျွန်းတွင်တည်ရှိပြီး စိန့်ဂျွန်းကျွန်းသည် ပြည်နယ်၏အလည်အပတ်အများဆုံးနေရာများထဲမှ တစ်ခုဖြစ်သည်။ စိန့်ဂျွန်းကျွန်းတွင် နှစ်ပေါင်းများစွာကြာမြင့်နေပြီဖြစ်သော ဝက်သစ်ချပင်များ ပေါက်ရောက်လျက်ရှိပြီး အချို့အပင်များသည် နှစ်ပေါင်း ၅၀၀ ကျော် သက်တမ်းရှိသည်ကို တွေ့ရသည်။ ယခုပုံတွင်ဖော်ပြထားသော ဝက်သစ်ချပင်သည် သက်တမ်းအမြင့်ဆုံး ဝက်သစ်ချပင်များထဲမှတစ်ပင်ဖြစ်သည်။ အဆိုပါ ဝက်သစ်ချပင်သည် ပျမ်းမျှအမြင့် ၆၅ ပေကျော်ထိမြင့်ပြီး အပင်၏အရှည်ဆုံးအကိုင်းအခက်မှာ ၁၈၇ ပေထိရှိသည်။ အချို့အကိုင်းအခက်များသည် မြေပြင်သို့ပြန်ကျပြီးမှ အထက်သို့ ပြန်တက်လာသည်ကို တွေ့ရသည်။ အဆိုပါအပင်ကို "The Tree" ဟု ဒေသခံအများအပြားက ခေါ်ဆိုကြပြီး နိုင်ငံခြားသားဧည့်သည်များသည် ၎င်းအပင်ကို အံ့ဖွယ်အထူးအဆန်းအနေဖြင့် တကူးတက လာရောက်လည်ပတ်ကြည့်ရှုလေ့ရှိသည်ကို တွေ့ရသည်။

**ဆိုကိုထရာ နဂါးသွေးသစ်ပင်**



နဂါးသွေးသစ်ပင်ဟု လူသိများသော ဆိုကိုထရာနဂါးသွေးသစ်ပင်ကို ယီမင်နိုင်ငံ ဆိုကိုထရာကျွန်းတွင်သာ တွေ့ရှိနိုင်သည်။ ၎င်းကျွန်းပေါ်တွင်တွေ့ရှိရသော သစ်ပင်မျိုးစိတ်ပေါင်းသည် ၈၂၅ မျိုးရှိပြီး သစ်ပင်မျိုးစိတ်ပေါင်းအားလုံး၏ ၃၇ ရာခိုင်နှုန်းသည် ကျွန်း၏တစ်နေရာတည်းတွင် အစုလိုက်ပေါက်ရောက်နေကြသည်ကို တွေ့ရှိနိုင်သည်။ ၎င်းသစ်ပင်များသည် ထီးပုံသဏ္ဍာန်နှင့်ဆင်တူကာ အမြင့်တွင်ဖြာထွက်ပေါက်ရောက်နေသော အကိုင်းအခက်များသည် အလွန်ထူးခြားသည်။ ၎င်းအပင်သည် ကျွန်းပေါ်တွင်ရှိသော အမှုန်အမွှားများကို စုဆောင်းစုပ်ယူပေးနိုင်သည်။ သစ်ပင်၏ပိုမိုစိတ်ဝင်စားဖွယ်ရာအချက်မှာ ပင်စည်အတွင်းမှ အနီရောင်အစေးဖြစ်ပြီး ထိုအစေးကြောင့်လည်း ၎င်းကို နဂါးသွေးသစ်ပင်ဟု တင်စားခေါ်ဝေါ်ကြခြင်းဖြစ်သည်။ ထိုသစ်ပင်ကို ခုတ်လိုက်သောအခါတွင် ကြက်သွေးပုပ်ရောင်အစေးများ ထွက်လာသည်။ ၎င်းသစ်ပင်၏သစ်စေးကို ဆေး၊ အရောင်တင်သောအဆီနှင့် ဆိုးဆေးအတွက် အသုံးပြုလေ့ရှိသည်။ ခုတ်ထွင်ရာတွင် မှန်ကန်စွာ မလုပ်ဆောင်ပါက သစ်ပင်ကိုထိခိုက်သေကျေစေနိုင်သောကြောင့် အတွေ့အကြုံရှိသော သစ်ခုတ်သမားများကိုသာ သစ်စေးထုတ်ယူခွင့်ပြုထားသည်။

**သက်တံရောင်ယူကလစ်ပင်**



သက်တံရောင်ယူကလစ်ပင်တွင် အရောင်စုံသဘာဝအတိုင်း ခြယ်မှုန်းထားသည့်ပင်စည်ရှိသောကြောင့် ၎င်းကို သက်ရှိအနုပညာလက်ရာအဖြစ် မကြာခဏတင်စားရည်ညွှန်းလေ့ရှိသည်။ ယူကလစ်ပင်၏ပင်စည်တွင်ပါသည့် တောက်ပသောအစိမ်းရင့်ရောင်သည် ပေါ်လွင်နေသော ဒေါင်လိုက်အစင်းများအဖြစ်ပါရှိသည့်အပြင် အပြာရောင်၊ ခရမ်းရောင်၊ လိမ္မော်ရောင်၊ အညိုရောင်များကဲ့သို့ တောက်ပသောအရောင်များနှင့် ရောယှက်နေသည်ကို တွေ့ရသည်။ ထိုသို့အရောင်စုံပင်စည်တွင် ရောယှက်နေခြင်းသည် သစ်ပင်၏ပင်စည်ကို သက်တံကဲ့သို့ဖြစ်စေခြင်းဖြစ်သည်။ အဆိုပါ သက်တံရောင်ယူကလစ်ပင်သည် ကမ္ဘာပေါ်တွင် အရောင်အသွေး အကြွယ်ဝဆုံး သစ်ပင်များထဲမှတစ်ပင်ဖြစ်သည်။

**အက်စ်ပန်သစ်ပင်**



အက်စ်ပန်သစ်ပင်သည် တောမီးမပြန့်ပွားအောင် တားဆီးနိုင်စွမ်းရှိသည်။ တောမီးမပြန့်ပွားအောင်တားဆီးနိုင်စွမ်းရှိခြင်းမှာ ၎င်းသစ်ပင်တွင် ရေပါဝင်မှုမြင့်မားပြီး အရိပ်များစွာကို ပေးစွမ်းနိုင်စွမ်းရှိသောကြောင့် ပေါက်ရောက်ရာနေရာများတွင် ခြောက်သွေ့မနေဘဲ အေးမြနေသည်။ အက်စ်ပန်သစ်ပင်များသည် ထင်းရှူးပင်များနှင့်ပုံစံအရ ဆင်တူသော်လည်း ၎င်းတို့တွင် ထင်းရှူးကဲ့သို့ မီးလောင်လွယ်စေသည့်ဓာတုဒြပ်ပေါင်းများမရှိပါချေ။ ထို့ကြောင့် တောထဲတွင် ၎င်းသစ်ပင်များပေါက်ရောက်ခြင်းသည် တောမီးလောင်သည့်အခါ မပြန့်ပွားစေရန် အတားအဆီးများသဖွယ်ဖြစ်လာသည့်အပြင် မီးလောင်ကျွမ်းခြင်းခံရသည့်တိုင် မသေဘဲရှင်သန်နိုင်စွမ်းရှိသောအပင်မျိုးစိတ်တစ်ခု ဖြစ်သည်။ ထို့ကြောင့် အက်စ်ပန်သစ်ပင်သည် တောမီးပျံ့နှံ့မှုကို လျော့ပါးသက်သာစေရန်အတွက် စိုက်ပျိုးနေသော သစ်ပင်မျိုးစိတ်တစ်ခုပင်ဖြစ်သည်။

အထက်ဖော်ပြပါသစ်ပင်များသည် ကမ္ဘာတစ်ဝန်းရှိ အံ့ဖွယ်သစ်ပင်များမှ တချို့ဖြစ်သည်။ သစ်ပင်များ စိုက်ပျိုးခြင်းသည် ကျန်းမာသောဂေဟစနစ်ကို ပြန်လည်တည်ဆောက်ရာတွင် တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ဖြစ်စေပြီး အဖြစ်အများဆုံးသဘာဝဘေးများဖြစ်သည့် တောမီးလောင်ကျွမ်းခြင်း၊ မိုးခေါင်ခြင်းနှင့် ခြောက်သွေ့သော ရာသီဥတုများ မဖြစ်စေရေးအတွက် ကာကွယ်ပေးကြသည်။ ထို့ကြောင့် သစ်တောပြုန်းတီးမှုမရှိရန် လိုအပ်သဖြင့် သစ်ပင်စိုက်ခြင်းဖြင့် အရေးကြီးသောဂေဟစနစ်ကို ပြန်လည်ထူထောင်ရန်လိုကြောင်း ရေးသားအပ်ပါသည်။

**Amazing Trees to Remind You Why Nature is Awesome ကို ဘာသာပြန်ဆိုပါသည်။**

# ချစ်စရာ့အရွယ် စာဖတ်မယ်

ကလေး စာပေကဏ္ဍ

## ကြိုတင်ပြင်ဆင် အောင်ပွဲဝင်

မင်္ဂလာပါကလေးတို့ရေ. . . တစ်ခါတုန်းက ရွာတစ်ရွာမှာ မောင်ဘနဲ့ မောင်မြဆိုတဲ့ သူငယ်ချင်းနှစ်ယောက်ရှိသတဲ့။ သူတို့နှစ်ယောက်ဟာ ရွာမူလတန်းကျောင်းက ကျောင်းသားလေးတွေပေါ့ကွယ်။ စာမှာ ထူးချွန်ကြသလို အားကစားလဲ ထူးချွန်ကြသတဲ့။ ဒါပေမဲ့ မောင်ဘက မောင်မြလိုမဟုတ်ဘဲ အပျင်းတော့ ထူသတဲ့ကွယ်။ မောင်မြလေးကတော့ စာကိုလဲကြိုးစားသလို အားတဲ့အချိန် မိဘကိုလဲဝိုင်းကူသတဲ့။

ဒီလိုနဲ့ နှစ်သစ်ရောက်လာတော့ သူတို့ရွာကျောင်းလေးမှာ အားကစားပြိုင်ပွဲကျင်းပမဲ့အကြောင်း ဆရာကြီးက ပြောသတဲ့ကွယ်။ ကျောင်းသား၊ ကျောင်းသူအားလုံးပျော်ရွှင်နေကြတာပေါ့ကွယ်။ အဲဒီထဲမှာသူတို့ရွာကို တစ်ပတ်ပတ်ပြီးပြေးရမဲ့ အပြေးပြိုင်ပွဲလဲပါတာပေါ့။ ကျောင်းသားအများစုဟာ အပြေးပြိုင်ပွဲကြီးကို စိတ်ဝင်စားကြသတဲ့။ ရရှိမဲ့ ဆုဒိုင်းရယ်၊ စလွယ်ရယ်၊ ဆုကြေးရယ်က အများကြီးတဲ့ကွယ်။ စာရင်းပေးထားတဲ့ ကျောင်းသား၊ ကျောင်းသူတွေကို ဆရာကြီးက သတိပေးစကားပြောသတဲ့။ ဒီအပြေးပြိုင်ပွဲဟာ ရိုးရိုးပြိုင်ပွဲများလိုမဟုတ်ကြောင်း၊ ကျယ်ဝန်းသည့်ရွာကို တစ်ပတ်ပတ်ပြီးပြေးရမည်ဖြစ်၍ ဒီအတိုင်းပြိုင်ပွဲဝင်လျှင် မရနိုင်ကြောင်း၊ အမောမခံနိုင်ကြောင်း မကျင်းပခင်ရှေ့ရက်များတွင် ကြိုတင်ပြေးထားမှ သက်လုံကောင်းပြီးခံနိုင်ရည်ရှိမည်ဖြစ်ကြောင်း ပြောပြသတဲ့။ မောင်မြလေးက သေချာဂရုစိုက်နားထောင်တာပေါ့ကွယ်။ ကျောင်းသား၊ ကျောင်းသူအများစုကတော့ ဆရာကြီးပြောစကားကိုနားမထောင်ဘဲ စကားများနေကြသတဲ့။ မောင်မြက မောင်ဘကိုပြောပြတော့ မောင်ဘက လက်မခံဘဲအေးဆေးပြေးလို့ရတယ်လို့ ပြောသတဲ့ကွယ်။ ပြောလို့မရတော့ မောင်မြက လက်လျှော့လိုက်သတဲ့။ အဲဒီရက်ကစပြီး မောင်မြလေးဟာ မနက်ခင်းတစ်ကြိမ်၊ ညနေစောင်းတစ်ကြိမ် ပြိုင်ပွဲအတွက် ရွာကို




တစ်ပတ်ပတ်ပြီး အပြေးလေ့ကျင့်တော့တာပေါ့ကွယ်။ ကျန်တဲ့သူတွေက မောင်မြကို အပိုအလုပ်ဆိုပြီး ဝိုင်းဟားကြသတဲ့ကွယ်။ မောင်မြလေးကတော့ သူ့ရည်ရွယ်ချက်အတိုင်း နေ့တိုင်း အပြေးလေ့ကျင့်သတဲ့ကွယ်။ စပြေးခါစတုန်းက မောပန်းနေပေမဲ့ နေ့တိုင်းအပြေးလေ့ကျင့်တော့ အမောခံနိုင်ပြီး ပြေးရတာအဆင်ပြေလာတာပေါ့ကွယ်။ ဒီလိုနဲ့ ရွာကျောင်းအားကစားပြိုင်ပွဲကျင်းပမဲ့အချိန်ရောက်လာတာပေါ့။ အခြားအားကစားတွေကျင်းပပြီးတော့ နောက်ဆုံးမှာ ရွာတစ်ပတ်အပြေးပြိုင်ပွဲကြီးကျင်းပတော့တာပေါ့။ တစ်ရွာလုံးအားပေးကြတာပေါ့ကွယ်။ တာလွှတ်ချိန်ကစပြီး ပုံမှန်လေးပြေးလာတဲ့မောင်မြဟာ လေ့ကျင့်ထားတဲ့အတိုင်း အဆင်ပြေစွာပြိုင်ပွဲဝင်နိုင်တာပေါ့။ ခုချက်ချင်းစပြေးကြတဲ့ မောင်ဘနဲ့ အခြား ကျောင်းသား၊ ကျောင်းသူတွေဟာ လမ်းတစ်ဝက်မှာတင် မပြေးနိုင်ဘဲ လဲကျသူ၊ ကြွက်တက်သူနဲ့ အမောမခံနိုင်လို့ ပြိုင်ပွဲကနေထွက်သွားသူနဲ့ ရှိကြသတဲ့။ မောင်မြလေးတစ်ယောက်သာ ပုံမှန်အတိုင်း အချိန်ဆမှန်မှန်ပြေးနိုင်ခဲ့ပြီး ပထမဆုကြီးကို ဆွတ်ခူးနိုင်သတဲ့ကွယ်။ ကျန်တဲ့ ကျောင်းသား၊ ကျောင်းသူတွေကတော့ ရွာကိုတစ်ပတ်ပြည့်အောင် မပြေးနိုင်ကြဘူးတဲ့ကွယ်။ မောင်ဘကတော့ သူငယ်ချင်း မောင်မြကိုကြည့်ပြီး နောင်တရလို့မဆုံးဖြစ်နေတာပေါ့ကွယ်။ သူ့ရဲ့ပျင်းတဲ့စိတ်၊ ပေါ့ဆတဲ့စိတ်က ရှုံးနိမ့်မှုတွေရရှိကြောင်း သင်ခန်းစာကောင်းကောင်းရသွားသတဲ့ကွယ်။

ဒီပုံပြင်လေးကိုဖတ်ပြီး ကလေးတို့လဲ သင်ခန်းစာယူရမယ်နော်။ ဘာပဲလုပ်လုပ် ရည်မှန်းချက်ထားပြီဆိုရင် ကြိုတင်ပြင်ဆင်ရမယ်ကွဲ့။ စာမေးပွဲမှာအမှတ်ကောင်းချင်ရင် စာတွေကို မဖြေခင်ကြိုတင်ပြင်ဆင်ကျက်မှတ်ရမယ်။ အားကစားပြိုင်ပွဲတွေမှာထူးချွန်ချင်ရင် ကြိုတင်လေ့ကျင့်ထားရမယ်နော်။ ဘာမှပြင်ဆင်မှုမရှိဘဲ အောင်မြင်မှုကတော့ အလွယ်တကူမရနိုင်ကြောင်း သင်ခန်းစာယူရမယ်နော်။ မောင်မြလေးကတော့ ဆရာကြီးစကားနားထောင်ပြီး ကြိုတင်ပြင်ဆင်ခဲ့လို့ အောင်မြင်မှုအသီး၊ အပွင့်တွေရရှိခဲ့တာကို အတုယူရမယ်နော်။ သားသား၊ မီးမီးတို့အားလုံး ရည်မှန်းချက်ကိုယ်စီကို အကောင်အထည်ဖော်နိုင်ကြပြီး ထူးချွန်ထက်မြက်တဲ့ လူတော်၊ လူကောင်းတွေဖြစ်ကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ရပါတယ်ကွယ်။

**ဆောင်းမာန်ဝင့်အောင်(တောင်ကြီး)**

## နောက်ဖေးစိုက်ခင်းလေး




♦ အိမ်နောက်ဖေးက လစ်လပ်မြေ
သီးပင်စိုက်စို့လေ၊
ပေါင်ပြုပြင်စေ မြေတူးဆွ
စိုစွတ်မြေဆွေးချ။

♦ ကန့်စွန်းပဲစ ချဉ်ပေါင်ပင်
ပြောင်းဖရုံဘူးစင်၊
အစုံလင်ကွယ် ချက်ပြုတ်လွေး
အိမ်ဝင်ငွေလည်းပေး
နောက်ဖေးစိုက်ခင်းလေး။ ။

**ထက်အောင်လူ(နံ့သာမြေ)**

## ညီထွေးရဲ့ နာရီများ

♦ ငှက်ကလေးများ နိုးကြပြီ
အရုဏ်လင်းရောင်နီ၊
ကောင်းကင်ဆီသို့ ဝဲပျံတက်
တောင်ပံလေးတွေခတ်။

♦ ကြက်ဖတွန်လို့ အလင်းဖြာ
နံနက်ရောင်နီလာ၊
အိပ်ရာထချိန် မှတ်လို့ထား
ကျေးလက်နာရီများ။

**မောင်ကြည်လင်(ရွှေကြိုးကြာ)**



# အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေကြောင်းသင်္ဘောလိုင်း ၁၆ လိုင်းမှ ဇန်နဝါရီလတွင် ကုန်သေတ္တာတင်သင်္ဘောကြီး ၅၂ စီး ဝင်ရောက်ဆိုက်ကပ်ရန် လျာထားဆောင်ရွက်နေ



**ရန်ကုန် ဇန်နဝါရီ ၁၄**

အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေကြောင်းသင်္ဘောလိုင်း ၁၆ လိုင်းမှ ယခုနှစ် ဇန်နဝါရီလအတွင်း ကုန်သေတ္တာတင်သင်္ဘောကြီး ၅၂ စီး ဝင်ရောက်ဆိုက်ကပ်ရန် လျာထားဆောင်ရွက်နေကြောင်း မြန်မာ့ဆိပ်ကမ်း အာဏာပိုင်၏ သတင်းများအရ သိရသည်။

ယခုအခါ ပြည်ပဖောက်သည် ဈေးကွက်နိုင်ငံများနှင့်ကုန်သွယ်မှုလုပ်ငန်းများကို ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းက ၉၅ ရာခိုင်နှုန်းထိ ဆောင်ရွက်နေရသဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများသို့ နိုင်ငံတကာကုန်သေတ္တာတင် ကုန်သွယ်ရေကြောင်းသင်္ဘောကြီးများ လစဉ်ဝင်ရောက်ဆိုက်ကပ်နိုင်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်နှင့် ဌာနဆိုင်ရာများ၊ သက်ဆိုင်ရာ အသင်းအဖွဲ့များ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းပိုင်ရှင်များက ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

အဆိုပါ ဆောင်ရွက်ပေးနေမှုများအရ ယခုနှစ် ဇန်နဝါရီလတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများသို့ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေကြောင်းသင်္ဘောလိုင်း ၁၆ လိုင်းမှ ကုန်သေတ္တာတင်သင်္ဘောကြီး ၅၂ စီး ဝင်ရောက်ဆိုက်ကပ်ရန် လျာထားဆောင်ရွက်နေကြောင်း၊ ထို့ကြောင့် ယခုနှစ် ဇန်နဝါရီလအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများသို့ နိုင်ငံတကာကုန်သေတ္တာတင် ကုန်သွယ်ရေကြောင်းသင်္ဘောလိုင်းများဖြစ်သည့် SEA-LAND MAERSK ASIA သင်္ဘောလိုင်းမှ ကိုးစီး၊ NEWGOLDEN SEA(COSCO) သင်္ဘောလိုင်းမှ ရှစ်စီး၊ SAMUDERA SHIPPING LINE သင်္ဘောလိုင်းမှ ခြောက်စီး၊ SITCLINE သင်္ဘောလိုင်းမှလေးစီး၊ R.C.LLINE သင်္ဘောလိုင်းမှလေးစီး၊ MSC LINE သင်္ဘောလိုင်းမှလေးစီး၊ Ti2 CONTAINER LINE လိုင်းမှ သုံးစီး၊ P.I.L သင်္ဘောလိုင်းမှ သုံးစီး၊ CMA CGM LINE သင်္ဘောလိုင်းမှ နှစ်စီး၊ EVER GREEN သင်္ဘောလိုင်းမှ နှစ်စီး၊ X-PRESS FEEDER LINE သင်္ဘောလိုင်းမှ နှစ်စီး၊ BAYLINEသင်္ဘောလိုင်းမှတစ်စီး၊ IAL LINE သင်္ဘောလိုင်းမှတစ်စီး၊ BLPL SHIPPING သင်္ဘောလိုင်းမှ တစ်စီး၊ LAND AND SEA သင်္ဘောလိုင်းမှတစ်စီး၊ C.S.L LINE သင်္ဘောလိုင်းမှတစ်စီး စုစုပေါင်း ၅၂ စီး ဝင်ရောက်ဆိုက်ကပ်ရန် လျာထားဆောင်ရွက်နေကြောင်း သိရသည်။

(၃၃၆)

# ပေါင်မြို့နယ် ကျေးရွာနှစ်ရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**ပေါင် ဇန်နဝါရီ ၁၄**

မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ကျေးရွာနှစ်ရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။


ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာဝင်းစံ၊ ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်ဖူးပွင့်ခိုင်နှင့် အင်ဂျင်နီယာဝန်ထမ်းများက သက်ဆိုင်ရာ ကုန်ထုတ်လမ်း ဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ကမာဘီကျေးရွာနှင့် ကျုံဟော်ကျေးရွာတို့၌ ကုန်ထုတ်လမ်းဖောက်လုပ်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဒေါ်သီတာဝင်းစံက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းအတိုင်း အချိန်မီပြီးစီးရေး ဝိုင်းဝန်းဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ကမာဘီကျေးရွာ ကုန်ထုတ်လမ်းအရှည်ပေ ၅၀၀၀၊ အကျယ် ၁၂ ပေ၊ အမြင့်တစ်ပေရှိ ကျောက်ရောမြေနီခင်းခြင်းလုပ်ငန်းကို ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၄၅ ဒသမ ၅ သန်းဖြင့် ခြူးကမ္ဘာမန်ကုမ္ပဏီက တာဝန်ယူ၍လည်းကောင်း၊ ကျုံဟော်ကျေးရွာ ကုန်ထုတ်လမ်းအရှည်ပေ ၁၂၀၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေရှိ ကျောက်ရောမြေနီလမ်းခင်းခြင်း လုပ်ငန်းကို ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၁၁၆ ဒသမ ၈ သန်းဖြင့် လင်းနိုင်ကုမ္ပဏီက တာဝန်ယူ၍လည်းကောင်း စက်တင်ဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၆၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ကုန်ထုတ်လမ်း ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ လယ် ၄၃၃၂ ဧကမှ ထွက်ရှိလာသော ထုတ်ကုန်၊ ထွက်ကုန်များကို ကုန်ကျစရိတ်သက်သာစွာဖြင့် ဈေးကွက်သို့ အချိန်မီတင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်ဖူးပွင့်ခိုင်ထံမှ သိရသည်။

**သုတ**













## အများသိစေရန် ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ အောင်သာယာရပ်၊ ရွာထောင်ကွင်း၊ ကွင်းအမှတ်(၁၂)၊ ဦးပိုင်အမှတ်(၄၀)၊ မြေဧရိယာ (၀. ၂၂၀)ဧကအကျယ်အဝန်းရှိ ဦးတင်(ခ)ဦးဒင်(ကွယ်လွန်)+ဒေါ်တော်(ကွယ်လွန်)တို့ သားသမီး၊ မြေးမြစ်တစ်စုမှ အဆင့်ဆင့်ပိုင်ဆိုင်လာခဲ့သော ဘိုးဘွားပိုင်မြေကွက်နှင့်ပတ်သက်၍ သားသမီး၊ မြေးမြစ်များမဟုတ်ဘဲ၊ မသိရှိဘဲ ဂရံမြေလျှောက်သွားသော ဦးစိန်သောင်း(မီးရထား(ငြိမ်း)) ပါ(၇)ဦးမှ သတင်းစာပါသည့်နေ့မှ (၇)ရက်အတွင်း ဆက်သွယ်ဖြေရှင်းပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ ဆက်သွယ်ဖြေရှင်းပေးခြင်းမရှိပါက ဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးတင်(ခ)ဦးဒင်(ကွယ်လွန်)+ဒေါ်တော်(ကွယ်လွန်)**
**သားသမီး၊ ဒေါ်ငွေရ နှင့် မြေးမြစ်တစ်စု**
၀၉-၆၇၇၂၄၄၄၇၅
၀၉-၇၇၈၁၆၅၅၄၃

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၊ရန်ကင်းတောင်ကျေးရွာအုပ်စု၊ ပုဏ္ဏားကုန်းရွာနေ ဦးရန်ကင်း + ဒေါ်လှဝင်း တို့၏သမီးဖြစ်သူ **မရူရူအောင် (၉/ပသက(နိုင်)၁၁၄၉၄၈)** သည် မိဘ၏ဆိုဆုံးမမှုကို နားမထောင်ဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင်ငွေရင်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*
**ဦးရန်ကင်း+ဒေါ်လှဝင်း**

## တူမအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းတောင်ကျေးရွာအုပ်စု၊ ပုဏ္ဏားကုန်းရွာနေ ဒေါ်ညွန့်၊ ဒေါ်သန်းနွဲ့ တို့၏ တူမဖြစ်သူ **မရူရူအောင် (၉/ပသက(နိုင်)၁၁၄၉၄၈)** သည် အဒေါ်တို့၏ဆိုဆုံးမမှုကို နားမထောင်ဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် တူမအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်းနှင့် နောက်နောင်ငွေရင်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*
**ဒေါ်ညွန့်၊ဒေါ်သန်းနွဲ့**

## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ အ. ထ. က(၄)၊ G-10(B) မှ ကျောင်းဝင်အမှတ်(၈-၂၂၇၇) မောင်မင်းသူ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးအောင်ဆန်းဝင်း (၅/ကသန(နိုင်)၀၅၃၃၁၇) ဖြစ်ပါကြောင်း။ **ဦးအောင်ဆန်းဝင်း (၅/ကသန(နိုင်)၀၅၃၃၁၇)**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းတောင်အုပ်စု၊ ပုဏ္ဏားကုန်းရွာနေ ဦးကျော်မျိုးလွင် - ဒေါ်အေးကြိုင် တို့၏သမီးဖြစ်သူ **မရူရူအောင် (၉/ပသက(နိုင်)၁၇၃၅၉၄)** သည် မိဘ၏ဆိုဆုံးမမှုကို နားမထောင်ဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင်ငွေရင်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*
**ဦးကျော်မျိုးလွင်+ဒေါ်အေးကြိုင်**

## ကန့်ကွက်နိုင်ပါသည်

စဉ့်ကိုင်မြို့နယ်၊ ရွာဟောင်းကုန်းကျေးရွာအုပ်စု၊ ရွာဟောင်းကုန်းအရှေ့ရွာနေ (ဘ)ဦးသိန်း+(အမိ)ဒေါ်သန်းရင် တို့၏သားဖြစ်သူ ဦးဝင်းမြင့် SKG ၀၀၃၀၃၆ ကိုင်ဆောင်သူ ပိုင်ဆိုင်သော စဉ့်ကိုင်မြို့နယ်၊ ရွာဟောင်းကုန်းကျေးရွာအုပ်စုရှိ ကွင်းအမှတ်(၂၈-က)၊ ဦးပိုင်အမှတ်(၁၀၂/၄)၊ ဧရိယာ(၀. ၈၆)ဧကရှိ လယ်မြေ၏ မြေစာရင်းပုံစံ(၇)သည် အိမ်ပြောင်းရွှေ့ရာတွင် ပျောက်ဆုံးသွားပါသဖြင့် ပြန်လည်လျှောက်ထားခြင်းဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဦးဝင်းမြင့် SKG ၀၀၃၀၃၆**

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။
ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

ဥတုရာသီ တောကိုမှီ

သစ်ပင်ခိုက်မှ အရိပ်ရ၏
ရိပ်ခိုနားနေ အပန်းပြေ၏

ခြင်ဆေးခွေသုံးလျှင် သတိယှဉ်
အောက်တွင်ခံခွက် မမေ့နှင့်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့်အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

❖ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ ထိန်းသိမ်းဆောင်ရွက်နေခြင်းဖြစ် ...

❖ ဆူပူအကြမ်းဖက်မှုများကိုလည်း ဥပဒေနှင့်အညီသာ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ခဲ့ခြင်းဖြစ် ...

❖ ဖြစ်ပေါ်ခဲ့သည့် ရွေးကောက်ပွဲမသမာမှုများကို ဖြေရှင်းရန်အတွက် သက်ဆိုင်ရာအစိုးရတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိသည့်အပြင် လွှတ်တော်ခေါ်ယူ၍ နိုင်ငံတော်၏အာဏာကို အတင်းအဓမ္မရယူရန် ဆောင်ရွက်လာခဲ့သဖြင့် နိုင်ငံတော်တာဝန်ကို မလွှဲမရှောင်သာ ထမ်းဆောင်ခဲ့ရခြင်းဖြစ် ...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ကျင်းပပြုလုပ်သော ပြည်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များကိုတွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချီးမြှင့်သည့် ဘွဲ့တံဆိပ်များ ချီးမြှင့်ပေးအပ်



**ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေတို့က အလင်္ကာကျော်စွာဘွဲ့ရရှိသူ အနုပညာရှင် စည်သူဘိုကလေးတင့်အောင် (ကွယ်လွန်)ကိုယ်စား၊ သမီးဖြစ်သူ ဒေါ်စိုးစိုးတင့်အား ဂုဏ်ထူးဆောင်ဘွဲ့ လက်ရောက်ချီးမြှင့်အပ်နှင်းစဉ်။**



**ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက သီရိပျံချီဘွဲ့ရရှိသူ သခင်လွင် (ခေါ်) ဦးဖိုးသင် ကိုယ်စား မြေးဖြစ်သူ ဦးသိန်းဦးအား ဂုဏ်ထူးဆောင်ဘွဲ့ လက်ရောက်ချီးမြှင့်အပ်နှင်းစဉ်။**



**ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်းက သီရိပျံချီဘွဲ့ရရှိသူ ရခိုင်အမျိုးသားပါတီဗဟိုအလုပ်အမှုဆောင် ဦးစံကျော်လှအား ဂုဏ်ထူးဆောင်ဘွဲ့ လက်ရောက်ချီးမြှင့်အပ်နှင်းစဉ်။**

**နေပြည်တော် ဇန်နဝါရီ ၁၄**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားကို ဇန်နဝါရီ ၁ ရက်နှင့် ၂ ရက်တို့တွင်ကျင်းပခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဘွဲ့ခံပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များကို တစ်ဦးချင်းချီးမြှင့်အပ်နှင်းခဲ့သည်။

အဆိုပါဂုဏ်ထူးဆောင်ဘွဲ့များ အပ်နှင်းခြင်းအခမ်းအနားသို့ အကြောင်းအမျိုးမျိုးကြောင့် ကိုယ်တိုင်သော်လည်းကောင်း၊ကိုယ်စားသော်လည်းကောင်း တက်ရောက်ရယူနိုင်ခဲ့ခြင်းမရှိဘဲ အဝေးရောက်လက်ခံရယူနိုင်မည့် ဘွဲ့ခံပုဂ္ဂိုလ်များကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဂုဏ်ထူးဆောင်ဘွဲ့များ လက်ခံရယူမည့် ကာယကံရှင်မိသားစုဝင်များထံသို့ သွားရောက်ချီးမြှင့်အပ်နှင်းပေးလျက်ရှိသည်။

ထိုသို့ချီးမြှင့်အပ်နှင်းပေးလျက်ရှိရာတွင် ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများက ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ ဆောက်လုပ်ရေးဌာန ဒုတိယဝန်ကြီး ဦးကျင်လှိုင်(ကွယ်လွန်)ကိုယ်စား သားဖြစ်သူ ဦးမြင့်ဌေးကိုလည်းကောင်း၊ ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ အမှတ်(၂)စက်မှုဌာန ဒုတိယဝန်ကြီး ဦးကျော်ဇ(ကွယ်လွန်)ကိုယ်စား သားဖြစ်သူ ဦးရဲဝင့်ကျော်ကိုလည်းကောင်း၊ ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ

**စာမျက်နှာ ၁၆ ကော်လံ ၁ ☆**

**အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေကြောင်းသင်္ဘောလိုင်း ၁၆ လိုင်းမှ ဇန်နဝါရီလတွင် ကုန်သေတ္တာတင်သင်္ဘောကြီး ၅၂ စီး ဝင်ရောက်ဆိုက်ကပ်ရန် လျာထား ဆောင်ရွက်နေ**

စာမျက်နှာ - ၃၀



**ချစ်စရာ့ အရှယ် စာဖတ်မယ်**

စာမျက်နှာ - ၂၆

**ဇန်နဝါရီ ၁၄ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲ အတည်ပြုလူနာ မရှိ**

စာမျက်နှာ - ၂၁

